# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိပြုဖွယ် အမှုကိစ္စ**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရားဌ်တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိဋကဝ်(ဓမ္မပဒ-၂၁၇)


၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက် | ၂၀၂၁ ခုနှစ်၊ ဇွန် ၂၇ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၀)၊ အမှတ် (၂၆၇)


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Republic of the Tatarstan သမ္မတ Mr. Rustam Nurgaliyevich Minnikhanov နှင့် တွေ့ဆုံဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Republic of the Tatarstan သမ္မတ Mr. Rustam Nurgaliyevich Minnikhanov နှင့် တွေ့ဆုံဆွေးနွေးစဉ်။

နေပြည်တော် ဇွန် ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စစ်သံမှူး ဗိုလ်မှူးချုပ် ကျော်စိုးမိုးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များလိုက်ပါ၍ ဇွန် ၂၅ ရက် ညနေပိုင်းတွင် Republic of the Tatarstan သမ္မတ Mr. Rustam Nurgaliyevich Minnikhanov နှင့် တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များကို Republic of the Tatarstan သမ္မတ Mr. Rustam Nurgaliyevich Minnikhanov က

*စာမျက်နှာ ၃ ကော်လံ ၁* ◆

**နှစ်ဦးနှစ်ဖက် ဆက်ဆံမှုတိုးမြှင့်ရေးအတွက် ကူးသန်းရောင်းဝယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာတို့တွင် မြှင့်တင်ဆောင်ရွက်သွားနိုင်မည့်ကိစ္စရပ်များ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေး၊ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ စီးပွားရေး စသည်ဖြင့် ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေး**

## ယနေ့ သတင်းအညွှန်း

**အီရန်နိုင်ငံ၏ အရေးပါဆုံး ခေါင်းဆောင် ခါမေနီကို ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးပေး**

နိုင်ငံတကာသတင်း စာ - ၁၃



**ကိုဗစ် -၁၉ကို အကောင်းဆုံး ထိန်းချုပ်နိုင်ခဲ့သည့် ဩစတြေးလျနှင့် အစ္စရေးနိုင်ငံတို့တွင် ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်မှုအန္တရာယ်ကြောင့် ကန့်သတ်မှုများ ပြန်လည်ပြုလုပ်**

နိုင်ငံတကာရေးရာ စာ - ၁၄



မြန်မာ့အလင်း

# ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး သတိလည်းပေး၊ အသိလည်းပေး

ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ တွေ့ရှိမှု ရာခိုင်နှုန်း သိသိသာသာ မြင့်တက်လာနေပြီဖြစ်ရာ ကမ္ဘာ့ကပ်ရောဂါ မိမိတို့ထံ ကူးစက်မလာစေရေးအတွက် ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရေး အထူးဂရုပြုကြရန် တိုက်တွန်းနှိုးဆော်လိုသည်။ ဓာတ်ခွဲအတည်ပြုလူနာများအတွင်း မျိုးရိုးဗီဇကွဲ ကိုဗစ်–၁၉ ရောဂါပိုးများ ကူးစက်ခံထားရမှုများကိုပါ တွေ့ရှိခဲ့ရာ ယင်းတို့၏ ရောဂါပိုးကူးစက်နိုင်မှုနှင့် ထပ်မံကူးစက်ပျံ့နှံ့နိုင်မှု၊ ဆေးရုံတက်ရောက်နိုင်ခြေနှင့် သေဆုံးနိုင်ခြေတို့မှာ ပိုမို၍ မြင့်မားပြင်းထန်ခြင်းကြောင့် ကြိုတင်ကာကွယ်မှုက ပို၍ အရေးပါလျက်ရှိသည်။

မြန်မာနိုင်ငံတွင် တွေ့ရှိနေရပြီဖြစ်သည့် မျိုးရိုးဗီဇကွဲ ကိုဗစ်– ၁၉ ရောဂါပိုးများအနက် အယ်လ်ဖာပိုးသည် မူလကိုဗစ်–၁၉ ထက် ၃၀ မှ ၅၀ ရာခိုင်နှုန်းအထိ ပိုမိုမြန်ဆန်စွာ ကူးစက်နိုင်ပြီး ဒယ်လ်တာပိုးကမူ အယ်လ်ဖာပိုးထက် နှစ်ဆပို၍ မြန်ဆန်သည်ဟုဆိုရာ ကြောက်မက်စရာ အကောင်းဆုံး မျိုးရိုးဗီဇကွဲ ကိုဗစ်–၁၉ ပိုးပင်ဖြစ်သည်။ သို့ရာတွင် မျိုးရိုးဗီဇကွဲ ကိုဗစ်–၁၉ ရောဂါပိုးတို့သည်လည်း ရောဂါကာကွယ်ရေး မူလနည်းလမ်းများအတိုင်း ဆက်လက်ကျင့်သုံးနေထိုင်ခြင်းအားဖြင့် ကူးစက်မခံရနိုင်ဟု ဆိုသည့်အတွက် မပျက်မကွက် ကျင့်သုံးကြဖို့လိုသည်။ အယ်လ်ဖာ၊ ဒယ်လ်တာ စသည့် မျိုးရိုးဗီဇကွဲပိုးတို့သည်လည်း အလွှာသုံးလွှာပါသည့် ပါးစပ်နှာခေါင်းစည်း (Mask) ကို ထိုးဖောက်ဝင်ရောက်နိုင်ခြင်း မရှိသည်ကို တွေ့ရှိထားရာ ပါးစပ်နှာခေါင်းစည်းကို စနစ်တကျ လုံခြုံစွာတပ်ဆင်ခြင်း၊ စနစ်တကျစွန့်ပစ်ခြင်း နည်းလမ်းများအတိုင်း ဆက်လက်ကျင့်သုံးကြရန်၊ မျိုးရိုးဗီဇကွဲပိုးများသည်လည်း ဆပ်ပြာတွင် ပြိုကွဲသွားသည့်အတွက် ဆပ်ပြာဖြင့် စက္ကန့် ၂၀ ကြာ လက်ကို စနစ်တကျ ဆေးကြောမှု မကြာခဏပြုလုပ်ရန် ကျန်းမာရေးသုတေသီတို့က အကြံပြုထားသည်။ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာတွင် ခပ်ခွာခွာ နေထိုင်ဆက်ဆံခြင်း၊ လူစုလူဝေးကို ရှောင်ရှားခြင်းဖြင့်လည်း လေထုမှ ရောဂါကူးစက်မှု အခွင့်အလမ်းနည်းပါးစေသည့်အတွက် ဆက်လက်ကျင့်သုံးကြရန် နှိုးဆော်လျက်ရှိသည်။ သို့ဖြစ်သည့်အတွက် မျိုးရိုးဗီဇကွဲ ကိုဗစ်–၁၉ ပိုးသစ်တို့ကို နည်းလမ်းဟောင်းများဖြင့်ပင် ကာကွယ်နိုင်ကြောင်း သိနားလည်ကြပြီး မိမိနှင့် မိမိတို့၏ မိသားစုတို့ကို ကာကွယ်နိုင်ကြရန် လိုသည်။

လက်ရှိကာလတွင် မြန်မာနိုင်ငံအတွင်း လူဦးရေ ၁ ဒသမ ၈ သန်းခန့်ကို အိန္ဒိယနိုင်ငံမှ ထုတ်လုပ်သည့် ကိုဗစ်–၁၉ ကာကွယ်ဆေး Covishield ဆေးထိုးနှံထားပြီးဖြစ်ပြီး ဆက်လက်၍ ထိုးနှံပေးသွားရန်ရှိသော်လည်း အိန္ဒိယနိုင်ငံတွင် ရောဂါကူးစက်မှု လွန်စွာမြင့်မားလာသည့်အတွက် ကာကွယ်ဆေးများ ပြည်ပသို့ တင်ပို့မှုကို ဆိုင်းငံ့ထားခြင်းနှင့် ကြုံတွေ့နေရသည်။ အိန္ဒိယနိုင်ငံထုတ် Covi-shield ကာကွယ်ဆေးသည် မျိုးရိုးဗီဇကွဲ ကိုဗစ်–၁၉ ပိုးများဖြစ်သည့် ဒယ်လ်တာပိုးကို ၆၀ ရာခိုင်နှုန်းအထက်၊ အယ်လ်ဖာပိုးကို ၇၀ ရာခိုင်နှုန်းခန့် ထိရောက်စွာ ကာကွယ်နိုင်သည်ဟု သိရသည်။ မည်သို့ပင်ဖြစ်စေကာမူ ကာကွယ်ဆေးထိုးပြီးသူများသည်လည်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ထိန်းချုပ်ရေးနည်းလမ်းများကို ကျင့်သုံးကြရန် နှိုးဆော်ထားသည်ကို သတိပြုကြရန်လိုသည်။

မူလ ကိုဗစ်–၁၉ ကူးစက်ရောဂါသည်ပင် ရောဂါဝေဒနာပြင်းထန်စွာ ခံစားရသူများတွင် ကြောက်စရာကောင်းအောင် ခံစားကြရသည်။ ပိုမိုပြင်းထန်သည့် မျိုးရိုးဗီဇကွဲပိုးများကိုမူ ကာကွယ်ခြင်းကိုသာ အလေးအနက်ထား ဆောင်ရွက်ကြရန်၊ လုပ်ငန်းခွင်များအတွင်းနှင့် မိသားစုများအတွင်း၌လည်း ရောဂါကာကွယ်ရေးနည်းလမ်းများ သတိပေး၊ အသိပေးကျင့်သုံးခြင်းကို နိုးကြားတက်ကြွစွာ ဆောင်ရွက်နိုင်ကြရန် အကျိုးမျှော်၍ နှိုးဆော်အပ်ပါကြောင်း။ ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။
၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID–19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။
၃။ COVID–19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ဌာနများကြည့်ရှု



နေပြည်တော် ဇွန် ၂၆

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ဇွန် ၂၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ရှိ မြို့ပတ်ဒီဇယ် စက်ခေါင်းစက်ရုံ(အင်းစိန်) လေကြောင်းပညာသိပ္ပံနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တို့ကို ကြည့်ရှုစစ်ဆေးသည်။

**ခေါက်ရေတိုးပြေးဆွဲနိုင်ရေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြို့ပတ်ဒီဇယ် စက်ခေါင်းစက်ရုံ (အင်းစိန်) သို့ရောက်ရှိပြီး စက်ရုံမှအရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြို့ပတ်ရထားများ ပြေးဆွဲပေးခြင်းဖြင့် ရန်ကုန်မြို့နေ ပြည်သူများ သက်သောင့်သက်သာ အဆင်ပြေစွာ သွားလာနိုင်မည်ဖြစ်၍ ရထားများ ပုံမှန်ပြေးဆွဲနိုင်ရေးနှင့် ခေါက်ရေတိုးတက်ပြေးဆွဲနိုင်ရေး ဆောင်ရွက်ရန်၊ ယခင်က မြို့ပတ်ရထားပြေးဆွဲမှု ရပ်တန့်ခဲ့သော်လည်း ယခုအချိန်တွင် လက်ဝဲရစ်၊ လက်ယာရစ် လမ်းကြောင်းနှစ်ခုကို ပြန်လည်ပြေးဆွဲပေးနိုင်ပြီ ဖြစ်ကြောင်း၊ ဌာနအကြီးအကဲများ အနေဖြင့် မြို့ပတ်ရထားများ နေ့စဉ်ပုံမှန်ပြေးဆွဲပေးနိုင်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားကာ စက်ရုံမှ အရာထမ်း၊ အမှုထမ်းများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စက်ရုံဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြို့ပတ်ဒီဇယ် စက်ခေါင်းစက်ရုံ တိုးချဲ့တည်ဆောက်ရေးစီမံကိန်း တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မြို့ပတ်ရထားလမ်းတွင် အသစ်ပြေးဆွဲမည့် DEMU ရထားတွဲဆိုင်းအသစ်နှင့် လက်ရှိ ပြေးဆွဲနေသည့် RBE ရထားတွဲဆိုင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လေကြောင်းပညာသိပ္ပံသို့ ရောက်ရှိရာ ဧည့်ခန်းမ၌ ကျောင်းအုပ်ကြီးက လေကြောင်းပညာသိပ္ပံ၏ သမိုင်းကြောင်း၊ ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံ၊ ဖွင့်လှစ်ခဲ့သော သင်တန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် အနာဂတ်ကာလ ဆောင်ရွက်မည့် အစီအမံများကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

**စနစ်တကျ သင်ကြားပေးရန်**

ထို့နောက် ခန်းမဆောင်တွင် သင်ကြားရေးနှင့် နည်းပညာအကူပေးရေးဌာနများမှ ဌာနမှူးများ၊ ကထိကများ၊ နည်းပြများ၊ အုပ်ချုပ်စီမံဌာနမှ အရာထမ်း၊ အမှုထမ်းများဖြင့် တွေ့ဆုံသည်။ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက လေ့ကျင့်သင်ကြားပေးမှု ကောင်းမွန်မှသာ လက်တွေ့နယ်ပယ်တွင် လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်၍ စနစ်တကျ လေ့ကျင့်သင်ကြားပေးရန်၊ သင်ရိုးဇယားများ ခေတ်နှင့်လျော်ညီစွာ ရေးဆွဲသင်ကြားပေးရန်နှင့် သင်ကြားရေး အထောက်အကူ ပစ္စည်းများ ကောင်းမွန်ပြည့်စုံမှုရှိရန်၊ ဘာသာရပ်မျိုးစုံ သင်ကြားပေးရသည်ဖြစ်၍ နည်းပြများပြည့်စုံစွာဖြင့် လေ့ကျင့် သင်ကြားပေးနိုင်ရေး ဆောင်ရွက်ရန်၊ ဌာနအကြီးအကဲများအနေဖြင့် မိမိလက်အောက် ဝန်ထမ်းများကို လက်ရှိနိုင်ငံတော်တွင် ဖြစ်ပေါ်နေသော အခြေအနေများကို နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားရန်၊ ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေး ကင်းရှင်းစွာဖြင့် မိမိတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သွားကြရန် မှာကြားပြီး နည်းပြ၊ အရာထမ်း၊ အမှုထမ်းများကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စာသင်ခန်းများတွင် သင်ကြားမှုနှင့် သင်ထောက်ကူပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်း တင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိပြီး လေဆိပ်အဆင့်မြှင့်တင်ရေးစီမံကိန်း၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသည့် လုပ်ငန်းများနှင့် ပတ်သက်၍ တာဝန်ရှိသူက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ ဆောလျင်စွာပြီးစီးရေး ဆောင်ရွက်နိုင်သည့်လုပ်ငန်းများ ဦးစားပေးဆောင်ရွက်ရန် မှာကြားသည်။

**လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများ**

ထို့နောက် လေဆိပ်ဝန်ဆောင်မှုများ ဗဟိုထိန်းချုပ်ရေးခန်းမ Airport Operation Control Centre (AOCC)၌ တာဝန်ရှိသူက လေဆိပ်ဝန်ဆောင်မှု လုပ်ငန်းများ ထိန်းချုပ်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် အသစ်ဆောက်လုပ်ပြီးစီး၍ အသုံးပြုနေသော ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ် Terminal(1) နေရာရှိ Check In, Check Out နေရာများ၊ ခရီးဆောင်အိတ်များ ရွေးယူသည့်နေရာများ၊ ခရီးသည်နားနေခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


◆ *ရှေ့ဖုံးမှ*

ကရင်မလင်ရှိ သမ္မတရုံးတွင် ကြိုဆိုနှုတ်ဆက်၍ သမ္မတရုံးခန်းသို့ သီးသန့်တွေ့ဆုံဆွေးနွေးပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန် ပေးအပ်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

**တွေ့ဆုံဆွေးနွေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် Republic of the Tatarstan သမ္မတတို့သည် သမ္မတရုံးရှိ ဧည့်ခန်းမဆောင်သို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အပြန်အလှန် မိတ်ဆက်ပေးပြီး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အတူ တွေ့ဆုံဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီး များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာမောင်မောင်နိုင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် Republic of the Tatarstan သမ္မတ Mr. Rustam Nurgaliyevich Minnikhanov တို့ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Kazan မြို့တော်ရှိ Blagoveshenskiy ခရစ်ယာန်ဘုရားရှိခိုးကျောင်းအား လေ့လာကြည့်ရှုစဉ်။

ဝန်ကြီး ဦးသန်းအောင်ကျော်၊ ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဗိုလ်မှူးချုပ် အောင်သော် (အငြိမ်းစား)နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး Republic of the Tatarstan သမ္မတနှင့်အတူ ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးရာတွင် ရုရှား-မြန်မာ သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ရေးဆိုင်ရာများ၊ Republic of the Tatarstan သမ္မတအနေဖြင့် မြန်မာနိုင်ငံသို့ ၂၀၁၃ ခုနှစ်တွင် ရောက်ရှိလေ့လာခဲ့ပြီး စီးပွားရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများနှင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်အေးချမ်းသာယာရေး တရားဥပဒေစိုးမိုးရေး၊ ပြည်သူလူထု မထိခိုက်စေရေးအတွက် ဆူပူအကြမ်းဖက်မှုများကို နိုင်ငံတကာဥပဒေ၊ ပြည်တွင်းရှိ တည်ဆဲဥပဒေများနှင့်အညီ ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်ဦးနှစ်ဖက် ဆက်ဆံမှု တိုးမြှင့်ရေး အတွက် ကူးသန်းရောင်းဝယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာတို့တွင် မြှင့်တင်ဆောင်ရွက်သွားနိုင်မည့် ကိစ္စရပ်များ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေး၊ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ စီးပွားရေး စသည်ဖြင့်ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**တည်ခင်းဧည့်ခံ**

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များကို Republic of the Tatarstan သမ္မတက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ဦးစွာ Republic of the Tatarstan သမ္မတနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် နှုတ်ခွန်းဆက်စကားများ အသီးသီးပြောကြားကြပြီး အဖွဲ့ဝင်များနှင့်အတူ ညစာကို အတူတကွ သုံးဆောင်ခဲ့ကြသည်။

ညစာသုံးဆောင်နေစဉ်အတွင်း Republic of the Tatarstan မှ ရိုးရာတေးဂီတအဖွဲ့က ရိုးရာတေးသီချင်းများ၊ ယဉ်ကျေးမှု အကအလှများဖြင့် တီးမှုတ်ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ချီးမြှင့်ပြီး ညစာသုံးဆောင်အပြီးတွင် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကူးကြသည်။

**ပြန်လည်မေးမြန်းဆွေးနွေး**

ညနေပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် Republic of the Tatarstan၊ Kazan မြို့တော်ရှိ ကရင်မလင်သို့ သွားရောက်၍ Blagoveshenskiy ခရစ်ယာန် ဘုရားရှိခိုးကျောင်းနှင့် Kul Sharif အစ္စလာမ်ဘုရားရှိခိုးကျောင်းတို့သို့ သွားရောက်လေ့လာကြည့်ရှုကြရာ ဘုန်းတော်ကြီးများနှင့် တာဝန်ရှိသူများက အသီးသီး လိုက်လံရှင်းလင်းပြသခဲ့ကြောင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Kazan မြို့တော်ရှိ Kul Sharif အစ္စလာမ်ဘုရားရှိခိုးကျောင်းအား လေ့လာကြည့်ရှုစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Republic of Tatarstan ၏ ရိုးရာနွေရာသီပွဲတော် (Sabantuy) အခမ်းအနားသို့ အထူးဧည့်သည်တော်အဖြစ် တက်ရောက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Republic of Tatarstan ၏ ရိုးရာနွေရာသီပွဲတော် (Sabantuy) အခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဇွန် ၂၆

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် Republic of Tatarstan သမ္မတ Mr.Rustam Nurgaliyevich Minnikhanov ၏ ဖိတ်ကြားချက်အရ Republic of Tatarstan ၏ ရိုးရာနွေရာသီပွဲတော် (Sabantuy)အခမ်းအနားသို့ အထူးဧည့်သည်တော်အဖြစ် တက်ရောက်သည်။**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြပြီး Republic of Tatarstan မှ သမ္မတအပါအဝင် ဒုတိယဝန်ကြီးချုပ် Mr. Nigmatullin Rustan Kamilievich ၊ Kazan မြို့တော်ဝန်နှင့် တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပမှ ခရီးသွားပြည်သူများ၊ ဒေသခံများ တက်ရောက်ကြသည်။

### လှည့်လည်ကြည့်ရှုလေ့လာ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရိုးရာနွေရာသီပွဲတော် ပြုလုပ်မည့် အခမ်းအနား ပြုလုပ်မည့် Kazan မြို့တော်၊ Maidan ရင်ပြင်သို့ ရောက်ရှိကြရာ Republic of the Tatarstan ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း ဥက္ကဋ္ဌနှင့် မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌတို့က ရိုးရာထုံးတမ်းဓလေ့နှင့်အညီ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ရိုးရာနွေရာသီပွဲတော်တွင် ရိုးရာဒေသအလိုက် ဒေသထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှု၊ ရိုးရာအားကစားပြိုင်ပွဲများ ပြုလုပ်နေမှု၊ ရိုးရာဈေးရောင်းပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲများ ဆင်နွှဲနေမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများနှင့် ဒေသခံများက ရိုးရာအကအလှတီးမှုတ်မှုများဖြင့် ဝမ်းပန်းတသာ ကြိုဆိုနှုတ်ဆက်၍ ၎င်းတို့၏ ဓလေ့ထုံးတမ်းများကို ရှင်းလင်းပြသကြသည်။ ရှင်းလင်းမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းလေ့လာခဲ့သည်။

ထို့နောက် ရိုးရာနွေရာသီပွဲတော်ကို Maidan ရင်ပြင်၌ ကျင်းပပြုလုပ်ရာ Republic of Tatarstan သမ္မတက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် ရိုးရာနွေရာသီပွဲတော် စတင်သည့် အထိမ်းအမှတ်အဖြစ် ယဉ်ကျေးမှု အကအလှများ၊ တေးသီချင်းများ၊ ရိုးရာဓလေ့များကို သရုပ်ဖော်သည့် အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ တက်ရောက်လာကြသူများက အားပေးခဲ့ကြပြီး ပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရိုးရာနွေရာသီပွဲတော်တွင် ရိုးရာဒေသအလိုက် ဒေသထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုလေ့လာစဉ်။

### ချစ်ကြည်ရင်းနှီးမှုပိုမိုရရှိစေ

အဆိုပါ ရိုးရာနွေရာသီပွဲတော် (Sabantuy) သည် Tatarstan ရှိ တောင်သူလယ်သမားများ မျိုးစေ့ကြဲ အောင်မြင်ခြင်းနှင့် မရိတ်သိမ်းမီကာလအတွင်း အပင်များ ရှင်သန်ကြီးထွားနေချိန်တွင် လယ်သမားများ အားလပ်ချိန်၌ ခေတ်အဆက်ဆက် ကျင်းပပြုလုပ်သည့် ပွဲတော်တစ်ခုဖြစ်ပြီး ဇွန်လ ပထမအပတ်တွင် ကျေးလက်ဒေသများ၌ လည်းကောင်း ဒုတိယအပတ်တွင် မြို့ငယ်များ၌ လည်းကောင်း၊ တတိယအပတ်တွင် မြို့ကြီးများ၌ လည်းကောင်း၊ စတုတ္ထအပတ်တွင် မြို့တော် Kazan ၌ လည်းကောင်း ကျင်းပပြုလုပ်လေ့ရှိကြောင်း၊ အဆိုပါ ပွဲတော်တွင် မျိုးနွယ်စုအားလုံး ပါဝင်သော ပျော်ပွဲရွှင်ပွဲ၊ အားကစားပွဲ၊ ဈေးရောင်းပွဲတော်နှင့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ပါဝင်ပြသကြသည့် ပွဲတော်တစ်ခုဖြစ်ပြီး မျိုးနွယ်စုအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပိုမို ရရှိစေကြောင်း၊ မိမိတို့ဒေသအတွင်းရှိ ထွက်ကုန်များ၊ ယဉ်ကျေးမှု ရိုးရာပစ္စည်းများ၊ စားသောက်ကုန်များနှင့် ရိုးရာအကအလှများကို အဝန်းအဝိုင်းတစ်ခု သတ်မှတ်၍ စုပေါင်းကျင်းပသည့် ချစ်စရာပွဲတော်ဖြစ်ပြီး ၎င်းတို့ထဲမှ စီစဉ်တင်ဆက်မှု အကောင်းဆုံးအဖွဲ့ကိုလည်း ထိုက်တန်စွာ ဆုချီးမြှင့်ကြကြောင်း၊ အဓိကအားဖြင့် Tatarstan ရိုးရာနပန်းပွဲကို ကျင်းပပေးပြီး ပထမဆုရရှိသူကို မော်တော်ကားဆုဖြင့် ထိုက်တန်စွာ ချီးမြှင့်ပေးလေ့ရှိကြောင်းနှင့် မြို့တစ်မြို့တွင် တစ်ရက်တည်းသာ ကျင်းပပြုလုပ်သည့် ပွဲတော်တစ်ခုဖြစ်သဖြင့် မျိုးနွယ်စုမျိုးစုံနှင့် ဒေသခံများ၊ ပြည်တွင်းပြည်ပမှ ခရီးသွား ဧည့်သည်များဖြင့် စည်ကားစွာ လာရောက်ကြသည့် ပွဲတော်တစ်ခုဖြစ်ကြောင်း သိရှိရသည်။

### ဂုဏ်ပြုနေ့လယ်စာ တည်ခင်းဧည့်ခံ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား Republic of Tatarstan သမ္မတက ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပြီး ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က Republic of Tatarstan ၏ ရိုးရာနွေရာသီပွဲတော်သို့ အထူးဧည့်သည်တော်အဖြစ် တက်ရောက်ရန် ဖိတ်ကြားပြီး Tatarstan ၏ ချစ်စရာရိုးရာဓလေ့ထုံးတမ်းများကို လေ့လာခွင့်ရသည့်အတွက် ကျေးဇူးတင်စကားနှင့် Republic of Tatarstan ရှိ မျိုးနွယ်စုအားလုံး ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာစကားပြောကြားသည်။ ယင်းနောက် ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

## Republic of the Tatarstan ၊ Kazan မြို့တော်ရှိ PJSC "Kazan Helicopters"ထုတ်လုပ်ရေးအလုပ်ရုံသို့ သွားရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် ဇွန် ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် စစ်သံမှူး ဗိုလ်မှူးချုပ် ကျော်စိုးမိုးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ဇွန် ၂၅ ရက် ညနေပိုင်းတွင် Republic of the Tatarstan ၊ Kazan မြို့တော်ရှိ PJSC "Kazan Helicopters" ထုတ်လုပ်ရေးအလုပ်ရုံသို့ သွားရောက်ကြည့်ရှုလေ့လာသည်။

**ကိုယ်တိုင်စမ်းသပ်မောင်းနှင်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် PJSC "Kazan Helicopters"ထုတ်လုပ်ရေးအလုပ်ရုံသို့ ရောက်ရှိကြရာ လက်ထောက်အလုပ်အမှုဆောင်ဒါရိုက်တာ Mr.Kiyamov Marat Rinatovich နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ရဟတ်ယာဉ်ထုတ်လုပ်မှုအဆင့်ဆင့်အား လိုက်လံရှင်းလင်းပြသရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် Simulator ဖြင့် ရဟတ်ယာဉ်စမ်းသပ်မောင်းနှင်ခန်းသို့ ရောက်ရှိလေ့လာပြီး ကိုယ်တိုင်စမ်းသပ်မောင်းနှင်ခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် လက်ထောက် အလုပ်အမှုဆောင်ဒါရိုက်တာတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Kazan မြို့တော်ရှိ PJSC "Kazan Helicopters" ထုတ်လုပ်ရေးအလုပ်ရုံ၌ ကြည့်ရှုလေ့လာစဉ်။

အဆိုပါ PJSC "Kazan Helicopters" ထုတ်လုပ်ရေးအလုပ်ရုံသည် ၁၉၄၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး Rostec Cooperation မှ ပိုင်ဆိုင်သည့် Russian Helicopters ကုမ္ပဏီ၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊ ယနေ့အချိန်ကာလအထိ Mi-4၊ Mi-8၊ Mi-14၊ Mi-17 နှင့် Ansat အမျိုးအစား ရဟတ်ယာဉ်ပေါင်း ၁၂၀၀၀ ကျော် ထုတ်လုပ်ခဲ့ပြီး နိုင်ငံပေါင်း ၁၀၀ သို့ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ Kazan ရဟတ်ယာဉ်ထုတ်လုပ်ရေး အလုပ်ရုံသည် ၂၀၀၇ ခုနှစ်တွင် အဓိကရှယ်ယာရှင်ဖြစ်လာမည့် Russian Helicopters ဖက်စပ်ကုမ္ပဏီသို့ ဝင်ရောက်ခဲ့ပြီး Mi-38 အလတ်စား ဘက်စုံသုံး ရဟတ်ယာဉ်အတွက် ရှေ့ပြေးတည်ဆောက်ခြင်းနှင့် အများအပြားထုတ်လုပ်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်းနှင့် ၁၉၄၅ ခုနှစ်မှ စတင်ကာ ၂၀၂၀ ပြည့်နှစ်အထိ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုတံဆိပ်ပေါင်း ၂၇ ခုကျော် ရရှိထားပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

## Republic of the Tatarstan ၊ Kazan မြို့တော်ရှိ Kazan Higher Tank Red Banner Command School သို့ သွားရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် ဇွန် ၂၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် စစ်သံမှူး ဗိုလ်မှူးချုပ် ကျော်စိုးမိုးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် Republic of the Tatarstan၊ Kazan မြို့တော်ရှိ Kazan Higher Tank Red Banner Command School သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား Kazan Higher Tank Red Banner Command School မှ ခေတ္တကျောင်းအုပ်ကြီး Colonel Alexander Urin နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Kazan မြို့တော်ရှိ Kazan Higher Tank Red Banner Command School ၌ ကြည့်ရှုလေ့လာစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား ခေတ္တကျောင်းအုပ်ကြီးက သင်တန်းကျောင်းဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းချုပ်ကို ရှင်းလင်းပြောကြားကာ ပြည်ပမှ သင်တန်းသားများ လာရောက်ပညာသင်ကြားပါက နေထိုင်နိုင်ရေးတည်ဆောက်ထားရှိသည့် အခြေအနေများ၊ သင်တန်းသားများအား တင့်ကားအစစ်ဖြင့် လေ့ကျင့်ပါက လေ့ကျင့်မှု ကုန်ကျစရိတ်နှင့် တင့်ကား၏ စွမ်းဆောင်ရည်ပိုင်းကိုလည်း ထိခိုက်စေနိုင်သည့်အတွက် အမျိုးမျိုးသော Tank simulator များဖြင့် စနစ်တကျ သင်ကြားလေ့ကျင့်ပြီးမှသာလျှင် တင့်ကားအစစ်များဖြင့် လေ့ကျင့်ပေးလျက်ရှိသည့် အခြေအနေများ၊ အရေးပေါ်အခြေအနေနှင့် ကမ်းတက်စစ်ဆင်ရေးများတွင် ရေကူးကျွမ်းကျင်မှုနှင့် ရေအောက်တွင် လှုပ်ရှားသွားလာ၍ တင့်ယာဉ်များအား ထိန်းသိမ်းနိုင်ရေးအတွက် ရေကူး၊ ရေငုပ် လေ့ကျင့်ခန်းများကို လေ့ကျင့်သင်ကြားပေးနေမှု အခြေအနေများကို လိုက်လံရှင်းလင်း ပြသရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များအား ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ခေတ္တကျောင်းအုပ်ကြီးတို့သည် အထိမ်းအမှတ်တံဆိပ်နှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့သည်။

အဆိုပါ Kazan Higher Tank Red Banner Command School ကို ၁၉၁၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး နှစ်ပေါင်း ၁၀၂ ခန့် ကြာမြင့်ပြီဖြစ်သည့် သမိုင်းအစဉ်အလာ ကြီးမားသည့် သင်တန်းကျောင်း တစ်ခုဖြစ်ကြောင်း၊ သင်တန်းကျောင်းတွင် တပ်စုမှူး၊ တပ်ခွဲမှူး၊ တပ်ရင်းမှူးအဆင့်သင်တန်းအထိ သင်ကြားလေ့ကျင့်ပေးလျက်ရှိပြီး ယာဉ်မောင်းနှင်မှုအပြင် အခြားကိုယ်ခန္ဓာကြံ့ခိုင်မှုနှင့် စစ်ပညာကျွမ်းကျင်မှု သင်တန်းများကိုပါ ဘက်စုံ ကျွမ်းကျင်မှုရှိအောင် သင်ကြား လေ့ကျင့်ပေးလျက်ရှိကြောင်း၊ သင်တန်းဆင်းပြီး တင့်တပ်ခွဲမှူးများကို စစ်မြေပြင်တွင် ချက်ချင်းကွပ်ကဲအုပ်ချုပ်နိုင်သည်အထိ လေ့ကျင့်ပေးထားပြီးဖြစ်ပြီး လိုအပ်ပါက တင့်ကားတပ်ရင်း ခေါင်းဆောင်အဖြစ် ကွပ်ကဲ အုပ်ချုပ်နိုင်မည်ဖြစ်ကြောင်းနှင့် အဆိုပါ သင်တန်းကျောင်းမှ သင်တန်းဆင်းပြီး အရာရှိများသည် အမျိုးမျိုးသော တင့်ကား အမျိုးအစားများကို မောင်းနှင် အသုံးပြုနိုင်မည်ဖြစ်ကြောင်းနှင့် ကွပ်ကဲအုပ်ချုပ်မှုကောင်းသည့် ခေါင်းဆောင်များအဖြစ် တာဝန်ထမ်းဆောင်နိုင်စေရန် လေ့ကျင့်သင်ကြား မွေးထုတ်ပေးလျက် ရှိကြောင်း၊ ရုရှား တပ်မတော်စစ်ဦးစီးချုပ် Army General V.V Gerasimov တက်ရောက် အောင်မြင်ခဲ့သည့် သင်တန်းကျောင်းလည်းဖြစ်ပြီး သင်တန်းဆင်း အရာရှိများအနက်မှ ဗိုလ်ချုပ်အဆင့်အထက်အရာရှိ ဦးရေ ၁၀၀ ကျော်နှင့် သူရဲကောင်းဘွဲ့ရရှိသူ ၁၀ ဦးအထိ ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားနိုင်ငံ၊ Russia 24 သတင်းဌာနမှ သိရှိလိုသည်များအား လက်ခံဖြေကြား

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇွန် ၂၂ ရက် နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Russia 24 ရုပ်သံသတင်းဌာန၊ International Review အစီအစဉ်မှ ပင်တိုင်သတင်းတင်ဆက်သူ Mr. Fedor Lukyanov အား ခေတ္တတည်းခိုလျက်ရှိသည့် Metropol Hotel ၌တွေ့ဆုံ၍ သိရှိလိုသည့်မေးမြန်းမှုများကို လက်ခံဖြေကြားသည်။ အဆိုပါမေးမြန်းမှုများနှင့် ဖြေကြားမှုများကို ဖော်ပြလိုက်ရပါသည်-

**မေး။ မြန်မာနိုင်ငံရဲ့လက်ရှိအစိုးရဟာ လူ့အခွင့်အရေးများ ချိုးဖောက်ကာ ပြည်သူတွေကို အကြမ်းဖက်နှိမ်နင်းနေတယ်လို့ နိုင်ငံတကာမှ ဝေဖန်ပြောဆိုနေတာတွေ ရှိပါတယ်။ ဗိုလ်ချုပ်မှူးကြီးအနေနဲ့ လက်ရှိမြန်မာနိုင်ငံအတွင်းဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအကျပ်အတည်းတွေကို ကျော်ဖြတ်နိုင်ဖို့အတွက် ဘယ်လိုလုပ်ဆောင်သွားမလဲ။ အရပ်သားအစိုးရကို ပြန်လည်အသက်သွင်းနိုင်ဖို့ ဒီမိုကရေစီစံနှုန်းနဲ့အညီ ရွေးကောက်ပွဲတွေကိုရော ပြန်လည်ကျင်းပပေးဖို့ အစီအစဉ်ရှိသလားဆိုတာလေး သိချင်ပါတယ်။**

**ဖြေ။** မှန်ပါတယ်။ မြန်မာနိုင်ငံမှာ ဒီမိုကရေစီတိုးတက်ဖြစ်ထွန်းမှုတွေ ဆောင်ရွက်နေတဲ့အချိန်မှာ မမျှော်လင့်ဘဲနဲ့ ကျွန်တော်တို့ဒီအခက်အခဲတွေဖြစ်လာခဲ့တာပေ့ါ။ ကျွန်တော်တို့ ဒါနဲ့ပတ်သက်ပြီးတော့ အရေးယူဆောင်ရွက်မှုလုပ်တဲ့အခါမှာလည်း အကြမ်းဖက်တဲ့ဖြစ်ရပ်တွေ ပေါ်မှာ ကျွန်တော်တို့ တချို့ဟာတွေလည်း တုံ့ပြန်ပြီး ဆောင်ရွက်တာတွေရှိတော့ ဒီအပေါ်မှာ ကျွန်တော်တို့အပေါ်မှာလည်း နားလည်မှုလွဲမှားပြီး စွပ်စွဲမှုတွေ အမျိုးမျိုးရှိတယ်။ အဲဒီတော့ ဒီမှာပြောချင်တာကတော့ ဒီမိုကရေစီမှာတော့ သာမန်အားဖြင့် အစိုးရတစ်ရပ်ကိုမကြိုက်လို့ ဆန္ဒပြတာတွေလည်းရှိတယ်။ ဒါကတော့ နိုင်ငံတိုင်းမှာ ရှိပါတယ်။ ကမ္ဘာမှာလည်း ဒါတွေဖြစ်စဉ်ပေါင်းများစွာ သာဓကရှိတယ်။ သို့သော်လည်းပဲ သာမန်ဆန္ဒပြမှုကနေ ကျော်လွန်ပြီးတော့ အကြမ်းဖက်မှုတွေ၊ တိုက်ခိုက်မှုတွေ ဖြစ်လာလို့ရှိရင်တော့ ဒါကို အများသူငါမထိခိုက်အောင်တရားဥပဒေစိုးမိုးရေးကို မထိခိုက်အောင်တော့ သက်ဆိုင်ရာတာဝန်ရှိတဲ့ လုံခြုံရေးအဖွဲ့အစည်းကနေ တုံ့ပြန်ဆောင်ရွက်ရတာ ရှိတယ်။ ဒီအပေါ်မှာ ကျော်လွန်ပြီး လုပ်တယ်ဆိုရင်တော့ ဒါဥပဒေအရလုပ်ရမှာဖြစ်ပါတယ်။ ဘယ်ဘက်က လုပ်လုပ် ဟိုဘက်ကလုပ်လုပ် ဒီဘက်ကလုပ်လုပ် ကျော်လွန်ပြီး ဖြစ်လာလို့ရှိရင်တော့ ဥပဒေအရ အကုန်လုံးဆောင်ရွက်ရမှာဖြစ်တယ်။ ဒ့ါကြောင့် ကျွန်တော်တို့အနေနဲ့ ဒါနဲ့ပတ်သက်ပြီးတော့ ဖြစ်စဉ်အပေါ်မှာ ဘာမှအငြင်းပွားစရာတော့ မရှိဘူး။ ဒီဖြစ်စဉ်ဖြစ်တာကလည်း ဒီမိုကရေစီနည်းလမ်းတကျ ဆောင်ရွက်တဲ့ ရွေးချယ်ပွဲတွေမှာ မသမာမှုတွေလုပ်ခဲ့တဲ့အတွက်ကြောင့် ဒီပြဿနာတွေ ဖြစ်လာခဲ့တာ။ ဒါစောစောစီးစီးက ရှင်းမယ်ဆိုလို့ရှိရင် ရှင်းလို့ရရဲ့သားနဲ့ ဒီတွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းတွေ ရှင်းလင်းတဲ့လမ်းကြောင်းတွေကို မလုပ်ဘဲနဲ့ အဆင့်ကျော်လာတဲ့ အတွက်ကြောင့် ဒီပြဿနာတွေ ဖြစ်လာခဲ့တာ။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Russia 24 ရုပ်သံသတင်းဌာန၊ International Review အစီအစဉ်မှ ပင်တိုင်သတင်းတင်ဆက်သူ Mr. Fedor Lukyanov အား တွေ့ဆုံ၍ သိရှိလိုသည့်မေးမြန်းမှုများကို ဖြေကြားစဉ်။

ကျွန်တော်ကတော့စပြီးတက်ကတည်းက ရှေ့လုပ်ငန်းစဉ် (၅)ချက် ကြေညာထားတာရှိတယ်။ အဲဒီမှာ အရေးပေါ်အခြေအနေကာလတွေ ကျော်လွန်ပြီး ဆောင်ရွက်ပြီးပြီဆိုလို့ရှိရင်၊ လုပ်သင့်လုပ်ဆောင်တာတွေပြီးအောင် ဆောင်ရွက်ပြီးပြီဆိုလို့ရှိရင် ဒီမိုကရေစီနည်းလမ်းတကျ ရွေးကောက်ပွဲတစ်ခုကို ကျွန်တော်ပြန်လုပ်မယ်လို့ ပြောထားတာရှိတယ်။ မဖြစ်မနေလုပ်မှာပါ။ သို့သော်လည်းပဲ တည်ငြိမ်အေးချမ်းတဲ့အခြေအနေရောက်ဖို့တော့ လိုပါတယ်။ နောက်တစ်ခါ ရွေးကောက်ပွဲအတွက် လိုအပ်တဲ့ပြင်ဆင်မှုတွေ ပြီးမြောက်အောင်လည်း လိုပါတယ်။ ဒီအပေါ်မှာ ပြီးလို့ရှိရင်တော့ ရွေးကောက်ပွဲမလွဲမသွေလုပ်မယ်ဆိုတာ ကျွန်တော်ပြောလိုတယ်။

**မေး။ ကျွန်တော်တို့လက်ရှိ အခြေအနေမှာ ရွေးကောက်ပွဲအတွက် တိကျတဲ့ကာလတစ်ခုကို လက်ရှိအချိန်မှာဖြေကြားပေးဖို့ ခက်နိုင်ပါသလား။**

**ဖြေ။** လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေ တည်ငြိမ်အေးချမ်းမှုအပေါ်မှာ မူတည်တာပေ့ါဗျာ။ ကျွန်တော့်မှာ ဒီအခြေခံဥပဒေအရ ကျွန်တော်တို့ အရေးပေါ်ကာလတစ်နှစ်ပဲ ကြေညာလို့လုပ်လို့ရပါတယ်။ ဒါကိုမပြီးမြောက်ဘူးဆိုလို့ရှိရင် ကျွန်တော်တာဝန်ရှိတဲ့အဖွဲ့အစည်းကို ကျွန်တော်ပြန်လည်တင်ပြပြီးတော့မှ ၆ လတစ်ကြိမ် ၆ လတစ်ကြိမ် သက်တမ်းနှစ်ကြိမ် တိုးခွင့်ရှိတယ်။ အားလုံးတစ်နှစ် အားလုံးနှစ်နှစ် အဲဒီတော့ အကြမ်းဖျင်းအားဖြင့်တော့ ဒီနှစ်နှစ်အတွင်းမှာတော့ ရွေးကောက်ပွဲပြန်ဖြစ်ဖို့အတွက် လမ်းစရှိတယ်ဆိုတာကို ကျွန်တော်ပြောလိုတယ်။ ဒီလိုတော့ဖြေလို့ရတာပေ့ါဗျာ။ အခု တိုင်းပြည်ရေးရာဟာ အခုလက်ရှိ အခြေအနေမှာတော့ ကျွန်တော်တို့ဟာ ၁၀၀ ရာခိုင်နှုန်းအားလုံးပြီးပြီဆိုတဲ့ တည်ငြိမ်အေးချမ်းပြီဆိုတဲ့ အခြေအနေတော့ မရောက်သေးတဲ့ အခြေအနေရှိတာပေ့ါ။ ဒါကြောင့် ဒါကိုလည်း ထည့်ပြီးစဉ်းစားဖို့လိုပါတယ်။ နည်းနည်းတော့ ကျွန်တော်ပြောဖို့တော့ စောသေးတယ်။ သို့သော်လည်း အကြမ်းဖျင်းနှစ်နှစ်မှာတော့ ဖြစ်နိုင်ပါတယ်။

**မေး။ မြန်မာနိုင်ငံရဲ့ တည်နေရာအနေအထားဟာ အရှေ့တောင်အာရှနဲ့ တောင်အာရှအတွက် စစ်ရေးအရရော စီးပွားရေးအရပါ လွန်စွာအချက်အချာကျပြီး တစ်ခုတည်းသော နေရာဖြစ်တဲ့အတွက် တစ်ကမ္ဘာလုံးက စိတ်ဝင်စားလျက်ရှိတယ်လို့သိရှိရပါတယ်။ ရန်ကုန်ကို ကြည့်မယ်ဆိုရင် ဒေသအတွင်း တည်ငြိမ်အေးချမ်းမှုရှိစေရန် ဘယ်လိုလုပ်ဆောင်ပါသလဲ၊ ဘယ်သူတွေက အဓိကလုပ်ဆောင်ပါသလဲ၊ အဓိက လုပ်ဆောင်သူတွေနဲ့ ဘယ်လိုမျိုးဆက်သွယ်မှုတွေရှိပါသလဲ။**

**ဖြေ။** အနောက်အုပ်စုနိုင်ငံကြီးတွေကို ပြလို့ရှိရင်တော့ အနောက်အုပ်စုနိုင်ငံကြီးတွေလို့ပြောရမှာပေ့ါ။ ကျွန်တော်တို့နိုင်ငံဟာ အရှေ့တောင်အာရှမှာ ပထဝီအနေအထားအရ အရေးပါတဲ့အနေအထားမှာရှိပါတယ်။ အိန္ဒိယသမုဒ္ဒရာနဲ့ ဆက်စပ်နေတဲ့ ဘင်္ဂလားပင်လယ်အော်ထဲမှာရှိတဲ့ ကျွန်တော်တို့နိုင်ငံရဲ့ အိမ်နီးနားချင်းတိုင်းပြည်က တရုတ်နိုင်ငံနဲ့ အင်အားကြီးအိန္ဒိယနိုင်ငံတို့နဲ့ နယ်နိမိတ်ချင်းထိစပ်နေတဲ့နိုင်ငံတွေဖြစ်တော့ သူတို့ဒါကိုတော့ စိတ်ဝင်စားတဲ့ ပထဝီဝင်အနေအထားအရလည်း စိတ်ဝင်စားတာပေ့ါနော်။ နိုင်ငံရေးအရလည်း စိတ်ဝင်စားတယ်။ မြန်မာနိုင်ငံက ပထမဆုံးစပြီးတော့ နိုင်ငံစပြီးလွတ်လပ်ရေးရပြီးအချိန်မှာ ပါလီမန်ဒီမိုကရေစီစနစ်ကို ကျွန်တော်တို့ သွားခဲ့တယ်။ နောက်ပိုင်းကျတော့ တော်လှန်ရေးကောင်စီတက်လာပြီးတော့မှလမ်းစဉ်ပါတီဆိုရှယ်လစ်စနစ်နဲ့ ကျွန်တော်တို့ သွားခဲ့တာရှိတယ်။ ဒီမှာလည်း ပြည်သူတွေက ပါတီစုံလမ်းကြောင်းကို လိုချင်တယ်ဆိုပြီးတော့ ၁၉၈၈ ခုနှစ်မှာ ဆူပူဆန္ဒပြမှုတွေဖြစ်လာတယ်။ ၈၈ ခုနှစ်မှာ နောက်ဆုံးတော့ အဲဒီအစိုးရပြိုကွဲသွားရတာပေ့ါ။ ပြိုကွဲသွားပြီးတော့ တပ်မတော်ကနေ တိုင်းပြည်ကို ဝင်ထိန်းပေးခဲ့တာရှိတယ်။ အဲဒီတော့ ပြည်သူလူထုရဲ့ လိုလားချက် ဒီမိုကရေစီရဲ့ လမ်းကြောင်းပေါ် ကျွန်တော်တို့သွားရတာပေ့ါ။ ၂၀၁၁ ခုနှစ်မှာ ဒီမိုကရေစီလမ်းကြောင်းကို ကျွန်တော်တို့သွားခဲ့တယ်။ အဲဒီက ဒီမိုကရေစီနိုင်ငံရေးအတွက်က စိတ်ဝင်စားစရာဖြစ်တာတစ်ခုကတော့ ပထဝီအနေအထားအရလည်း စိတ်ဝင်စားဖို့ရှိတယ်။ အဲနောက်တစ်ခါ နိုင်ငံရေးအရလည်း စိတ်ဝင်စားဖို့ရှိတယ်။ အဲဒီတော့ ဒီအနောက်နိုင်ငံတွေကတော့ အဓိကအားဖြင့် ကျွန်တော်တို့နိုင်ငံအပေါ်မှာ ဝင်ရောက်ပြီးတော့ လွှမ်းမိုးလိုတဲ့စိတ်တော့ရှိပုံရတယ်လို့ ကျွန်တော်တွက်ပါတယ်။

**မေး။ ကမ္ဘာ့နိုင်ငံရေး အခြေအနေအရ တရုတ်နှင့် အမေရိကန်တို့ရဲ့ နှစ်နိုင်ငံအားပြိုင်တင်းမာမှု၊ ထိပ်တိုက်တွေ့ဆုံမှုတွေဟာ ပိုမိုသိသာထင်ရှားလာပါတယ်။ အဲ့ဒီအင်အားကြီးနိုင်ငံနှစ်ခု က အာရှနိုင်ငံတွေကို သူတို့နှစ်သက်တဲ့နိုင်ငံရဲ့ ဩဇာအာဏာအောက်ကို ပူးပေါင်းဆောင်ရွက်လုပ်ကိုင်စေလိုတယ်။ အာရှနိုင်ငံတွေကိုယ်တိုင်ကလည်း သူတို့နဲ့ သံတမန်ဆက်ဆံမှု အဆင်ပြေတဲ့နိုင်ငံနဲ့ ပူးပေါင်းလုပ်ဆောင်မှုတွေ လုပ်ဆောင်နေတာကိုလည်း တွေ့ရှိရပါတယ်။ ဗိုလ်ချုပ်မှူးကြီးအနေနဲ့ ဒီလိုမျိုး နိုင်ငံရေးအခင်းအကျင်းကိစ္စရပ်တွေနဲ့ ပတ်သက်လို့ ဘယ်လိုသုံးသပ်ပါသလဲ။**

**ဖြေ။** ကျွန်တော်တို့က အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်တယ်။ နံပါတ်(၁)အချက်ပေ့ါ။ နောက်တစ်ခုကတော့ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်တယ်။ ကျွန်တော်တို့က ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရတယ်ဆိုကတည်းက ကိုလိုနီခေတ်မှာလည်း နေခဲ့ရတယ်။ စောစောက ကျွန်တော်ပြောတဲ့အထဲမှာ မြန်မာနိုင်ငံဟာ အိန္ဒိယနဲ့တရုတ်နိုင်ငံနဲ့ နယ်နိမိတ်ချင်းထိစပ်ပြီးနေခဲ့တယ်လို့ ကျွန်တော်ပြောခဲ့တယ်နော်။ အဲဒီတော့ အဲဒီဖြတ်သန်းလာခဲ့တဲ့ နိုင်ငံရဲ့သမိုင်းကြောင်းနဲ့ ပထဝီနိုင်ငံရေးအရ ကျွန်တော်တို့နိုင်ငံရဲ့နိုင်ငံခြားရေးမူဝါဒမှာ အရင်တုန်းကလည်း ဘက်မလိုက် နိုင်ငံခြားရေးမူဝါဒ ကျင့်သုံးတယ်။ နောက်ပိုင်းကျတော့ လွတ်လပ်ပြီးတက်ကြွတဲ့ နိုင်ငံခြားရေးမူဝါဒ၊ နောက်တစ်ခါ နိုင်ငံအားလုံးနဲ့ချစ်ကြည်ရင်းနှီးစွာနဲ့မိတ်ဝတ်မပျက်ဆက်ဆံရေးမူဝါဒ၊ နောက် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ချက်အပေါ်မှာ အခြေခံတဲ့မူဝါဒနဲ့ ကျွန်တော်တို့ဆောင်ရွက်တာဖြစ်ပါတယ်။ အဲဒီတော့ မြန်မာနိုင်ငံကတော့ မိတ်ဆွေနိုင်ငံပဲ။ မြန်မာနိုင်ငံမှာ မိတ်ဆွေနိုင်ငံပဲရှိတယ်။ ရန်သူနိုင်ငံလို့မရှိဘူးပေ့ါ။ စောစောက ခင်ဗျားရည်ညွှန်းပြောတဲ့ အမေရိကန်နိုင်ငံကလည်းမိတ်ဆွေနိုင်ငံပါပဲ။ သူကတော့ နည်းနည်းအလှမ်းဝေးတာပေ့ါ။ ဒါပေမဲ့ အိမ်နီးနားချင်းတိုင်းပြည်ဖြစ်တဲ့ တရုတ်တို့ အိန္ဒိယတို့ကျတော့ ကျွန်တော်တို့က နီးနီးကပ်ကပ်ရှိနေကျနိုင်ငံလည်း ဖြစ်တယ်။ အိမ်နီးနားချင်းဆက်ဆံရေးကတော့ ကျွန်တော်တို့ဘယ်လိုပဲဖြစ်ဖြစ် အလေးထားရတဲ့ ဆက်ဆံရေးရှိတယ်။ ဒါဘယ်နိုင်ငံမှ ဒါကို ငြင်းလို့မရဘူး။ အိမ်နီးနားချင်း ဆက်ဆံရေးကတော့ မကောင်းလို့မရဘူး။ နှစ်နိုင်ငံ နှစ်ဖက်အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုတွေကလည်း အကုန်ရှိပါတယ်။ ဒီလိုပဲ အခြားနိုင်ငံတွေနဲ့လည်း ကျွန်တော် ပူးပေါင်းဆောင်ရွက်မှုတွေ အကုန်ရှိတယ်။ အမေရိကန်နိုင်ငံနဲ့လည်း ဆက်ဆံမှုတွေ အများကြီးရှိခဲ့တယ်။ သို့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် အလှမ်းဝေးတာလည်း ပါတာပေ့ါ။ နိုင်ငံရေးကလည်း အရင်လိုအလှမ်းဝေးခဲ့ပါတယ်။ အနေအလှမ်းဝေးခဲ့တာပါ။ ဒါကြောင့် ကျွန်တော်တို့ နည်းနည်းလေး အိမ်နီးနားချင်းတိုင်းပြည်ထက်စာရင်တော့ နည်းနည်းစိမ်းတာတော့ ရှိတာပေ့ါ။ သို့သော်လည်းပဲ ကျွန်တော်တို့နိုင်ငံရဲ့ အနေအထားကတော့ နိုင်ငံအားလုံးနဲ့ ချစ်ကြည်ရင်းနှီးစွာ လက်တွဲ ဆောင်ရွက်မယ်ဆိုတဲ့

*စာမျက်နှာ ၇ သို့*

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

*စာမျက်နှာ ၆ မှ*

စိတ်ချင်းနီးတဲ့နိုင်ငံဖြစ်တယ်။ နိုင်ငံချင်းတော့ အလှမ်းဝေးတယ်။ သို့သော် စိတ်ချင်းနီးတဲ့နိုင်ငံတွေ သဘောထားချင်း နီးစပ်စွာတူညီတဲ့နိုင်ငံဖြစ်တယ်။ သမိုင်းနောက်ခံအခြေအနေတွေလည်း တော်တော်များများတူတဲ့နိုင်ငံတွေဖြစ်တယ်။ အဲဒီတော့ ကျွန်တော်တို့ ရုန်းကန်ရတာလည်း တူတဲ့နိုင်ငံတွေဖြစ်တယ်။ ဒါကြောင့် ရုရှားနိုင်ငံနဲ့ ကျွန်တော်တို့ကတော့ ထာဝရမိတ်ဆွေနိုင်ငံ တစ်ခုလို့ ကျွန်တော်တင်စားပြီး ပြောပါရစေ။

**မေး။ ကျွန်တော်တို့ ရုရှား – မြန်မာ ချစ်ကြည်ရေးက တရားဝင်စတင်မှု မတိုင်ခင် (၁၉)ရာစု အလယ်လောက်ကတည်းက ရုရှားနိုင်ငံ သံတမန်အဖွဲ့တွေ မြန်မာနိုင်ငံကို သွားရောက်တာ။ မြန်မာနိုင်ငံဘက်က စေလွှတ်တာတွေ ရှိခဲ့ပါတယ်။ ဒီကာလထဲမှာလည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ နားလည်မှုရရှိထားပြီးဖြစ်ပါတယ်။ ဗိုလ်ချုပ်မှူးကြီး ပြောသလိုပဲ တကယ့်မိတ်ဆွေအရင်းအချာတွေဖြစ်ကြပါတယ်။ ဒီလိုအခြေအနေမျိုးမှာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတွေ တိုးတက်လာတာကိုလည်း တွေ့မြင်ရပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ တိုးတက်အောင်မြင်မှုနဲ့ ပတ်သက်ပြီး အဆွေတော် ဗိုလ်ချုပ်မှူးကြီးအနေနဲ့ ကျေနပ်အားရမှု ရှိပါသလား။ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်ရေး ဆောင်ရွက်ကြရာမှာ အရန် (သို့မဟုတ်) လက်ကျန်ဆိုတဲ့ သဘောတရားရှိပါတယ်။ အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရေးကိုရရှိဖို့ ဆောင်ရွက်နေတဲ့အချိန်မှာ ဆောင်ရွက်ရန်ကျန်ရှိနေတဲ့ လုပ်ငန်းစဉ်တွေ ရှိပါတယ်။ ကျွန်တော်တို့ ရုရှား – မြန်မာ ပူးပေါင်းဆောင်ရွက်ရေးမှာရော ဆောင်ရွက်ရန် ကျန်ရှိနေတဲ့လုပ်ငန်းစဉ်တွေ အနေနဲ့ ဘယ်လောက်များ ရှိနိုင်ပါသလဲ။ ဆောင်ရွက်ရန်ကျန်ရှိနေတာနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုများ ဆောင်ရွက်သွားမလဲဆိုတာ သိချင်ပါတယ်။**

**ဖြေ။** ရုရှားနဲ့မြန်မာဆက်ဆံရေးပေါ့နော်။ ဒါကတော့ သမိုင်းမှာတစ်လျှောက်လုံး ကောင်းလာခဲ့တာပေါ့။ ကျွန်တော်တို့က ၁၉၉၀ လွန်ကာလတွေမှာတော့ မြန်မာနဲ့ ရုရှားဆက်ဆံရေးပိုကောင်းလာခဲ့တယ်။ အထူးသဖြင့်တော့ စစ်ဘက်နည်းပညာ ပူးပေါင်းရေး ဆောင်ရွက်ရေးကဏ္ဍတွေမှာ တော်တော်ကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာတယ်။ အားရဖို့လည်း ကောင်းပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံက ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုပေါ့။ ကျွန်တော်တို့ရဲ့တိုင်းပြည်မှာလည်း တိုးတက်ဖို့အတွက် ကျွန်တော်တို့ ကြိုးစားဆောင်ရွက်နေတဲ့အချိန်မှာ လူသားအရင်းအမြစ်တွေ အများကြီးလိုတယ်။ ဒီလူသားအရင်းအမြစ်တွေကို ကျွန်တော်တို့ ရုရှားနဲ့ နိုင်ငံမှာလာပြီးတော့ ပညာသင်ကြားခဲ့တာတွေ အများကြီးရှိတယ်။ အားလုံးပေါင်း ၇ ထောင်ကျော်လောက်ရှိတယ်။ ပညာသင်ခဲ့တာထူးချွန်ထက်မြက်တဲ့သူတွေလည်း အများကြီးပေါ်ထွန်းခဲ့ပါတယ်။ ဒီအထဲကနေပြီးတော့ သူတို့လည်းတိုင်းပြည်တည်ဆောက်ရေးမှာလည်း အများကြီးကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နေတာ ဖြစ်တယ်။ အဲဒီတော့ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်မှာတော့ အခုနကပြောတဲ့ စစ်ဘက်နည်းပညာအမြင့်မားဆုံးအခြေအနေပေါ့လေ။ စပ်တူစပ်ကဏ္ဍတွေလည်းရှိပါတယ်။ သို့သော်လည်းပဲ ပိုပြီးလုပ်ဖို့လိုတာတွေကတော့ နှစ်နိုင်ငံ ကူးလူးဆက်ဆံရေး၊ ကူးသန်းရောင်းဝယ်ရေးကိစ္စတွေ၊ နောက်တစ်ခါ ကမ္ဘာလှည့်ခရီးသွားကဏ္ဍတွေ၊ နောက်တစ်ခါယဉ်ကျေးမှုနဲ့ နောက်တစ်ခါ အားကစားဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွေ၊ ပညာရေးပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွေ၊ ကျန်းမာရေးပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွေ၊ ရုရှားက ကျန်းမာရေးနဲ့ ပတ်သက်ပြီး အဆင့်လည်း အင်မတန်မြင့်ပါတယ်။ ဒါလုပ်ဖို့ နယ်ပယ်တွေ အများကြီးကျယ်ဝန်းတာပေါ့ ကျွန်တော်တွေ့တယ်။ ဒါတွေလည်း ကျွန်တော်ရပ်နိုင်တဲ့ လမ်းကြောင်းတွေပေါ်မှာ ရပ်နိုင်တဲ့ လုပ်ငန်းရပ်တွေအကုန်လုံး ဆောင်ရွက်သွားဖို့ ကျွန်တော်ရည်ရွယ်ထားပါတယ်။ အနာဂတ်ဟာ အင်မတန်ကောင်းမွန်လျက်ရှိတယ်ဆိုတာ ကျွန်တော်သုံးသပ်ပါတယ်။

**မေး။ အဆွေတော် ဗိုလ်ချုပ်မှူးကြီး ပြောသွားတဲ့ ကဏ္ဍတွေထဲက ကမ္ဘာလှည့်ခရီးသွားကရောတော်တော်အလားအလာကောင်းတဲ့လုပ်ငန်းတစ်ခုလို့ သုံးသပ်မိပါတယ်။ လက်ရှိအနေအထားမှာ ရုရှားနိုင်ငံက ပြည်သူတွေအနေနဲ့ ကိုဗစ်–၁၉ ကူးစက်ရောဂါကြောင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတွေ ရပ်နားထားရတဲ့အချိန်မှာ သွားလာလိုတဲ့ ဆန္ဒရှိတဲ့လူတွေ အများကြီးရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ရောဂါကာကွယ်ရေးတွေလုပ်နိုင်ချိန်မှာ ရုရှားနိုင်ငံအတွက် အခွင့်အရေးဖွင့်ပေးမယ်ဆိုရင်တော့ ရရှိတဲ့အခွင့်အရေးကို အသုံးပြုပြီးတော့ ရုရှားပြည်သူပြည်သားတွေက မြန်မာနိုင်ငံကို လာရောက်ကြမှာ ဖြစ်ပါတယ်။ အခုလိုမျိုး ကျွန်တော့်ရဲ့မေးခွန်းတွေကို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

**ဖြေ။** ကောင်းပါပြီ။ အဓိကတော့ ထိတွေ့မှုများများရှိလို့ရှိရင် ရင်းနှီးမှုရှိမယ်၊ ယုံကြည်မှုရှိမယ်။ ဒါကြောင့် ထိတွေ့မှုများများ နှစ်နိုင်ငံပြည်သူများထိတွေ့မှုများများရှိဖို့ နှစ်နိုင်ငံနယ်ပယ်အသီးသီးမှာ ထိတွေ့မှုများများရှိဖို့ လိုတယ်။ အဲဒါဆိုရင်တော့ ယုံကြည်မှု၊ ရင်းနှီးမှုရသွားလို့ရှိရင် ပိုပြီး ခိုင်မာစေမယ်ဗျာ။ လူဆိုတာကတော့ ယုံကြည်မှုနဲ့ အကုန်လုံး ခိုင်မာအောင်တည်ဆောက်ကြတာကိုး။ ကျွန်တော်တို့ကတော့ ရုရှားနိုင်ငံရဲ့ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံမှုတွေလည်း ကျွန်တော်တို့ မျှော်လင့်ပါတယ်။ နောက်တစ်ခါ ကမ္ဘာလှည့်ခရီးသွားများ မြန်မာနိုင်ငံကို ဆောလျင်စွာလာနိုင်ရေး အခြေအနေပေါ်မှာလည်း ရောက်စေဖို့လည်း မျှော်လင့်ပါတယ်။ ကျွန်တော်ကတော့ ဘာပဲပြောပြော တတ်နိုင်သလောက် ကြိုးစားဆောင်ရွက်သွားမယ်လို့ ကျွန်တော်ပြောလိုတယ်။ ။

# ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှုတို့နှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၂၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားတိုးတက်သုံးစွဲလာမှုအပေါ် ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံများ၏ ဝန်အားသုံးစွဲမှုအခြေအနေ၊ ဖြန့်ဖြူးပေးနေမှုတို့နှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်လျှပ်စစ် ဓာတ်အားပေးရေးကော်ပိုရေးရှင်း (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။(ဓာတ်ပုံ)

### ဓာတ်အားခွဲရုံများ အခန်းကဏ္ဍ

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးက ရန်ကုန်တိုင်းဒေသကြီး၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် နှစ်စဉ် ၁၅ ရာခိုင်နှုန်း တိုးတက်နေသည့်အတွက် အဆိုပါ ဓာတ်အားတိုးတက်သုံးစွဲမှုများကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဓာတ်အားထုတ်လုပ်မှုပိုင်းအပြင် ဓာတ်အားဖြန့်ဖြူးခြင်းအပိုင်းများကိုလည်း တိုးချဲ့ပြုပြင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်အားသုံးစွဲမှုတိုးမြင့်လာသည်နှင့်အမျှ ဓာတ်အားခွဲရုံများ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးပါကြောင်း၊ သက်တမ်းကြာမြင့်နေပြီဖြစ်သော ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ အဆင့်မြှင့်တင်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ဝန်အားပြည့်နေသော ဓာတ်အားလိုင်းများ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းစေရေး၊ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရေးနှင့် ဓာတ်အားစနစ် တည်ငြိမ်တိုးတက်ကောင်းမွန်စေရေးတို့အတွက် အလေးအနက်ထား ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ၂၃၀ ကေဗွီပင်မဓာတ်အားခွဲရုံမှူးများက ဓာတ်အားခွဲရုံများနှင့် သက်ဆိုင်သော အချက်အလက်များကို ရှင်းလင်းတင်ပြကြရာ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိမ်းသူရက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

◆ *ကျောဖုံးမှ*

တိပိဋကပုစ္ဆက ဆရာတော်များ၊ ကြီးကြပ်ရေး ဆရာတော်များ၊ ပင့်သံဃာတော်များ၊ (၇၃) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် သဘောရေးဖြေအောင်မြင်တော်မူကြသော ဒီဃနိကာယကောဝိဒ၊ ဝိနယကောဝိဒနှင့်ဥဘတောဝိဘင်္ဂကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်အရှင်မြတ်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီဝင်ဦးမောင်းဟာနှင့်ဇနီး၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့်ဇနီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သာသနာ့နုဂ္ဂဟဘွဲ့ရအလှူရှင်များ၊ စာမေးပွဲကျင်းပစဉ်လှူဒါန်းသည့် ဆွမ်းအလှူရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

### ငါးပါးသီလခံယူဆောက်တည်

ဦးစွာ အနုပညာအထက်တန်းကျောင်းက ဗုဒ္ဓရောင်ခြည်တော်ဖွဲ့ဖြင့် သီကျူးပူဇော်ကြပြီး လိုဏ်ဂူတော်ပတ်လည်ရှိ ခေါင်းလောင်း ၁၀၈ လုံးကို တစ်ပြိုင်တည်း ၉ ကြိမ် ထိုးခတ်ပူဇော်သည်။ ယင်းနောက်တိပိဋကဓရ၊တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဟင်္သာတမြို့နယ် မိုးကောင်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ သုဓမ္မာစာရာဘိဝံသထံမှနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌအမှူးပြုသော ဧည့်ပရိသတ်အပေါင်းက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဇန်းမေ်ကျောင်းတိုက် ဆရာတော် ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသက သာရဏီယဩဝါဒကထာကို ဖတ်ကြားချီးမြှင့်တော်မူသည်။

**(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သာရဏီယဩဝါဒကထာကို စာမျက်နှာ ၉ တွင် သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

### ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ ဆက်ကပ်

ဆက်လက်၍ တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲတွင် သဘောရေးဖြေအောင်မြင်တော် မူကြသော သာသနာ့အာဇာနည် အရှင်သူမြတ်များအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များဆက်ကပ်ရာ ဒီဃနိကာယ်သုံးကျမ်း သဘောရေးဖြေအောင် ဒီဃနိကာယကောဝိဒဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် တိပိဋက မဟာ



ပိဋကတ်နှစ်ပုံအောင် ဒီဃနိကာယကောဝိဒ ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မင်းကွန်း မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက်မှ အရှင်အာနန္ဒပဏ္ဍိတာလင်္ကာရအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်းဟာ ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။

ဂန္ထဝင်နိကာယ်ကျောင်းမှ အရှင်ဝိသုဒ္ဓနှင့် စစ်ကိုင်းမြို့ မင်းကွန်း မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းမှ အရှင်ပဏ္ဍာဝါလင်္ကာရတို့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဘွဲ့တံဆိပ်တော်နှင့်အောင်လက်မှတ်တို့အား ဆက်ကပ်သည်။

ထို့နောက် ဒီဃနိကာယ်သုံးကျမ်း သဘောရေးဖြေအောင် ဒီဃနိကာယကောဝိဒ ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းမြို့ မင်းကွန်း တိပိဋကနိကာယကျောင်းမှ အရှင်အာနန္ဒပဏ္ဍိတာလင်္ကာရ၊ ဝိနည်းဒုတိယပိုင်းသုံးကျမ်း သဘောရေးဖြေအောင် ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းမြို့ မင်းကွန်းတိပိဋက နိကာယကျောင်းမှ အရှင်မင်္ဂလာစာရ၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် တိပိဋက မဟာဂန္ထဝင် နိကာယ်ကျောင်းမှ အရှင်နန္ဒိမာလင်္ကာရနှင့် အရှင်သုမင်္ဂလ၊ ဝိနည်းပထမပိုင်း နှစ်ကျမ်း သဘောရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒ ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းမြို့ မင်းကွန်းတိပိဋကနိကာယကျောင်းမှ အရှင်ဩဘာသ (ဝက်လက်)၊

*စာမျက်နှာ ၉ သို့*



ပိဋကတ်တစ်ပုံ ရေးဖြေအောင် ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မင်းကွန်း မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက်မှ အရှင်မင်္ဂလာစာရအား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင် ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။



ပိဋကတ်တစ်ပုံ ရေးဖြေအောင် ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် တိပိဋက မဟာဂန္ထဝင် နိကာယ်ကျောင်းတိုက်မှ အရှင်နန္ဒိမာလင်္ကာရအား သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။



ပိဋကတ်တစ်ပုံ ရေးဖြေအောင် ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် တိပိဋက မဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်မှ အရှင်သုမင်္ဂလအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။



ဝိနည်းပထမပိုင်း ရေးဖြေအောင် ဥဘတောဝိဘင်္ဂ ကောဝိဒ ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မင်းကွန်း မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက်မှ အရှင်ဩဘာသ (ဝက်လက်)အား ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။



ဝိနည်းပထမပိုင်း ရေးဖြေအောင် ဥဘတောဝိဘင်္ဂ ကောဝိဒ ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မင်းကွန်း မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက်မှ အရှင်ပညာသီရိ (ဆီဆိုင်)အား ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။



ဝိနည်းပထမပိုင်း ရေးဖြေအောင် ဥဘတောဝိဘင်္ဂ ကောဝိဒ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်မှ အရှင်စန္ဒိမာလင်္ကာရအား ရန်ကုန်တိုင်းစစ်ဌာန တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ (ဝင်္ကသကာ၊ ပါဠိသိရောမဏိ) ၏ သာရဏီယ ဩဝါဒကထာ

[၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက် (၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၆ ရက်) စနေနေ့]

(၇၃) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေး (သဘောရေးဖြေ) စာမေးပွဲကြီးတွင် ဒီဃနိကာယကောဝိဒ၊ ဝိနယကောဝိဒ၊ ဥဘတော ဝိဘင်္ဂကောဝိဒ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်ခံယူကြမည့် သာသနဓဇအာဇာနည်အရှင်မြတ် ၁၁ ပါးတို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအမှူးပြုသည့် ဒါယကာ၊ ဒါယိကာမအပေါင်း သူတော်ကောင်းတို့အား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကိုယ်စား အမှတ်ရဖွယ်အောက်မေ့ဖွယ်ရာဖြစ်သော သာရဏီယဩဝါဒစကား မြွက်ကြားလိုပေသည်။

**စာအောင် သာသနဓဇအာဇာနည် အရှင်မြတ်တို့ဘုရား–**

ကျင်းပပြီးစီးခဲ့သော (၇၃) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးသည် ၄၅ ဝါ ကာလပတ်လုံး လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့အား မြတ်စွာဘုရားရှင် ဟောကြားတော်မူအပ်သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာသုံးဖြာသော ပိဋကတ်တို့ကို စာအုပ်စာပေ ကျောက်စာတို့ဖြင့် အပြင်ပိုင်းဗဟိဒ္ဓ၌ မပျောက်ပျက်အောင် ထိန်းသိမ်းရုံမကဘဲ သာသနဓဇအာဇာနည်အရှင်မြတ်များ၏ အတွင်းပိုင်း အဇ္ဈတ္တသန္တာန်၌ အစဉ်ထာဝရ ကိန်းဝပ်တည်ရှိနေအောင် ရည်ရွယ်ကျင်းပသည့် စာမေးပွဲကြီးဖြစ်ကြောင်းကို နိုင်ငံတော်သံဃမဟာနာယကဆရာတော်များ၊ တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် စာအောင်သာသနဓဇအာဇာနည် အရှင်မြတ်များ သိရှိတော်မူကြပြီး ဖြစ်ပါသည်ဘုရား။

အသက်မရှိသော စာအုပ်စာပေ ကျောက်စာများ၌ ကိန်းဝပ်တည်ရှိသော ပိဋကတ်စာပေထက် အသက်ရှိသောပုဂ္ဂိုလ်များ၌ ကိန်းဝပ်တည်ရှိသော ပိဋကတ်စာပေများက မိမိအကျိုးနှင့် အများအကျိုးတို့ကို ပိုမိုဆောင်ရွက်နိုင်သည့်အပြင် မြတ်စွာဘုရားရှင်၏ ရည်ရွယ်ချက်နှင့်လည်း ကိုက်ညီလျက်ရှိပါသည် ဘုရား။

ပိဋကတ်စာပေများကို အရအမိ နှုတ်ငုံဆောင်ခြင်း၊ ခက်ခဲနက်နဲသော သဘောအဓိပ္ပာယ်များကို သိရှိကျွမ်းကျင်လိမ္မာခြင်းရှိသော သာသနဓဇအာဇာနည် အရှင်မြတ်များကတစ်ဆင့် မိမိတို့ သိအပ်၊ ကျင့်အပ်၊ လေ့လာမှတ်သားအပ်ပြီးသော တရားတော်များကို ထပ်ဆင့်သင်ကြားပြသ ဆုံးမပေးတော်မူခြင်းကြောင့် အရှင်ဘုရားတို့ကဲ့သို့သော အသစ်အသစ်သော တပည့်ရဟန်းသာမဏေများ တိုးပွားပြီး မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီးလည်း ဆက်လက်၍ တည်တံ့နေမည် ဖြစ်ပါသည်ဘုရား။

သုတ်၊ ဝိနည်း၊ အဘိဓမ္မာ သုံးဖြာသောပိဋကတ်တို့ကို အရှင်ဘုရားများက ကျက်မှတ်၍ ဖြေဆိုခဲ့ကြသဖြင့် အောင်မြင်မှုရခဲ့ခြင်းသည် မြတ်စွာဘုရားရှင်၏ ဆန္ဒတော်ကို တစ်စိတ်တစ်ဒေသအားဖြင့် ပြည့်ဝအောင် ဖြည့်ကျင့်နေခြင်းဖြစ်၍ အရှင်ဘုရားတို့အနေဖြင့် “ငါတို့သည် မြတ်စွာဘုရားရှင်၏ ဆန္ဒတော်ကို တစ်စိတ်တစ်ဒေသအားဖြင့် ပြည့်ဝအောင် ဖြည့်ကျင့်နေသူများပါတကား”ဟု နှလုံးသွင်းဆင်ခြင်၍ ကြည်လင်ရွှင်ပြ ဝမ်းမြောက်သင့်ကြပေသည်။ မြတ်စွာဘုရားရှင်



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ က သာရဏီယ ဩဝါဒကထာ မြွက်ကြားစဉ်။

ဟောကြားတော်မူခဲ့သည့်အတိုင်း ဓမ္မာနုဓမ္မပဋိပတ်ကို အထွတ်အထိပ်ရောက်အောင် ကျင့်ကြံပွားများ ကြိုးစားအားထုတ်ကြမှသာ မြတ်စွာဘုရားရှင်၏ ဆန္ဒတော်ကို ပြည့်စုံအောင် ဖြည့်ကျင့်ရာရောက်သည့်အပြင် မြတ်စွာဘုရားရှင်၏ သာသနာတော်တည်းဟူသော အလင်းရောင်ကြီးကို မေးမှိန်ကွယ်ပျောက်ခြင်းမရှိအောင် စောင့်ရှောက်ရာလည်း ရောက်ပါသည်ဘုရား။

ယာဝ တိဋ္ဌန္တိ သုတ္တန္တာ၊ ဝိနယော ယာဝ ဒိပ္ပတိ။
တာဝ ဒက္ခန္တိ အာလော ကံ၊ သူရိယေ အဗ္ဘုဋ္ဌိတေ ယထာ။
သုတ္တန္တေ အသန္တေသု၊ ပမုဋ္ဌေ ဝိနယမှိ စ၊
တမော ဘဝိဿတိ လောကေ၊ သူရိယေ အတ္ထင်္ဂတေ ယထာ။
(အံ၊ ဋ္ဌ၊ ၁။ ၇၂)

“နေမင်းကြီး တည်ရှိနေသောအခါ အရောင်အလင်းကို တွေ့မြင်ရသကဲ့သို့ မြတ်စွာဘုရားရှင် ဟောကြားတော်မူအပ်သော သုတ္တန် အဘိဓမ္မာဒေသနာတော်များ ထင်ရှားရှိနေသမျှ၊ ဝိနည်းတရားတော်များ ထွန်းကားနေသမျှကာလပတ်လုံး သူတော်ကောင်းတရား ဘုရားသာသနာတော်တည်းဟူသော အရောင်အလင်းကို တွေ့မြင်နေကြရလိမ့်မည်။

နေမင်းကြီးဝင်သွားသည်ရှိသော် လောကကြီး၌ အမိုက်အမှောင်ဖြစ်သကဲ့သို့ မြတ်စွာဘုရားရှင် ဟောကြားတော်မူအပ်သော သုတ္တန်၊ အဘိဓမ္မာဒေသနာတော်များ ထင်ရှားမရှိခဲ့သော်၊ ဝိနည်းတရားတော်များသည်လည်း ပျောက်ပျက်ခဲ့သည်ရှိသော် လောကကြီး၌ (မသူတော်တရားတည်းဟူသော) အမိုက်မှောင်ကြီးသာ ဖြစ်ပေါ်လိမ့်မည်” ဟူသော အင်္ဂုတ္တိုရ် အဋ္ဌကထာဒေသနာအရ သုတ္တန်၊ အဘိဓမ္မာ၊ ဝိနည်း ဟူသော ပိဋကသုံးသွယ်၊ နိကာယ်ငါးဖြာ ပရိယတ္တိသာသနာသည် သာသနာတော်သုံးရပ်တွင် အရင်းမူလပဓာနကျကြောင်း အရှင်မြတ်တို့ သိရှိကြပြီးဖြစ်ပါသည်။ ထိုကဲ့သို့ သိရှိကြပြီးသည့် အားလျော်စွာ အရှင်မြတ်တို့၏ အဇ္ဈတ္တသန္တာန်တွင် သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ဤငါးဖြာကို ဦးစီးဆောင်ရွက်ကျက်မှတ်ခဲ့ကြသဖြင့် (၇၃) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေး (သဘောရေးဖြေ) စာမေးပွဲကြီးတွင် ဒီဃနိကာယကောဝိဒ၊ ဝိနယ ကောဝိဒ၊ ဥဘတော ဝိဘင်္ဂကောဝိဒဘွဲ့တံဆိပ်တော်များကို အရှင်ဘုရားတို့၏ လက်ဝယ်တွင် ဆက်ကပ်ခြင်းကို ခံယူတော်မူကြရခြင်း ဖြစ်ပါသည်ဘုရား။

အရှင်မြတ်တို့၏ ကြိုးပမ်းအားထုတ်မှု၊ အောင်မြင်မှုများသည် ထေရဝါဒဗုဒ္ဓ သာသနာတော်ကြီးတွင် ထိပ်တန်းကျသော အောင်မြင်မှုများဖြစ်သည့်အတွက် မြတ်စွာဘုရားရှင်၏ သာသနာတော်ကြီး တိုးတက်ပွင့်လင်းမှုအရေး မျှော်တွေးကာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အနေဖြင့် အလွန်ဝမ်းသာ ဂုဏ်ယူလျက်ရှိကြပါသည်ဘုရား။ နိုင်ငံတော်အစိုးရနှင့် ပြည်သူပြည်သား ဒါယကာ၊ ဒါယိကာများတို့သည်လည်း အရှင်မြတ်တို့၏ ကြိုးပမ်းအားထုတ်မှု၊ အောင်မြင်မှုများကို လွန်စွာအားရကြည်ညိုမှုရှိကြသည့်အားလျော်စွာ ပူဇနိယဝတ္ထုအစုစုတို့ဖြင့် ပူဇော်လှူဒါန်းလျက်ရှိကြပါသည်ဘုရား။

**စာအောင် သာသနဓဇအာဇာနည် အရှင်မြတ်တို့ဘုရား–**

“ဒွေမာနိ ဘိက္ခဝေ ပဓာနာနိ ဒုရဘိသမ္ဘဝါနိ လောကသ္မိံ” အစရှိသော အင်္ဂုတ္တိုရ်ပါဠိတော် ပဓာနသုတ် (နှာ–၅၁) ဒေသနာတော်အရ လောက၌ ဖြစ်စေနိုင်ခဲသည့် အားထုတ်မှုနှစ်မျိုးတို့တွင် လူ့ဘောင်၌နေသူ လူဒါယကာ၊ လူဒါယိကာမတို့သည် အရှင်မြတ်တို့အား အကြောင်းပြုကာ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး လေးပါးသောပစ္စည်းတို့ကို ထောက်ပံ့ခြင်းဖြင့် ဖြစ်စေနိုင်ခဲသည့် အားထုတ်မှုမျိုးကို အားထုတ်လျက်ရှိကြပါသည်။ အရှင်မြတ်တို့သည်လည်း ဒါယကာ၊ ဒါယိကာမများ၏ လှူဒါန်းချီးမြှောက်မှုကိုခံယူကာ ယခုကဲ့သို့ အောင်မြင်သည်အထိ ပရိယတ္တိစာပေကို ကြိုးစားတော်မူကြ၍ ပဋိပတ္တိဆိုင်ရာ ကိစ္စအဝဝကို ဆက်လက်အားထုတ်နိုင်ကြပြီး ဒါယကာ၊ ဒါယိကာမတို့အား ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်တော်မူနိုင်ကြမည် ဖြစ်ပါသည်ဘုရား။

ဤကဲ့သို့ “ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ” ဆိုသကဲ့သို့ ဆရာဒကာ ကြည်သာ ဝမ်းမြောက်ချီးမြှောက်မှုပြုကြ၍ သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်ပါက သာသနာတော်ကြီးသည် နှစ်ပေါင်းများမြောင်မကကြာအောင် ရှည်ကြာတည်တံ့နိုင်မည် ဖြစ်ပါသည်ဘုရား။ ပရိယတ္တိဝန်ဆောင် အရှင်မြတ်တို့သည်လည်း မိမိတို့ဆိုင်ရာ သာသနာ့ကိစ္စအဝဝကို ကျန်းမာချမ်းသာစွာ အားထုတ်တော်မူနိုင်ကြ၍ ဆရာဒကာ လျှင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပါစေဟု ပတ္ထနာပြုကာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သာရဏီယ ဩဝါဒကထာကို နိဂုံးချုပ်အပ်ပါသည် ဆရာတော် သံဃာတော် အရှင်မြတ်တို့ဘုရား။

---

*စာမျက်နှာ ၈ မှ*

အရှင်ပညာသိရီ (ဆီဆိုင်)၊ အရှင်မဏ္ဍလာလင်္ကာရ၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် တိပိဋက မဟာဂန္ဓဝင် နိကာယ်ကျောင်းမှ အရှင်စန္ဒိမာလင်္ကာရနှင့် အရှင်ပညာသာမိလင်္ကာရတို့ထံ ကောင်စီဝင် ဦးမောင်းဟာ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ ဆက်ကပ်ကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ အမှူးပြုသော ဧည့်ပရိသတ်အပေါင်းက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြပြီး စာအောင်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။

တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီး ပေါ်ပေါက်လာရခြင်းသည် ဆဋ္ဌသင်္ဂါယနာတင်ပွဲ ကျင်းပရာ၌ ပိဋကတ်သုံးပုံ အာဂုံဆောင်သည့် သာသနဓဇအာဇာနည် ပုဂ္ဂိုလ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ လွတ်လပ်ရေးနှင့်အတူ ၁၉၄၈ ခုနှစ်တွင် စတင်ပေါ်ပေါက်လာခြင်းဖြစ်ပြီး နှစ်စဉ်မပျက်ကျင်းပခဲ့ကြောင်း၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ ဘွဲ့တော်ရရှိရန်အတွက် အာဂုံဖြေဆို အောင်မြင်ပြီးမှ သဘောရေးဖြေစာမေးပွဲကို ဖြေဆိုရကြောင်း၊ ရဟန်းတော်များနှင့် သာမဏေများသာ ဖြေဆိုခွင့်ရပြီး ပါဠိပထမပြန်စာမေးပွဲ ပထမကြီးတန်းကိုဖြစ်စေ၊ ဝိနယဝိဒူတန်းကို ဖြစ်စေ၊ သာမဏေကျော် တတိယဆင့်ကိုဖြစ်စေ၊ စေတိယင်္ဂဏနှင့် သကျသီဟစာမေးပွဲ စာသင်တန်းကိုဖြစ်စေ တစ်ခုခုအောင်မြင်ပြီးသူဖြစ်ရကြောင်း၊ ကျင်းပပြီးစီးခဲ့သည့် (၇၃)ကြိမ်အတွင်း ပထမဦးဆုံးသော တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ကြီး အရှင်ဝိစိတ္တသာရာဘိဝံသအပါအဝင်သာသနဓဇအာဇာနည်၁၅ပါး ပေါ်ထွန်းထားကြောင်း၊ သက်ရှိထင်ရှား တိပိဋကဓရ၊ တိပိဋကကောဝိဒ ဘွဲ့တော်ရဆရာတော် ၁၁ ပါး ရှိကြောင်းနှင့် တိပိဋကဓရ၊ ပိဋကတ်သုံးပုံ အာဂုံဆောင် သာသနဓဇအာဇာနည် အရှင်သူမြတ် ၇ ပါး ပေါ်ထွန်းခဲ့ပြီး သာသနာ့အကျိုးကို သယ်ပိုးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့၌ ရန်ကုန်၊ မန္တလေး၊ တောင်ကြီးမြို့တို့တွင် မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီး

## မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း ၆၂ မျိုး စုစုပေါင်း တန်ဖိုးငွေကျပ် ၁၀၆၈ ဘီလီယံကျော်နှင့် ဆက်စပ်ပစ္စည်းအမျိုးပေါင်း ၆၀ တို့ကို ဖျက်ဆီး

**နေပြည်တော် ဇွန် ၂၆**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့တွင် မြန်မာနိုင်ငံ တစ်ဝန်း တစ်နှစ်တာကာလအတွင်း ဖမ်းဆီးရမိ မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများ မီးရှို့ဖျက်ဆီးခြင်းအခမ်းအနားများကို ယနေ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ရန်ကုန်၊ မန္တလေးနှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့တို့၌ ကျင်းပပြုလုပ်သည်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများအား ကြည့်ရှုစဉ်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်း ကုန်တင်ယာဉ်ရပ်နားကွင်း၌ နံနက် ၆ နာရီက ကျင်းပသည့် မီးရှို့ဖျက်ဆီးခြင်းအခမ်းအနားတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်၍ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မြန်မာနိုင်ငံ အောက်ပိုင်းဒေသတို့မှ ဖမ်းဆီးရမိသော ဘိန်း ၀ ဒသမ ၀၀၂ ကီလို၊ ဘိန်းဖြူ ၂၄၆ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၈ သန်းကျော်၊ အိုက်စ် ၅၃၃၁ ကီလိုကျော်၊ ဘိန်းစာမှုန့် ၂၁၈၅ ကီလိုကျော်၊ ကတ်တမင်း ၈ ကီလိုကျော်၊ ဆေးခြောက် ၉၂ ကီလိုကျော် အပါအဝင် မူးယစ်ဆေးဝါး ၂၂ မျိုးနှင့် ဓာတုပစ္စည်း သုံးမျိုး စုစုပေါင်း တန်ဖိုး ငွေကျပ် ၃၂၀ ဒသမ ၁၆ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၂၀၀ ဒသမ ၁၀ သန်းကျော်) ကို မီးရှို့ဖျက်ဆီးခဲ့သည်။

### မန္တလေး

အလားတူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိ ရွှေမန်းတောင်အားကစားကွင်း၌ နံနက် ၈ နာရီတွင် ကျင်းပသည့် မီးရှို့ဖျက်ဆီးခြင်းအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုနှင့် အဖွဲ့ဝင်များ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ တက်ရောက်၍ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မြန်မာနိုင်ငံ အထက်ပိုင်းနှင့် အလယ်ပိုင်းဒေသတို့မှ ဖမ်းဆီးရမိသည့် ဘိန်း ၇၄၃ ကီလိုကျော်၊ ဘိန်းဖြူ ၅၀၂ ကီလို ကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား သန်း ၅၀ ကျော်၊ အိုက်စ် ၈၂၆ ကီလိုကျော်၊ ကတ်တမင်း ၁ ဒသမ ၄၃ ကီလို ကျော်၊ ဆေးခြောက် ၁၆၇ ကီလိုကျော် အပါအဝင် မူးယစ်ဆေးဝါး ၂၆ မျိုးနှင့်ဓာတုပစ္စည်း ၁၀ မျိုး စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၈၆ ဒသမ ၀၃ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၁၁၆ ဒသမ ၂၇ သန်းကျော်) ကို မီးရှို့ဖျက်ဆီးခဲ့သည်။

### တောင်ကြီး

ထို့အတူ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ရှိ အဝေရာမီးပုံးပျံကွင်း၌ နံနက် ၈ နာရီတွင်ကျင်းပသည့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးခြင်း၊ တောင်ကြီးမြို့နယ် ကုန်းမူကျေးရွာအုပ်စု မံတလင်းကျေးရွာ ဖြုန်းကျောက်ထုတ်လုပ်သည့်ကွင်းအနီး၌ ကျင်းပသည့် ဖမ်းဆီးရမိ ထိန်းချုပ်ဓာတုပစ္စည်းများကို မြေမြှုပ်ဖျက်ဆီးခြင်းအခမ်းအနားတို့တွင် ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာ ကျော်ထွန်းနှင့် အဖွဲ့ဝင်များ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းဇော်မိုး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်၍ ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့မှ ဖမ်းဆီးရမိသည့် ဘိန်း ၃၁၂၆ ကီလိုကျော်၊ ဘိန်းဖြူ ၁၈၁၄ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၅ သန်းကျော်၊ အိုက်စ် ၇၉၂၂ ကီလိုကျော်၊ ကတ်တမင်း ၂၈၀ ကီလိုကျော်၊ ဆေးခြောက် ၄၇၉ ကီလိုကျော်၊ ကဖင်း ၁၂ တန်ခွဲကျော် အပါအဝင် မူးယစ်ဆေးဝါး ၁၃ မျိုးနှင့် ဓာတုပစ္စည်း ၂၂ မျိုး စုစုပေါင်း တန်ဖိုး ငွေကျပ် ၅၆၂ ဒသမ ၄၆ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၃၅၁ ဒသမ ၅၃ သန်းကျော်)ကို မီးရှို့ဖျက်ဆီးခဲ့သည်။

ယခု ၂၀၂၁ ခုနှစ်တွင် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင် အသုံးပြုသော ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ မီးရှို့ဖျက်ဆီးခြင်းအခမ်းအနားများကို ရန်ကုန်၊ မန္တလေး၊ တောင်ကြီး သုံးနေရာတွင် ကျင်းပပြုလုပ်ခဲ့ရာ ဘိန်းကီလို ၃၈၇၀ ကျော်၊ ဘိန်းဖြူ ၂၅၆၂ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၄ သန်းကျော်၊ အိုက်စ် ကီလို ၁၄၀၈၀ ကျော်၊ ဆေးခြောက် ၇၃၉ ကီလိုကျော်၊ ကတ်တမင်း ၂၈၉ ကီလိုကျော်နှင့် ကဖင်း ၁၂ တန်ခွဲကျော် အပါအဝင် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း ၆၂ မျိုး စုစုပေါင်း တန်ဖိုး ငွေကျပ် ၁၀၆၈ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၆၆၇ သန်းကျော်) နှင့် မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းအမျိုးပေါင်း ၆၀ တို့ကို ဖျက်ဆီးခဲ့ခြင်း ဖြစ်သည်။

### အရှိန်အဟုန်မြှင့် ကြိုးပမ်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တို့က အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်မှုကြောင့် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း အများအပြား ဖမ်းဆီးရမိ ဖျက်ဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် တာဝန်ရှိသူများ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများအား စက်ခလုတ်နှိပ်၍ မီးရှို့ဖျက်ဆီးပေးစဉ်။




တောင်ကြီးမြို့၌ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများအား မီးရှို့ဖျက်ဆီးစဉ်။
ဓာတ်ပုံ-မောင်မောင်သန်း(တောင်ကြီး)



မန္တလေးမြို့၌ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများအား မီးရှို့ဖျက်ဆီးစဉ်။

# လူငယ်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး

**လင်းလက်**

**လူငယ်များသည် လက်ရှိနိုင်ငံရေးဖြစ်စဉ်များတွင် စိတ်ပါဝင်စားလာမှု အရှိန်အဟုန်မြင့်တက်လာမှုနှင့်အတူ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လာကြသည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် လူငယ်ထု၏ အခန်းကဏ္ဍသည် အဓိကအရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သောကြောင့် အဂတိလိုက်စားမှုကို ထိန်းချုပ်ဟန့်တားရာတွင် လူငယ်များပါဝင်လာခြင်းသည် အောင်မြင်မှုရောင်ခြည်တစ်ခုပင်ဖြစ်သည်။ လွန်ခဲ့သော ဆယ်စုနှစ်များစွာကပင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့အစည်းများသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများတွင် လူငယ်များ ပါဝင်ဆောင်ရွက်နိုင်မည့် အစီအစဉ်များကို ပြုလုပ်လာကြသည်။**

### ယနေ့လူငယ် နောင်ဝယ်လူကြီး

ကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များအနေဖြင့် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးဆိုင်ရာ သင်ရိုးညွှန်းတမ်းများကို ရေးဆွဲလာကြသည်။ အရပ်ဘက် လူမှုအဖွဲ့အစည်းများအနေဖြင့်လည်း လူငယ်များအတွက် အဓိကရည်ရွယ်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး အသိပညာပေးအစီအစဉ်များကို ပြုလုပ်လာကြသည်။ ယေဘုယျအားဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများတွင် လူငယ်များ ဦးဆောင်ပါဝင်သည့် စီမံကိန်းလုပ်ငန်းများသည် ထိရောက်အောင်မြင်လာသည်ကို တွေ့မြင်နိုင်သကဲ့သို့ မြန်မာလူငယ်အများစုသည်လည်း အရပ်ဘက်လူမှုအဖွဲ့အစည်းများတွင် ပါဝင်လာကြသည်ကို တွေ့မြင်နိုင်သည်။

မြန်မာဆိုရိုးစကားဖြစ်သည့် "ယနေ့လူငယ် နောင်ဝယ်လူကြီး" ဆိုသည့် စကားနှင့်အညီ လူငယ်များသည် အနာဂတ်ခေါင်းဆောင်များဖြစ်သဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်စေရေး အလေးပေးဆောင်ရွက်သင့်သကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အဟန့်အတားတစ်ခုဖြစ်သည့် အဂတိလိုက်စားမှုကိုလည်း လူငယ်ထု၏ ပူးပေါင်းပါဝင်မှုဖြင့် တိုက်ထုတ်သွားရန် လိုအပ်သည်။

### လူငယ်တွေနဲ့ ဘာလို့ ပူးပေါင်းဆောင်ရွက်သင့်တာလဲ

ကမ္ဘာ့လူဦးရေဆိုင်ရာ အချက်အလက်များကို စုစည်းတင်ပြလေ့ရှိသည့် Population Reference Bureau(PRB) ၏ ၂၀၁၃ ခုနှစ် အစီရင်ခံစာအရ ကမ္ဘာ့လူဦးရေ စုစုပေါင်း၏ ၂၅ ရာခိုင်နှုန်းသည် အသက် ၁၀ နှစ်မှ ၂၄ နှစ်ကြား လူငယ်များဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ၃၂ ရာခိုင်နှုန်းခန့်ရှိသည်ဟု ဖော်ပြထားသည်။ အဆိုပါ အချက်အလက်အရ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် လူငယ်များ၏ အခန်းကဏ္ဍကို မြှင့်တင်၍ လူငယ်များ ပိုမိုပါဝင်လာစေရေး ဆောင်ရွက်သင့်သည်ကို မီးမောင်းထိုးပြလျက်ရှိသည်။

အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုအဖွဲ့ (Transparency International–TI)၏ ၂၀၀၉ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ လူငယ်များသည် လူ့အဖွဲ့အစည်း၏ပမာဏများသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး လူငယ်အများစုသည် အဂတိ လိုက်စားမှုကို ကျူးလွန်ရန် လွယ်ကူသကဲ့သို့ လာဘ်ပေးလာဘ်ယူမှုကို လွယ်လင့်တကူပြုလုပ်နိုင်သော အသက်အရွယ်ပင်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုအဖွဲ့၏ ၂၀၁၃ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် စစ်တမ်းရလဒ်တစ်ခုအရ အသက် ၃၀ နှစ်အောက် လူငယ်များ၏ ၂၇ ရာခိုင်နှုန်းသည် လွန်ခဲ့သော ၁၂ လအတွင်း လာဘ်ပေးမှုကို ပြုလုပ်ခဲ့သည်ကို လေ့လာတွေ့ရှိရသည်။




မြန်မာ့ရေးရာ လေ့လာရေးအဖွဲ့၏ ၂၀၁၇ ခုနှစ် ဇူလိုင်လက ထုတ်ဝေခဲ့သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ လေ့လာချက်စစ်တမ်းအရ လူဦးရေ ၇၉၄ ဦးကို စစ်တမ်းကောက်ယူခဲ့ရာ လူဦးရေ ၅၀၀ သည် အဂတိလိုက်စားမှုကို ကိုယ်တိုင်ကြုံဖူးခဲ့ကြသည်ဟု ဖြေဆိုကြပြီး ၁၀၈ ဦးမှာ အသက် ၃၅ နှစ်အောက် လူငယ်များဖြစ်သည်ကို လေ့လာတွေ့ရှိရသည်။

### ဘယ်လိုနည်းလမ်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မလဲ

အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုအဖွဲ့အနေဖြင့် လူငယ်များ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများတွင် ပါဝင်လာနိုင်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖြောင့်မတ်တည်ကြည်မှု လူငယ်စခန်းများ ဖွင့်လှစ်ခြင်း၊ အခြေခံပညာကျောင်းများ တက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး လူငယ်လှုပ်ရှားမှုကွန်ရက်များ ဖန်တီးပေးခြင်း၊ မီဒီယာများကိုအသုံးပြု၍ အသိပညာပေးခြင်းနှင့် ပြပွဲပြိုင်ပွဲများ ကျင်းပပြုလုပ်ခြင်းတို့သည် အဓိကလုပ်ငန်းများဖြစ်သည်ကို ထောက်ပြထားသည်။

### ဖြောင့်မတ်တည်ကြည်မှု လူငယ်စခန်းများဖွင့်လှစ်ခြင်း

ဖြောင့်မတ်တည်ကြည်မှု လူငယ်စခန်းများ၏ အဓိကရည်ရွယ်ချက်မှာ ဖြောင့်မတ်တည်ကြည်မှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ရှိခြင်းတို့ဖြင့် အနာဂတ်လူ့အသိုက်အဝန်းကို ပုံဖော်ရန်နှင့် လူ့အသိုက်အဝန်းအတွင်း လိုက်လျောညီထွေ နေထိုင်တတ်စေရန်အတွက် အရေးကြီးဆုံးသော အရာများဖြစ်သဖြင့် မိမိတို့ကိုယ်တိုင် သိရှိနားလည် လိုက်နာကျင့်သုံးလာနိုင်စေရန် လူငယ်များသို့ အသိပညာပေးရန်ပင်ဖြစ်သည်။ ထို့အပြင် ကဏ္ဍပေါင်းစုံမှ လူငယ်များနှင့် လူငယ်ခေါင်းဆောင်များကို ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုအပြည့်အဝရှိသော ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းလာစေရေးကို အဓိက အကောင်အထည်ဖော်သူများ ဖြစ်လာစေရန် ရည်ရွယ်သည်။

ဖြောင့်မတ်တည်ကြည်မှု လူငယ်စခန်းများတွင် ပါဝင်တက်ရောက်သူများသည် သတင်းမီဒီယာသမားများ၊ ကျောင်းသားများ၊ အနုပညာရှင်များ၊ ဝန်ထမ်းများစသည့် နယ်ပယ်ပေါင်းစုံကို ကိုယ်စားပြုသူများဖြစ်ကြသဖြင့် ၎င်းတို့နယ်ပယ်အလိုက် အတွေ့အကြုံများကို အပြန်အလှန်မျှဝေနိုင်ခြင်းသည်လည်း ဖြောင့်မတ်တည်ကြည်မှု လူငယ်စခန်းများ၏ အနှစ်သာရများဖြစ်သည်။

Transparency International–TI ၏ ဖော်ပြမှုအရ ကမ္ဘာပေါ်တွင် လူငယ်ဒီမိုကရေစီရေးရာ စခန်းသွင်းလေ့ကျင့်ခြင်းများနှင့် ဖြောင့်မတ်တည်ကြည်မှု လူငယ်စခန်းများကို စတင်ပြုလုပ်ခဲ့သည့်နိုင်ငံမှာ ပါပူဝါနယူးဂီနီနိုင်ငံဖြစ်ပြီး ၂၀၀၈ ခုနှစ်က ပြုလုပ်ခဲ့သည့် ဖြောင့်မတ်တည်ကြည်မှု လူငယ်စခန်း တက်ရောက်ပြီးဆုံးခဲ့သော သင်တန်းသားများ၏ သဘောထားတုံ့ပြန်မှုများအရ အဆိုပါစခန်းတွင် ပါဝင်တက်ရောက်သူများအနေဖြင့် အဂတိလိုက်စားမှု၏ အနက်အဓိပ္ပာယ်ကို ပိုမိုနက်ရှိုင်းကျယ်ပြန့်စွာ နားလည်လာသကဲ့သို့ လူအများစုသည် အဂတိလိုက်စားမှုများတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပါဝင်ပတ်သက်လေ့ရှိသည့် အချက်ကို လေ့လာသင်ယူခဲ့ရသည်ဟု မှတ်ချက်ပြုကြသည်။

### အခြေခံပညာ စာသင်ကျောင်းများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

အဖွဲ့အစည်းများအနေဖြင့် အခြေခံပညာ စာသင်ကျောင်းများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များကို လူငယ်ထုသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ဖြောင့်မတ်တည်ကြည်မှု အသိပညာပေးခြင်းလုပ်ငန်းများအတွက် ဝင်နိုင်ထွက်နိုင်သော တံခါးတစ်ချပ်အဖြစ် အသုံးပြုလာကြသည်။ သို့ရာတွင် လက်ရှိအကောင်အထည်ဖော်နေသည့် သင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းရန်နှင့် ကျောင်းသင်ခန်းစာများအတွက် သတ်မှတ်ထားသည့် အချိန်များမှ ဖဲ့ထုတ်ပေးရန်ဆိုသည့် အချက်မှာ များစွာခက်ခဲလှသည်။

သို့ရာတွင် စာသင်ကျောင်းများတွင်ရှိပြီးဖြစ်သော သင်ထောက်ကူပစ္စည်းများနှင့် အခြားဆက်စပ်ပစ္စည်းများကို လွယ်ကူစွာအသုံးပြုနိုင်ခြင်းနှင့် လူငယ်များအတွက် ရင်းနှီးပြီးသော ပတ်ဝန်းကျင်တွင် လေ့ကျင့်သင်ကြားနိုင်ခြင်းစသည့် အားသာချက်များလည်း ရှိပေသည်။ စာသင်ကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များသည် လူငယ်များ လေးစားတန်ဖိုးထားသည့် နေရာများအနက်မှ တစ်ခုဖြစ်သဖြင့် လူငယ်ပညာပေးလုပ်ငန်းများကို အဆိုပါနေရာများတွင်သာ ပြုလုပ်သင့်သည်ဟု ပညာရှင်များက သုံးသပ်ထားကြသည်။

Amnesty International(AI) ၏ ၂၀၀၆ ခုနှစ်က ထုတ်ပြန်ခဲ့သည့် စာတမ်းတစ်ခုအရ လူငယ်အများစုသည် နေ့စဉ်ပုံမှန် စာပေလေ့လာသင်ကြားမှုမျိုးကို ငြီးငွေ့တတ်ကြသဖြင့် စာသင်ကျောင်းများတွင် စာတမ်းဖတ်ပွဲများ၊ စာပေဟောပြောပွဲများ၊ စကားဝိုင်းဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် အခြားသောအသိပညာပေးအစီအစဉ်များ ပြုလုပ်ခြင်းသည် လူငယ်များ၏ စိတ်ပါဝင်စားမှုကို ပိုမိုရရှိနိုင်ကြောင်း ထောက်ပြခဲ့သည်။ ထို့ကြောင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများအနေဖြင့် စာသင်ကျောင်းများနှင့် ပူးပေါင်း၍ လူငယ်များသို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ဆွေးနွေးပွဲများနှင့် အခြားသောလှုပ်ရှားမှုများကို ပြုလုပ်လာကြသည်။

ထို့ပြင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ သင်ရိုးညွှန်းတမ်းများကို ရေးဆွဲခြင်း၊ ကိုယ်တိုင်ဖတ်ရှုလေ့လာနိုင်ရန် ရည်ရွယ်သည့် ရည်ညွှန်းစာအုပ်များပြုစုခြင်းတို့ကို တွင်တွင်ကျယ်ကျယ် လုပ်ဆောင်လာကြသည်။ ဥပမာအနေဖြင့် ၂၀၁၅ ခုနှစ်တွင် ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပခဲ့သည့် ကုလသမဂ္ဂ၏ ပြစ်မှုတားဆီးကာကွယ်ရေးနှင့် ပြစ်မှုတရားစီရင်ရေးဆိုင်ရာ (၁၃) ကြိမ်မြောက် ညီလာခံတွင် အတည်ပြုခဲ့သည့် ဒိုဟာထုတ်ပြန်ကြေညာချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ အစီအစဉ်တစ်ခုအနေဖြင့် ကမ္ဘာတစ်လွှားမှ တက္ကသိုလ်အဆင့် ကျွမ်းကျင်ပညာရှင်များက ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ လက်ရှိပကတိဖြစ်ပေါ်

*စာမျက်နှာ ၁၂ သို့*

**❖ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ-၁၆ (ည)ပါ ပြဋ္ဌာန်းချက်နှင့်အညီ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး သင်ခန်းစာများကို အခြေခံပညာ မူလတန်းအဆင့်မှ စတင်သင်ကြားနိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ရခိုင်ပြည်နယ်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြည့်ရှုအားပေး

**စစ်တွေ ဇွန် ၂၆**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး သည် ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေ မြို့နယ်အတွင်းရှိ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်လျက်ရှိသော ရာနှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြစ်သည့် Inn Pauk Wa Co., Ltd. ၏ ဟိုတယ်တည်ဆောက်ရေးလုပ်ငန်း နေရာသို့ သွားရောက်ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

ထိုသို့ကြည့်ရှုစဉ် ကုမ္ပဏီမှတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးသည် စစ်တွေမြို့နယ်အတွင်းရှိ ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် BXT International Co., Ltd. က ဆောင်ရွက်လျက်ရှိသော မြေဖို့မြေယာဖော်ထုတ်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုအားပေးရာ ကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုနှင့် လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



---

❂ *ကျောဖုံးမှ*

တိုက်စစ်၊ ခံစစ်အားကောင်းသည့်အသင်းဟု ဆိုနိုင်သည်။ ပြိုင်ဘက် ချက်အသင်းသည် အုပ်စု (D) တွင် အင်္ဂလန်၊ ခရိုအေးရှား၊ စကော့တလန်အသင်းတို့နှင့် အတူ ကျရောက်ခဲ့ပြီး သုံးပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် လေးမှတ်နှင့်အတူ အကောင်းဆုံး အုပ်စုတတိယဖြင့် ၁၆ သင်းအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

နယ်သာလန်အသင်းနှင့် ချက်အသင်းတို့သည် ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် နှစ်ကြိမ်တွေ့ဆုံထားပြီး ချက်အသင်းကသာ နှစ်ကြိမ်စလုံး နိုင်ပွဲရယူထားသည်။ ထို့ကြောင့် နယ်သာလန်အသင်းသည် ချက်အသင်းနှင့်တွေ့ဆုံတိုင်း ရလဒ်မကောင်းတတ်သည့်အစဉ်အလာဆိုးကို ယခုအကြိမ် တွေ့ဆုံမှုတွင် ချေဖျက်ကာ ယူရိုပြိုင်ပွဲ နောက်တစ်ဆင့်သို့ တက်ရောက်သွားနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။

ဇွန် ၂၈ ရက် နံနက် ၁ နာရီခွဲတွင် နာမည်ကြီး ဘယ်လ်ဂျီယံအသင်းနှင့် လက်ရှိချန်ပီယံ ပေါ်တူဂီအသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ဘယ်လ်ဂျီယံအသင်းသည် အုပ်စု (B) တွင် ဒိန်းမတ်၊ ဖင်လန်၊ ရုရှားအသင်းတို့နှင့်အတူ ကျရောက်ခဲ့ပြီး သုံးပွဲကစား သုံးပွဲနိုင် ရမှတ် ကိုးမှတ်နှင့်အတူ အုပ်စုပထမဖြင့် ၁၆ သင်းအဆင့်သို့ တက်လှမ်းလာနိုင်ခြင်းဖြစ်သည်။ လက်ရှိ ချန်ပီယံပေါ်တူဂီအသင်းက အုပ်စု (F) တွင် ပြင်သစ်၊ ဂျာမနီ၊ ဟန်ဂေရီအသင်းတို့နှင့် အတူ ကျရောက်ခဲ့ပြီး သုံးပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ်လေးမှတ်နှင့်အတူ အကောင်းဆုံးအုပ်စု တတိယဖြင့် ၁၆ သင်းအဆင့်သို့ တက်လှမ်းလာနိုင်ခြင်းဖြစ်သည်။ ဘယ်လ်ဂျီယံအသင်းနှင့် ပေါ်တူဂီအသင်းတို့ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့တွင် ချစ်ကြည်ရေးခြေစမ်းပွဲနှစ်ကြိမ် ယှဉ်ပြိုင်ကစားခဲ့ကာ ပေါ်တူဂီအသင်းက အသာရ၍ တစ်ကြိမ်နိုင်ပြီး တစ်ကြိမ် သရေကျထားသည်။

ယနေ့ပွဲစဉ်တွင် စောင့်ကြည့်ရမည့်ကစားသမားအဖြစ် ဘယ်လ်ဂျီယံအသင်းမှ လူကာကူနှင့် ပေါ်တူဂီအသင်းမှ စီရော်နယ်ဒိုတို့ရှိနေသည်။ လူကာကူသည် အုပ်စုတွင်း ပြိုင်ပွဲသုံးပွဲတွင် သုံးဂိုးသွင်းယူပေးထားနိုင်ပြီး စီရော်နယ်ဒိုက အုပ်စုတွင်းပြိုင်ပွဲသုံးပွဲတွင် ငါးဂိုးအထိ သွင်းယူပေးထားသည်။ ထို့အပြင် စီရော်နယ်ဒိုသည် ပြီးခဲ့သည့် ပြင်သစ်အသင်းနှင့်တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သောပွဲစဉ်တွင် ပေါ်တူဂီအသင်းအတွက် နှစ်ဂိုးသွင်းယူပေးထားနိုင်သောကြောင့် နိုင်ငံတကာသွင်းဂိုးအများဆုံး စံချိန်တင်ထားသည့် အီရန်ကစားသမား အလီဒါယီ၏ ၁၀၉ ဂိုး စံချိန်ကို လိုက်မီခဲ့သည်။ ထို့ကြောင့် စီရော်နယ်ဒိုအနေဖြင့် ယနေ့ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့ပါက အဆိုပါကစားသမား၏စံချိန်ကို ကျော်ဖြတ်ကာ စံချိန်သစ်တင်နိုင်ရန် အခွင့်အရေးရှိနေသည်။

တိုက်စစ်ပိုင်းထက်မြက်ကာ အသင်းလိုက်စုဖွဲ့မှု အားကောင်းနေသည့် ဘယ်လ်ဂျီယံအသင်းအနေဖြင့် စီရော်နယ်ဒိုဦးဆောင်သည့် လက်ရှိချန်ပီယံ ပေါ်တူဂီအသင်းကို အနိုင်ယူကာ ယူရိုပြိုင်ပွဲနောက်တစ်ဆင့်သို့ တက်လှမ်းသွားနိုင်မလား စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**အောင်ဇော်**

---

*စာမျက်နှာ ၁၁ မှ*

နေမှုအပေါ် လေ့လာသုံးသပ်၍ ပြုစုခဲ့သည့် Education for Justice (E4J) Initiative ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်များဖြစ်သည်။

**မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ကြိုးပမ်းအားထုတ်မှုများ**

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများတွင် အနာဂတ်ကာလ၌ လူငယ်များ ပါဝင်လာရေးကို အလေးပေးဆောင်ရွက်ရာမှာ ကျောင်းပညာရေးစနစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်ခန်းစာများကို ထည့်သွင်းရေးဆွဲခြင်းသည် ပိုမိုအရေးပါထိရောက်နိုင်သဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ-၁၆ (ည)ပါ ပြဋ္ဌာန်းချက်နှင့်အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး သင်ခန်းစာများကို အခြေခံပညာ မူလတန်းအဆင့်မှ စတင်သင်ကြားနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးသည် ပဓာနကျလှသဖြင့် ကျောင်းနေအရွယ် ကလေးသူငယ်များအား ငယ်ရွယ်ချိန်မှစ၍ ဖြောင့်မတ်တည်ကြည်မှုကို နားလည်သဘောပေါက် တန်ဖိုးထားတတ်စေရေး၊ မကောင်းမှုဟူသမျှကို ဆိတ်ကွယ်ရာတွင်ပါ ပြုမူခြင်းမရှိဘဲ အဂတိလိုက်စားမှု အလေ့အကျင့်များကို လုံးဝလက်မခံသည့် ခံယူချက်များ တိုးပွားလာစေရေး ရည်ရွယ်၍ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်အနေဖြင့် အခြေခံပညာမူလတန်းအဆင့် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ဆရာကိုင်စာအုပ်များကို ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြုစု၍ စာအုပ်ရေ ၄၀၀၀၀ ကို ၁၈.၁၀.၂၀၁၈ ရက်က ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့သည်။

ဒုတိယခြေလှမ်းအဖြစ် အခြေခံပညာအလယ်တန်းအဆင့် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ဆရာကိုင်စာအုပ်များကို ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြုစု၍ စာအုပ်ရေ ၄၀၀၀၀ ကို ၂၉.၇.၂၀၁၉ ရက်တွင် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့အပြင် အထက်တန်းအဆင့် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အသိပညာဗဟုသုတများ ရရှိစေရန်၊ အဂတိလိုက်စားမှုကို ရှက်ရွံ့သည့်၊ ဆန့်ကျင်သည့်၊ တွန်းလှန်တိုက်ဖျက်လိုသည့် လူငယ်လူရွယ်များ ဖြစ်လာစေရန်၊ လူ့အဖွဲ့အစည်းအတွင်း အများအကျိုးကို သယ်ပိုးတတ်သူများဖြစ်လာစေရန်နှင့် အထူးသဖြင့် အကောင်းအဆိုး၊ အကြောင်းအကျိုးနှင့် အမှား/အမှန်ကို ဝေဖန်ပိုင်းခြားတတ်စေရန် ရည်ရွယ်ကာ အခြေခံပညာ အထက်တန်းအဆင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ရည်ညွှန်းစာစောင်များကို ထပ်မံပြုစုခဲ့ပြီးဖြစ်သည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရာတွင် လူငယ်တို့၏ ပါဝင်ဆောင်ရွက်နိုင်မှု အခန်းကဏ္ဍကို အသိအမှတ်ပြုရန်၊ လူငယ်ထု ပါဝင်နိုင်ရေးအတွက် စဉ်းစားဆောင်ရွက်ပေးရန်နှင့် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူငယ်တို့လိုက်နာသင့်သော ကျင့်ဝတ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ဖြောင့်မတ်တည်ကြည်မှု လူငယ်စခန်း ၁/၂၀၁၉ ကို နေပြည်တော်နှင့် ဖြောင့်မတ်တည်ကြည်မှု လူငယ်စခန်း ၂/၂၀၁၉ ကို မန္တလေးမြို့တို့တွင် ဖွင့်လှစ်ခဲ့ပြီး တက္ကသိုလ်၊ ကောလိပ် ၂၂ ခုမှ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ ၂၃၈ ဦး ပါဝင်တက်ရောက်ခဲ့သည်။

ပါဝင်တက်ရောက်သူများအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဗဟုသုတများ၊ ဖြောင့်မတ်တည်ကြည်မှုနှင့် လူ့ကျင့်ဝတ်ဆိုင်ရာ သဘောသဘာဝနှင့် စံနှုန်းများကို လေ့လာနိုင်ပြီး နေ့စဉ်လူနေမှုဘဝတွင် ကြုံတွေ့ရနိုင်သည့် ကျင့်ဝတ်ဆိုင်ရာ အကျပ်အတည်းများနှင့် အဂတိလိုက်စားမှုဖြစ်ပေါ်နိုင်သည့် အန္တရာယ်များကို လက်တွေ့ကျကျ ရင်ဆိုင်ကျော်လွှားနိုင်ကာ အဂတိလိုက်စားမှုကို လုံးဝလက်မခံသော လူမှုအသိုက်အဝန်းတစ်ခုကို တည်ဆောက်နိုင်မည်ဖြစ်သည်။

အထူးဆောင်ရွက်ချက်တစ်ခုအနေဖြင့် တက္ကသိုလ်အဆင့် ကျောင်းသား ကျောင်းသူများ၊ ပြည်သူ့ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို စိတ်ပါဝင်စားသူများ ဖတ်ရှုလေ့လာနိုင်ရေးအတွက် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး(United Nations Office on Drugs and Crime – UNODC)၏ Education for Justice(E4J) Initiative၊ University Module Series မှ ၂၀၁၈ ခုနှစ် မတ်လက ထုတ်ဝေခဲ့သော Integrity and Ethics Module များနှင့် ၂၀၁၉ ခုနှစ် စက်တင်ဘာလက ထုတ်ဝေခဲ့သော Anti–Corruption Module များကို ဘာသာပြန်ဆို၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေး တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်(၁) နှင့် ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ် တက္ကသိုလ်အဆင့် ရည်ညွှန်း စာစောင် (၁)နှင့် (၂)တို့ကို တက္ကသိုလ်အဆင့် ကျောင်းသား ကျောင်းသူများသို့ စတင်ဖြန့်ဝေခဲ့ပြီးဖြစ်သည်။

လူ့အဖွဲ့အစည်းတွင် လူငယ်များသည် ဖြောင့်မတ်တည်ကြည်မှုကို ကိုယ်ပိုင်အသိတရားဖြင့် တန်ဖိုးထားအပ်ပြီး လက်တွေ့လိုက်နာကျင့်ကြံအားထုတ်တတ်စေရန်၊ အခြေခံ စည်းကမ်းမူဘောင်များနှင့် ကျင့်ဝတ်များကို လိုက်နာခြင်းဖြင့် လူ့ဘောင်အဖွဲ့အစည်းအတွက် အကျိုးပြုသူများ ဖြစ်လာစေရန်၊ မိမိတို့၏ လူ့အဖွဲ့အစည်းအပေါ် မှန်ကန်ကောင်းမွန်သော အတွေးအမြင်များ ရရှိစေရန်၊ လူတိုင်းသည် မိမိတို့၏ လုပ်ဆောင်မှုတိုင်းအတွက် တာဝန်ယူမှုရှိစေရန်နှင့် ပြည်သူ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများအတွင်း အများပြည်သူဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှု (Public Integrity) ဖွံ့ဖြိုးတိုးတက်စေရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးမှုကို နိုင်ငံတစ်ဝန်း အလေးထားဆောင်ရွက်လျက်ရှိသကဲ့သို့ ယနေ့အလေ့အကျင့်ကောင်းများနှင့် ဖြောင့်မတ်တည်ကြည်သော မျိုးဆက်သစ်များအနေဖြင့် အနာဂတ်နိုင်ငံတော်၏ "အဂတိပယ်ခွာ ပြည်သာယာ" ပုံရိပ်များကို ကြိုးပမ်းတည်ဆောက်နိုင်ကြလိမ့်မည်ဟု ယုံကြည်မိပါသည်။ ။

**ကိုးကား**

၁။ TI – U4 Anti–Corruption Resource Centre, U4 Expert Answer

၂။ Annual Reports of Anti–Corruption Commission

၃။ www.accm.gov.mm

# အီရန်နိုင်ငံ၏ အရေးပါဆုံး ခေါင်းဆောင် ခါမေနီကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေး

**တီဟီရန် ဇွန် ၂၆**

အီရန်နိုင်ငံ၏ အရေးပါဆုံးခေါင်းဆောင်ဖြစ်သည့် အယာတိုလာအလီခါမေနီသည် ပြည်တွင်းလုပ် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှုခံယူပြီးပြီဟု သိရသည်။ ဇွန် ၂၅ ရက်တွင် ကာကွယ်ဆေးထိုးနှံမှုခံယူခဲ့သည်ဟု မီဒီယာများက ပြောသည်။

အဆိုပါကာကွယ်ဆေးမှာ ယခုလအတွင်းကမှ အရေးပေါ် သုံးစွဲခွင့်အတွက် အတည်ပြုပေးထားသည့် ဆေးဖြစ်သည်။ နိုင်ငံခြားဖြစ်ကာကွယ်ဆေးကို ထိုးနှံလိုခြင်းမရှိဟု ခါမေနီက ပြောကြားခဲ့သည်ဟု သိရသည်။

တိုင်းပြည်အတွင်းရှိ လူငယ်သိပ္ပံပညာရှင်များကို ကျေးဇူးတင်ကြောင်းလည်း ၎င်းက ပြောကြားခဲ့သည်။

ဇန်နဝါရီလအတွင်းက အမေရိကန်လုပ် ကိုဗစ်-၁၉ ကာကွယ်ဆေးများ တင်သွင်းခြင်းကို ခါမေနီက ပိတ်ပင်ခဲ့သည်။ အဆိုပါ ကာကွယ်ဆေးများမှာ မယုံကြည်ရဟု ၎င်းက ပြောကြားခဲ့သည်။

ဖေဖော်ဝါရီလမှစတင်ကာ တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံထုတ် ကာကွယ်ဆေးများကို အီရန်တွင် စတင်ထိုးနှံပေးခဲ့သည်။ အီရန်နိုင်ငံတွင် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်မှုမှာ ၁၀၀၀၀ ကျော် ရှိသည်။ ဇွန် ၂၅ ရက်အထိ လူပေါင်း ၄ ဒသမ ၅ သန်း သို့မဟုတ် လူဦးရေစုစုပေါင်း ငါးရာခိုင်နှုန်း ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးပြီးဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



အယာတိုလာအလီခါမေနီကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။



အာဖဂန်နစ္စတန်သမ္မတ အက်ရှရက်ဖ်ဂါနီနှင့် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်။

## အာဖဂန်နစ္စတန်ကို ထောက်ပံ့ကူညီမှုများ ဆက်လက်ပြုလုပ်မည်ဟု အမေရိကန်သမ္မတပြော

**ဝါရှင်တန် ဇွန် ၂၆**

အမေရိကန် ပြည်ထောင်စုသည် အာဖဂန်နစ္စတန်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့ဝင်များ ထွက်ခွာသွားပြီးနောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှု ရရှိစေရေးအတွက် ကူညီထောက်ပံ့ပေးမှုများ ဆက်လက် လုပ်ဆောင်မည်ဟု အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောသည်။

ဇွန် ၂၅ ရက်တွင် အမေရိကန်သမ္မတနှင့် အာဖဂန် နစ္စတန်သမ္မတ အက်ရှရက်ဖ်ဂါနီတို့ အိမ်ဖြူတော်တွင် တွေ့ဆုံခဲ့ကြသည်။ အာဖဂန်နစ္စတန်အပေါ် သံတမန်အရေးနှင့် စီးပွားရေးအတွက် အကူအညီပေးမှုများမှာ ယခင်အတိုင်း ဆက်လက် မပြောင်းလဲဘဲ ထောက်ပံ့ပေးမည်ဟု အမေရိကန်သမ္မတက ပြောကြားခဲ့သည်။

သို့သော်လည်း အာဖဂန်နစ္စတန်သည် ကိုယ်ပိုင်အနာဂတ်အတွက် ဆုံးဖြတ်ရမည်ဟုလည်း ပြောကြားခဲ့သည်။ နှစ်ဦးနှစ်ဖက် အကျိုးစီးပွားကို အခြေခံကာ အမေရိကန် - အာဖဂန် ဆက်ဆံရေး ခြေလှမ်းသစ်အတွက် ကြိုဆိုကြောင်းပြောကြားခဲ့သည်။

စက်တင်ဘာ ၁၁ ရက်တွင် အာဖဂန်နစ္စတန်မြေပေါ်မှ အမေရိကန် တပ်ဖွဲ့ဝင်များအားလုံး ရုပ်သိမ်းတော့မည်ဟု ယခုနှစ်အစောပိုင်းတွင် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ကြေညာခဲ့သည်။

သို့သော်လည်း မေလအတွင်းမှစတင်ကာ အမေရိကန်တို့ဘက်မှ ဆုတ်ခွာမှုများ စတင်ပြုလုပ်စဉ် တာလီဘန်တို့သည် ၎င်းတို့ ထိန်းချုပ်ထားသည့် နယ်မြေများကို ချဲ့ထွင်ခဲ့သည်။

ထို့ပြင် ဒေသတွင်းရှိ အိုင်အက်စ် စစ်သွေးကြွအုပ်စုသည်လည်း ပြင်းထန်သည့် တိုက်ခိုက်မှုများကို ပြုလုပ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## အစ္စရေးတွင် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရမည့်အမိန့် ပြန်လည်ချမှတ်

**ဂျေရုဆလင် ဇွန် ၂၆**

အစ္စရေးတွင် ဗီဇပြောင်း ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကြောင့် အဆောက်အအုံအတွင်း ပါးစပ်၊ နှာခေါင်းစည်းမဖြစ်မနေ ပြန်လည်တပ်ဆင်ရမည့် အမိန့်ကို ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဇွန် ၂၅ ရက်တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အစ္စရေးပြည်သူများအနေဖြင့် အဆောက်အအုံအတွင်းသာမက အဆောက်အအုံပြင်ပတွင် ပြုလုပ်သည့် လူစုလူဝေးပွဲများတွင်ပါ ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရမည်ဖြစ်သည်။ တိုင်းပြည်အတွင်း အသက် ၁၆ နှစ်နှင့် အထက် လူပေါင်း ၈၀ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးပြီးဖြစ်သည်။

အစ္စရေးအစိုးရသည် ဇွန် ၁၅ ရက်တွင် အဆောက်အအုံအတွင်း ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရမည့် အမိန့်အပါအဝင် အခြားသော ကန့်သတ်ချက်များကို ဖယ်ရှားပေးခဲ့သည်။

မကြာသေးမီ သီတင်းပတ်များအတွင်း နေ့စဉ် ကူးစက်မှုနှုန်းမှာ နှစ်ဆနီးပါး ကျဆင်းခဲ့သည်။ သို့သော်လည်း ဇွန် ၂၄ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၀၀ ကျော်ရှိလာခဲ့သည်။ အိန္ဒိယတွင် တွေ့ရှိရသည့် ဗီဇပြောင်း ကိုဗစ်-၁၉ ကူးစက်မှုများဟု ယူဆရသည်။

အစိုးရသည် အသက် ၁၂ နှစ်မှ ၁၅ နှစ်ကြား ကလေးများကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေစဉ် လေဆိပ်တွင်လည်း အသွားအလာ ကန့်သတ်မှုများကို ပြန်လည်ပြုလုပ်နေသည်။ အစ္စရေးနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် ပြင်းပြင်းထန်ထန် ခံစားရသည့် လူနာအရေအတွက်မှာမူ ဆက်လက်နိမ့်ပါးနေဆဲဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



အစ္စရေးနိုင်ငံ ဂျေရုဆလင်တွင် သွားလာလှုပ်ရှားနေကြသူများကို တွေ့ရစဉ်။

## ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၂၀၀၁ ဦး ထပ်တိုးလာ

**ဆော်ပိုလို ဇွန် ၂၆**

ဘရာဇီးနိုင်ငံတွင် ဇွန် ၂၅ ရက်က ကိုဗစ် -၁၉ ကြောင့် သေဆုံးသူ ၂၀၀၁ ဦး ထပ်တိုးခဲ့ပြီးနောက် စုစုပေါင်းသေဆုံးသူ အရေအတွက်မှာ ၅၁၁၁၄၂ ဦးအထိ ရှိလာသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ဇွန် ၂၅ ရက်တွင် ပြောသည်။

ထို့ပြင် နောက်ထပ်ကူးစက်ခံရသူ အရေအတွက်မှာ ၇၉၂၇၇ ဦး တွေ့ရှိခဲ့ပြီးနောက် ကူးစက်ခံရသူပေါင်း ၁၈၃၂၂၇၆၀ အထိ ရှိလာခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ဘရာဇီးနိုင်ငံသည် ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ဒုတိယအမြင့်ဆုံးနိုင်ငံလည်း ဖြစ်သည်။ ကူးစက်မှုနှုန်းတွင်မူ အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့ပြီးလျှင် တတိယကူးစက်မှုအမြင့်ဆုံး နိုင်ငံဖြစ်သည်။

တောင်အမေရိကနိုင်ငံဖြစ်သည့် ဘရာဇီးနိုင်ငံသည် ကိုဗစ်-၁၉ နောက်ထပ်လှိုင်းသစ်ဖြင့် ရင်ဆိုင်နေရပြီး ဆေးရုံများတွင်လည်း လူနာများနှင့် ပြည့်နေသည်။

လူပေါင်း ၉၃ ဒသမ ၃ ရာခိုင်နှုန်းကို အနည်းဆုံး တစ်ကြိမ် ကာကွယ်ဆေးထိုးပေးပြီးဖြစ်ပြီး ၂၄ ဒသမ ၉ သန်းမှာ နှစ်ကြိမ်တိုင် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးပြီးဖြစ်သည်ဟု သိရသည်။

**ဆင်ဟွာ**

## ချီလီနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ၂၂ သန်းကျော် ထိုးပေးပြီးဖြစ်

**ဆန်တီယာဂို ဇွန် ၂၆** - ချီလီနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ၂၂ သန်းကျော်ကို ထိုးနှံပေးပြီးဖြစ်သည်ဟု သိရသည်။ ပစ်မှတ်ထားသည့်လူဦးရေ၏ ၆၆ ရာခိုင်နှုန်းကျော်ကို ကာကွယ်ဆေးထိုးပေးပြီးပြီဟု ကျန်းမာရေးဝန်ကြီးဌာနက ဇွန် ၂၅ ရက်တွင် ပြောကြားခဲ့သည်။

ချီလီနိုင်ငံ၏ ရည်မှန်းချက်မှာ လူဦးရေ ၁၅ သန်းကို ကာကွယ်ဆေးထိုးပေးရန်ဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့်တွက်လျှင် ၈၀ ရာခိုင်နှုန်းရှိသည်။ ကျန်းမာရေးဝန်ကြီး အန်ရီကီတ်ပဲရစ်၏ ပြောကြားချက်အရ ကာကွယ်ဆေးအလုံးရေ ၂၂၁၁၆၈၆ လုံးကို ထိုးနှံပေးပြီးဖြစ်သည်။ ဇွန် ၂၉ ရက်တွင် မြို့ပေါင်း ၂၄ မြို့တွင်အသွားအလာ ကန့်သတ်မှုများကို ဖြေလျှော့ပေးမှုများ ပြုလုပ်သွားမည်ဟု ချီလီအစိုးရက ကြေညာခဲ့သည်။ ပြီးခဲ့သည့်ဇွန် ၂၄ ရက်ကလည်း မြို့ပေါင်း ၁၀ မြို့တွင် ဖြေလျှော့မှုများ ပြုလုပ်ခဲ့သည်။

**ဆင်ဟွာ**

# ကိုဗစ် -၁၉ကို အကောင်းဆုံးထိန်းချုပ်နိုင်ခဲ့သည့် ဩစတြေးလျနှင့် အစ္စရေးနိုင်ငံတို့တွင် ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်မှုအန္တရာယ်ကြောင့် ကန့်သတ်မှုများပြန်လည်ပြုလုပ်

**နှင်းမိုးအိမ်**

ကိုဗစ် -၁၉ကပ်ရောဂါကို အကောင်းဆုံးထိန်းချုပ် ဖြေရှင်းနိုင်ခဲ့သည့် နိုင်ငံများထဲတွင် ဩစတြေးလျနိုင်ငံလည်း ပါဝင်သည်။ သို့သော် ဒယ်တာဟု အမည်ပေးထားသော ဗီဇပြောင်းကိုဗစ်-၁၉ကူးစက်ခံရသူ ၆၅ ဦး ဆစ်ဒနီမြို့တွေ့ရှိပြီးနောက် ဆစ်ဒနီမြို့ကို အသွားအလာ ပိတ်ဆို့ကန့်သတ်မှုပြုလုပ်ခဲ့သည်ဟု သိရသည်။

### တတိယလှိုင်းကို ကြောက်ရွံ့နေရ

ဩစတြေးလျနှင့် အစ္စရေးနိုင်ငံတို့သည် ကိုဗစ် -၁၉ ကို အကောင်းဆုံး ထိန်းချုပ်ကာကွယ်နိုင်ခဲ့ကြသည်။ သို့သော်လည်း ကူးစက်မြန် ဒယ်တာ ဗိုင်းရပ်စ်ကူးစက်မှုများ တွေ့ရှိလာရပြီးနောက် ဇွန်၂၅ ရက်တွင် အသွားအလာ ပိတ်ဆို့ကန့်သတ်မှုများ ပြုလုပ်လာရသည်။

အဆိုပါ ဗီဇပြောင်း ကိုဗစ် – ၁၉ ကူးစက်မှုကြောင့် အာဖရိကကို ကိုဗစ် – ၁၉ တတိယကျော့ကို ကြောက်ရွံ့နေရသည်။ ဩစတြေးလျ နိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သည့် ဆစ်ဒနီမြို့လယ်တွင် အသွားအလာ ပိတ်ဆို့ကန့်သတ်မှုများ စတင်နေပြီဖြစ်သည်။

### ဝန်ခံပြောဆို


ဒေသအတွင်း ကူးစက်မှု အနည်းငယ်ပြန်လည်တွေ့ရှိ ရုံမျှဖြင့် ပုံမှန်လူနေမှုဘဝ ပြန်လည်ရရှိစပြုလာပြီဖြစ်သော ပြည်သူလူထု ကြားတွင် အံ့အားသင့်စရာ ဖြစ်လာခဲ့သည်။ အစ္စရေးနိုင်ငံတွင်လည်း ကိုဗစ် – ၁၉ ကာကွယ်ဆေးကို အရှိန်အဟုန်ဖြင့် ထိုးပေးနိုင်ခဲ့သဖြင့် အဆောက်အအုံအတွင်း ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရမည့် အမိန့်ကို ဖယ်ရှားပေးနိုင်ခဲ့သည်။ သို့သော်လည်း ယခုအခါတွင်မူ ဗီဇပြောင်း ကိုဗစ် –၁၉၏ ကူးစက်မှုအန္တရာယ်ကြောင့် ယင်းအမိန့်ကို ပြန်လည် ချမှတ်ခဲ့ရသည်။ ဖီဂျီနိုင်ငံတွင်လည်း အစောပိုင်းက ကိုဗစ် –၁၉ ထိန်းချုပ်မှုအတွက် အကောင်းဆုံးလုပ်ဆောင်နိုင်ခဲ့သော်လည်း ယခုအခါနိုင်ငံအတွင်း ပျံ့နှံ့မှုများရှိနေပြီဟု ကျန်းမာရေးအာဏာပိုင်များက ဝန်ခံပြောဆိုခဲ့သည်။

### စိုးရိမ်နေကြရပြီဖြစ်

ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးပေးခြင်းဖြင့် ကူးစက်မှုများကို အမြောက်အမြား လျှော့ချနိုင်ခဲ့သည်။ အထူးသဖြင့် ချမ်းသာသည့် နိုင်ငံများတွင် ကိုဗစ် –၁၉ ကာကွယ်ဆေးကို အရှိန်အဟုန်ဖြင့်ထိုး ပေးနိုင်ခဲ့သည်။ ဒယ်တာဟုအမည်ပေးထားသည့် ဗီဇပြောင်းကိုဗစ်–၁၉ ကို အိန္ဒိယနိုင်ငံတွင် စတင်တွေ့ရှိခဲ့ပြီး လူပေါင်း ၃ ဒသမ ၉ သန်းကို သေဆုံးစေခဲ့ပြီးနောက် တတိယအကျော့ရိုက်ခတ်မှုအတွက် စိုးရိမ်နေကြရပြီဖြစ်သည်။ ဩစတြေးလျနိုင်ငံသည်လည်း ကိုဗစ် – ၁၉ကို အကောင်းဆုံး ထိန်းချုပ်နိုင်ခဲ့သည့်နိုင်ငံများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ လူဦးရေ ၂၅ သန်းတွင် ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၃၀၀၀၀ သာရှိခဲ့ပြီး ကိုဗစ်–၁၉နှင့် ဆက်စပ်ပြီး သေဆုံးသူအရေအတွက်မှာလည်း ၉၁၀ သာရှိခဲ့သည်။ ကိုဗစ်– ၁၉ ကူးစက်မှုကို ကြောက်ရွံ့သဖြင့် နယ်စပ်များကို ပိတ်ပစ်ခဲ့သည်။

### ကြောက်စရာအကောင်းဆုံးအချိန်

ဆစ်ဒနီမြို့ အရှေ့ပိုင်းနှင့် အလယ်ပိုင်းဒေသတို့တွင် အနည်းဆုံး သီတင်းတစ်ပတ် နေအိမ်၌သာနေရန် အမိန့်ထုတ်ထားသည်။ နယူးဆောက်ဝေးပြည်နယ်ဝန်ကြီးချုပ် ဂလက်ဒေးဘယ်ရီဂျီကလင်က လည်း ယခုအချိန်မှာ ကပ်ရောဂါ စတင်ရန်အတွက် ကြောက်စရာ




ဆစ်ဒနီမြို့လယ် တစ်နေရာကို တွေ့ရစဉ်။

အကောင်းဆုံးအချိန်ဟု ခေါ်ဝေါ်ခဲ့သည်။ လပေါင်းအတန်ကြာ ကူးစက်မှုအနည်းငယ်သာ တွေ့ရှိရတော့သည့်အတွက် ပုံမှန်လူနေမှုဘဝ ပြန်လည်ရောက်ရှိတော့မည့် ပြည်သူများအတွက် စိတ်အနှောင့် အယှက်ဖြစ် စရာပင် ဖြစ်သည်။

### ပြင်ဆင်ရန်ဆုံးဖြတ်

မကြာသေးခင်ကမှ အဆောက်အအုံများအတွင်း ပါးစပ်၊ နှာခေါင်း စည်းမဖြစ်မနေ တပ်ဆင်ရမည့် အမိန့်ကို ဖယ်ရှားပေးခဲ့သည့် အစ္စရေး နိုင်ငံတွင်လည်း ယခုအခါ ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရမည့် အမိန့်ကို ပြန်လည်ထုတ်ပြန်နေပြီ ဖြစ်သည်။ အစ္စရေးနိုင်ငံသည် ကမ္ဘာပေါ်တွင် ကိုဗစ် –၁၉ ကာကွယ်ဆေးကို အအောင်မြင်ဆုံး ထိုးပေးနိုင်ခဲ့သည့် နိုင်ငံလည်း ဖြစ်သည်။ ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရမည့် အမိန့်ကို ဖယ်ရှားပေးပြီးနောက် ကူးစက်မှုများ ပြန်လည်တွေ့ရှိလာရသည်။ နေ့စဉ် ကိုဗစ် – ၁၉ ကူးစက်မှု ၁၀၀ ကျော်တွေ့ရှိလာရပြီးနောက် အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက ၎င်းတို့ ထုတ်ပြန်ထားသည့်အမိန့်ကို ပြင်ဆင်ရန် ဆုံးဖြတ်ခဲ့သည်။

### ဒေသတွင်း ကူးစက်မှုများက သက်သေပြလျက်ရှိ

အစ္စရေးနိုင်ငံတွင် ဇွန်၂၄ ရက်တွင် ကိုဗစ် –၁၉ ကူးစက်ခံရသူ ၂၂၇ ဦး အထိရှိလာသည်။ အစ္စရေးနိုင်ငံ၏ ကိုဗစ် –၁၉ ကပ်ရောဂါ တုံ့ပြန်ရေးအဖွဲ့ အကြီးအကဲဖြစ်သူ နာ့မန်းအက်ရှ်က ဗီဇပြောင်းကိုဗစ်– ၁၉ ဖြစ်သည့် ဒယ်တာဗိုင်းရပ်စ်ကြောင့် ကူးစက်မှုများ များပြားလာခြင်း ဖြစ်နိုင်သည်ဟု ပြောသည်။ ယင်းဗိုင်းရပ်စ်ကြောင့် ဆေးရုံတက်ကုသမှု ခံယူရသူနှင့် သေဆုံးသူအရေအတွက်များကိုမူ မသိရသေးချေ။ ဖီဂျီ နိုင်ငံတွင်လည်း ဇွန် ၂၄ရက်က ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၃၀၀ အထိ ရှိလာခဲ့သည်။ ဧပြီလမှ စတင်ကာ ဒေသတွင်းကူးစက်မှုနည်းပါးခဲ့ သော်လည်း ယခုအခါ ဗီဇပြောင်းကိုဗစ် – ၁၉ ကူးစက်မှုများ ရှိလာပြီဟု ပြောသည်။ ကိုးရက်တစ်ကြိမ်ကူးစက်မှုမှာ နှစ်ဆဖြစ်လာနေသည်ဟု ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အကြီးအကဲဖြစ်သူ အလီရှာ ဆာ့ဟ်ခုဟန် ပြောသည်။ ဒေသတွင်း ကူးစက်မှုများက သက်သေပြ လျက်ရှိသည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

### ခန့်မှန်းထား

အာဖရိကတွင်လည်း ယခုအခါ အဆိုးရွားဆုံးကိုဗစ် –၁၉ကူးစက်မှု နှင့်ကြုံတွေ့နေရပြီး နိုင်ငံပေါင်း ၁၂နိုင်ငံတွင် ကူးစက်မှုနှုန်းများမှာ ဆက်လက်မြင့်မားနေဆဲ ဖြစ်သည်။ ပြီးခဲ့သည့်သီတင်းသုံးပတ်အတွင်း ကူးစက်မှုမှာ အမြင့်ဆုံးအနေအထားသို့ ရောက်ရှိခဲ့သည်။ ကိုဗစ် –၁၉ တတိယအကျော့ရိုက်ခတ်မှုကြောင့် အာဖရိကတွင် အပျက်အစီး အဆုံးရှုံးကြီးမားမည်ဟု ခန့်မှန်းထားကြောင်း အာဖရိကရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာမှ ညွှန်ကြားရေးမှူး ဂျွန်န ကင်းဂတ်စ်ဆောင်းက ပြောသည်။

### အခက်အခဲများဖြစ်စေ

ဒယ်တာကူးစက်မှုကို အာဖရိကနိုင်ငံပေါင်း ၁၄ နိုင်ငံတွင် တွေ့ရှိ နေရပြီး ကွန်ဂိုသမ္မတနိုင်ငံနှင့် ယူဂန္ဓာနိုင်ငံတို့တွင် ကူးစက်မှုအမြောက် အမြားတွေ့ရှိလာရသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောသည်။ ဆေးရုံတက်ရသူအရေအတွက် များပြားလွန်းခြင်းနှင့် သေဆုံးမှုနှုန်း များပြားခြင်းတို့ကြောင့် ကျန်းမာရေးဝန်ဆောင်မှုများကို အခက်အခဲ များဖြစ်စေခဲ့သည်။

### အနိမ့်ဆုံးပမာဏဖြစ်

ဇမ်ဘီယာနိုင်ငံ၏ ရေခဲတိုက်များတွင်လည်း ကိုဗစ် –၁၉ကြောင့် သေဆုံးသူများ ပြည့်နေသည်ဟု အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ပြောကြားချက်အရ အာဖရိကတိုက်ရှိ လူဦးရေ ၁ ရာခိုင်နှုန်းမှာ ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးပြီးပြီဟု သိရသည်။ တစ်ကမ္ဘာလုံးနှင့် နှိုင်းယှဉ်လျှင် ယင်းပမာဏမှာ အနိမ့်ဆုံးပမာဏပင် ဖြစ်သည်။ ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ကြီး၏ အာဖရိကဆိုင်ရာ ညွှန်ကြားရေးမှူး ဖြစ်သူ မက်ရှီဒီဆိုမိုတီက အာဖရိကသည် ကိုဗစ် – ၁၉ ကာကွယ်ဆေး တစ်သန်းချက်ချင်း လိုအပ်နေသည်ဟု ၎င်းက ဆက်လက်ပြောကြား ခဲ့သည်။ ။

**ကိုးကား – အေအက်ဖ်ပီ**

> ❒ **အစ္စရေးနိုင်ငံသည် ကမ္ဘာပေါ်တွင် ကိုဗစ် -၁၉ ကာကွယ်ဆေးကို အအောင်မြင်ဆုံး ထိုးပေးနိုင်ခဲ့သည့် နိုင်ငံလည်း ဖြစ်သည်။ ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရမည့် အမိန့်ကို ဖယ်ရှားပေးပြီးနောက် ကူးစက်မှုများ ပြန်လည်တွေ့ရှိလာရသည်။ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်မှု၁၀၀ ကျော်တွေ့ရှိလာရပြီးနောက် အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက ၎င်းတို့ ထုတ်ပြန်ထားသည့်အမိန့်ကို ပြင်ဆင်ရန်ဆုံးဖြတ်ခဲ့**

# COVID - 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၇၈၃ ဦး တွေ့ရှိ

### (၂၆–၆–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၅–၆–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၆–၆–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၅,၅၅၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၇၈၃) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၇၀၆,၉၅၅) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၅၂,၃၅၆) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၇၁) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၅,၀၅၀) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID–19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၈) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၂၉၀) ဦး ရှိပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
### (၂၆–၆–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၃၅၄) ခု | (၁၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၉) ခု | (၅) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၁၄) ခု | (၁၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇၅၁) ခု | (၁၂၆) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၂၉) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၃၃) ခု | (၁၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၃၄) ခု | (၉၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၂၃၁) ခု | (၅၀၇) ဦး |
| စုစုပေါင်း | (၅,၅၅၅) ခု | (၇၈၃) ဦး |

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- COVID–19 ရောဂါဆိုင်ရာ သတင်း အချက်အလက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

❒ *ကျောဖုံးမှ*

၂။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည်။

၃။ အဆိုပါမြို့နယ်ရှိ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါ စည်းကမ်းချက်များကို လိုက်နာရမည် –

(က) မိမိနေအိမ်တွင်သာနေထိုင်ရန် (အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများမပါ)၊

(ခ) မဖြစ်မနေဈေးဝယ်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာ သွားရောက်ရန်၊

(ဂ) ဆေးရုံ၊ ဆေးခန်း သွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊

(ဃ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/ နှာခေါင်းစည်း (mask) တပ်ရန်၊

(င) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့် ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊

(စ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံ/ဆေးခန်းသွားရောက်ခြင်း အတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်၊

(ဆ) အဆိုပါမြို့နယ်မှ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးအတွက် ကုန်တင်ယာဉ်များသွားလာမှု စံသတ်မှတ်ချက် Standard Operating Procedure (SOP) အတိုင်း လိုက်နာဆောင်ရွက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ခ)၊ (ဂ)နှင့် (စ) တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင်ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးအဖွဲ့သို့သတင်းပို့၍ ခွင့်ပြုချက်ဖြင့် သွားလာရန်နှင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှလည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့်မပြုရန် ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

၆။ ဤအမိန့်သည် ၂၇–၆–၂၀၂၁ ရက်၊ ၀၄:၀၀ နာရီအချိန်မှ စတင်သက်ရောက်သည်။

ဒေါက်တာသက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး

## ၂၆- ၆ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၄၈၂၇၁၁ | ၂၈၈၉၇၄၆၀ | ၆၁၉၁၅၂ |
| ၂။ | အိန္ဒိယ | ၃၀၁၉၂၀၄၆ | ၂၉၁၉၃၉၃၇ | ၃၉၄၆၉၉ |
| ၃။ | ဘရာဇီး | ၁၈၃၂၂၇၆၀ | ၁၆၅၄၈၁၅၉ | ၅၁၁၂၇၂ |
| ၄။ | ပြင်သစ် | ၅၇၆၆၃၁၅ | ၅၅၉၆၇၄၄ | ၁၁၀၉၃၉ |
| ၅။ | ရုရှား | ၅၄၃၀၇၅၃ | ၄၉၄၃၉၈၆ | ၁၃၂၆၈၃ |
| ၆။ | တူရကီ | ၅၃၉၈၈၇၈ | ၅၂၆၁၈၉၂ | ၄၉၄၇၃ |
| ၇။ | ဗြိတိန် | ၄၆၉၉၈၆၈ | ၄၃၁၂၁၆၄ | ၁၂၈၀၆၆ |
| ၈။ | အာဂျင်တီးနား | ၄၃၇၄၅၈၇ | ၃၉၉၀၂၈၉ | ၉၁၉၇၉ |
| ၉။ | အီတလီ | ၄၂၅၆၄၅၁ | ၄၀၆၈၇၉၈ | ၁၂၇၄၁၈ |
| ၁၀။ | ကိုလံဘီယာ | ၄၀၉၂၇၄၆ | ၃၈၀၀၃၈၈ | ၁၀၃၃၂၁ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

### ၂၆ – ၆ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၂၀၉၃၉၆၂ | ၁၈၄၂၄၅၇ | ၅၆၇၂၉ |
| ဖိလစ်ပိုင် | ၁၃၉၁၉၁၁ | ၁၃၁၄၂၂၀ | ၂၄၂၄၄ |
| မလေးရှား | ၇၂၈၄၆၂ | ၆၆၂၉၃၂ | ၄၈၈၄ |
| ထိုင်း | ၂၄၀၄၅၂ | ၁၉၆၆၇၅ | ၁၈၇၀ |
| မြန်မာ | ၁၅၂၃၅၆ | ၁၃၅၀၅၀ | ၃၂၉၀ |
| စင်ကာပူ | ၆၂၅၃၀ | ၆၂၁၆၁ | ၃၅ |
| ကမ္ဘောဒီးယား | ၄၆၈၁၀ | ၄၁၄၃၉ | ၅၂၃ |
| ဗီယက်နမ် | ၁၅၁၅၂ | ၅၉၄၉ | ၇၄ |
| လာအို | ၂၁၀၀ | ၁၉၇၂ | ၃ |
| ဘရူနိုင်း | ၂၅၉ | ၂၄၅ | ၃ |

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ရန်ကုန်မြို့ရှိ COVID-19 ရောဂါကုသရေးဌာနများနှင့် ပြည်သူ့ဆေးရုံကြီးများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၆

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းရှိ ရိုးမရိပ်သာ Quarantine center သို့သွားရောက်၍ ပြည်ပမှ ပြန်လာသူများကို Quarantine ထားရှိဆောင်ရွက်နေမှုနှင့် လုံခြုံရေးအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)**



ထိုသို့စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက လူနာများအား ဆေးရုံသို့လွှဲပြောင်းကုသရန် လိုအပ်ပါက အချိန်နှင့်တစ်ပြေးညီ လွှဲပြောင်းပို့ဆောင်နိုင်ရေး ဆောင်ရွက်ထားရှိရန်နှင့် မလွှဲပြောင်းမီ အရေးပေါ် ကုသမှုပေးနိုင်ရန် ဆေးခန်းထားရှိရေး၊ လူနာများ၏ ကျန်းမာရေးအခြေအနေများကို control roomမှ အချိန်နှင့်တစ်ပြေးညီ စီမံခန့်ခွဲနိုင်ရေးနှင့် လိုအပ်သည့် Volunteer များကို အမြန်ဆုံး ဖြည့်ဆည်းပေးနိုင်ရေးတို့နှင့်ပတ်သက်၍ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လမ်းမတော်မြို့နယ်ရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် COVID-19 ရောဂါပြင်းထန်လူနာများ လက်ခံကုသနိုင်ရန် ICU နှင့် HDU ခန်းများ ပြင်ဆင်ထားရှိမှုအခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

## အရှိန်အဟုန်မပျက် ဆောင်ရွက်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အထွေထွေရောဂါကုဆေးရုံသစ်ကြီးသို့သွားရောက်ပြီး ပါမောက္ခ၊ ဌာနမှူးများနှင့်တွေ့ဆုံကာ COVID-19 လူနာများကို ရောဂါအခြေအနေပေါ်မူတည်၍ သက်ဆိုင်ရာဆေးရုံများမှ စနစ်တကျ လက်ခံကုသမှုပေးနိုင်ရေး၊ COVID-19 ရောဂါကုသရေး တာဝန်များအပြင် ပုံမှန်ဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရေးတို့နှင့်ပတ်သက်၍ မှာကြားသည်။

ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် Myanmar Convention Center တွင် ဖွင့်လှစ်ထားသော COVID-19 ရောဂါကုသရေးဌာနတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ COVID-19 ရောဂါကုသရေးဌာန စတင်ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ စည်ပင်ကျန်းမာဌာနမှူး ဒေါက်တာသန်းသန်းလွင်နှင့် တာဝန်ရှိသူများက ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည့် ဆေးပစ္စည်းကိရိယာများကိုဖြည့်ဆည်းပေးသွားမည့်အခြေအနေ၊ လိုအပ်လျက်ရှိသည့် Volunteerများကို နေ့စားဝန်ထမ်းစနစ်ဖြင့် ဖြည့်ဆည်းပေးသွားရန်၊ လူနာများ နေထိုင်စားသောက်ရေး အဆင်ပြေစေရေးအတွက် စီစဉ်ဆောင်ရွက်သွားရန် မှာကြားသည်။

## တိတိကျကျလိုက်နာရန် မှာကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် COVID-19 ရောဂါကုသရေးဌာန (မရမ်းကုန်း)အင်းယားစင်တာသို့ သွားရောက်ကာ အသင့်အတင့် ရောဂါလက္ခဏာရှိလူနာများကို Oxygenပေးနိုင်ရန် ဆောင်ရွက်ထားရှိမှု၊ လူနာများအား စနစ်တကျ ကျန်းမာရေးစစ်ဆေးနိုင်ရန် ဆောင်ရွက်ထားရှိမှု၊ လူနာများ၏ အခြေအနေကို Control room မှနေ၍ အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်နိုင်ရန် ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လူနာလွှဲပြောင်း လက်ခံကုသမှုစနစ် ဆောင်ရွက်ထားရှိရန်၊ ကုသရေးဌာနမှ တာဝန်ရှိသူများအနေဖြင့် ဌာနဆိုင်ရာအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်သွားရန်၊ လူနာများ သက်သောင့်သက်သာရှိစွာဖြင့် အမြန်ဆုံး ရောဂါသက်သာပျောက်ကင်းစေရန် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လူနာများအပေါ် မိမိတို့၏ မိသားစုဝင်များကဲ့သို့ သဘောထားကာ ဆေးပညာကျင့်ဝတ်များနှင့်အညီ ပြုစုစောင့်ရှောက်သွားရန်၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင်လည်း မိမိတို့ကျန်းမာရေးဝန်ထမ်းများ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရန် infection control procedure များကို တိတိကျကျ လိုက်နာသွားကြရန် မှာကြားသည်။

## လက်ခံကုသပေး

ရိုးမရိပ်သာ COVID-19 ရောဂါကုသရေးဌာနအနေဖြင့် Quaratine လူဦးရေ ၁၀၀၀ နှင့် COVID-19 ရောဂါအတည်ပြုလူနာ ၅၇၆ ဦး၊ COVID-19 ရောဂါကုသရေးဌာန (မရမ်းကုန်း) အင်းယားစင်တာတွင် COVID-19 ရောဂါအတည်ပြုလူနာ ၄၀၀၊ MCC COVID-19 ရောဂါကုသရေးဌာနတွင် COVID-19 ရောဂါအတည်ပြုလူနာ ၂၅၀ လက်ခံကုသပေးသွားနိုင်မည်ဖြစ်ပြီး MCC COVID-19 ရောဂါကုသရေးဌာနအနေဖြင့် ဇွန် ၂၆ ရက်မှစတင်၍ လူနာလက်ခံကုသပေးသွားမည်ဖြစ်ကာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် အထွေထွေရောဂါဆေးရုံသစ်ကြီး ရန်ကုန်တို့တွင်လည်း COVID-19 ရောဂါလူနာများ လက်ခံကုသပေးနေပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ရောက်ရှိနေကြသည့် ကိုယ်စားလှယ်အဖွဲ့များ Kazan မြို့ရှိ အထင်ကရနေရာများသို့ သွားရောက်ကြည့်ရှုလေ့လာ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇွန် ၂၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ခရီးစဉ်တွင် လိုက်ပါလာကြသည့် ကိုယ်စားလှယ်အဖွဲ့များသည် ဇွန် ၂၅ ရက်တွင် Republic of the Tatarstan၊ Kazan မြို့ရှိ အထင်ကရနေရာများသို့ သွားရောက်ကြည့်ရှုလေ့လာကြပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(ယာပုံ)**



ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာမောင်မောင်နိုင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်၊ ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဗိုလ်မှူးချုပ် အောင်သော် (ငြိမ်း) ဦးဆောင်သော အဖွဲ့သည် အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ Kazan မြို့ရှိ Republic of the Tatarstan ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဖွံ့ဖြိုးရေးအေဂျင်စီသို့ သွားရောက်လေ့လာကြပြီး ပြည်နယ်ဝန်ကြီး Republic of the Tatarstan ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဖွံ့ဖြိုးရေးအေဂျင်စီ အမှုဆောင်အရာရှိချုပ် Ms.Taliya Minullina နှင့်တွေ့ဆုံ၍ ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များကို ဆွေးနွေးကြကာ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ခဲ့ကြောင်း သိရသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် Kazan မြို့ ဒုတိယမြို့တော်ဝန် Ms. Lodvigova Evgeniya နှင့် Kazan မြို့တော်ခန်းမ၌ တွေ့ဆုံပြီး နေပြည်တော်နှင့် Kazan မြို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နည်းပညာအကူအညီများ ပေးအပ်သွားရေး၊ အထူးသဖြင့် ပို့ဆောင်ရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးနှင့် ချစ်ကြည်ရေးနှင့် လေ့လာရေးခရီးစဉ်များ အပြန်အလှန် လည်ပတ်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် IT Park နှင့် Republic of the Tatarstan ပြည်သူ့ချစ်ကြည်ရေးပြခန်းသို့ သွားရောက် လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကျောက်မဲမြို့၌ ပထမအကြိမ် နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုဆောင်ရွက်

**ကျောက်မဲ ဇွန် ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ်တွင် ယမန်နေ့က ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ရည်ရွယ်၍ လူစည်ကားရာနေရာများတွင် နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုများ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ခြင်းကို မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ တာဝန်ရှိသူများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ စည်ပင်သာယာရေးဌာန၊ မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ ကြက်ခြေနီအသင်းမှ တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန် ရှိသူများပူးပေါင်း၍ လူစည်ကားရာ နေရာဖြစ်သည့် ဗဟိုဈေးကြီးနှင့် မင်္ဂလာဈေးအနီးရှိ လမ်းဆုံနေရာများတွင် ပြည်သူများအား ပါးစပ်နှာခေါင်းစည်း အခု ၃၀၀၀ ကျော်ကို အခမဲ့ဖြန့်ဝေပေးသည်။

ကိုဗစ်- ၁၉ ရောဂါ တတိယကာလအတွင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) ရှိ မြို့အချို့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုများ ရှိလာသကဲ့သို့ ကျောက်မဲမြို့တွင်လည်း ဇွန် ၂၂ ရက်က ကိုဗစ်- ၁၉ ရောဂါအတည်ပြုလူနာနှစ်ဦး တွေ့ရှိခဲ့သည့်အတွက် ယခုလို ပြုလုပ်ပေးရခြင်းဖြစ်ကြောင်း သိရသည်။

**မိုင်းထွန်း(ပြန်/ဆက်)**

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇွန် ၂၆**

တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ သာသနာ့-၂၅၀၀ ကျောင်းတိုက်နှင့် ရန်အောင်မြင် ပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အလံအုပ်ကျေးရွာရှိ ကျိုက်ဖူးကျိုက်ပါကျောင်းတိုက်တို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ COVID-19 ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။


သတင်းစဉ်



# ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့်တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇွန် ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဥ့်ကိုင်ပြည်သူ့ဆေးရုံ၊ မတ္တရာမြို့နယ် ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံနှင့် ရွှေညောင်ဖူး တိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်း မြို့နယ်ပြည်သူ့ဆေးရုံနှင့် ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေး အဖွဲ့များအား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများကို ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းငါးသောင်းကျော် ကုသပေးနိုင်ခဲ့

**နေပြည်တော် ဇွန် ၂၆**

ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍမြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူလူထု၏ အရေးပေါ် ကျန်းမာရေးဆိုင်ရာကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများ၌ ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၅၈၉၆၀ နှင့် အတွင်းလူနာပေါင်း ၇၅၆၂၂ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။

၎င်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၁၂၀၄၆ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၆၂၈၂ ဦး၊ စုစုပေါင်း ၁၈၃၃၈ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့်လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ထို့ပြင်ကလေးမီးဖွားလူနာ ၆၀၈၄ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၈၇၁၄ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိကလေးငယ် ၁၄၇၉၈ ဦးကို အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့ပြီး တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မားရေးတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

သတင်းစဉ်

# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၆**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၄ ရက် ညနေ ၅ နာရီ မိနစ် ၅၀ တွင် တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ်(၃) ရပ်ကွက်ရှိ ကားဂိတ်တွင် မသင်္ကာဖွယ်ဆာလာအိတ် တွေ့ရှိကြောင်း သတင်းအရ သွားရောက်ဖွင့်ဖောက်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၂၀၀ ကို လည်းကောင်း။

ဇွန် ၂၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအနီး ဖားကန့်-ဆိပ်မူသွား ကားလမ်းတွင် ဇော်မင်းဦး(ခ)အားချိန် မောင်းနှင်လာသည့် Surf အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၃ ဒသမ ၉၆ ကီလိုနှင့် ဘိန်းဆီခဲ ၆ ကီလိုတို့ကိုလည်းကောင်း၊ ထိုနေ့ နံနက် ၉ နာရီခွဲတွင် ကွန်ဟိန်းမြို့နယ် တာကော်ကျေးရွာ တာကော်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ချမ်းသာ(ခ)ဖိုးချမ်း မောင်းနှင်ပြီး ညွန့်ဝင်း(ခ)အောင်ပု လိုက်ပါလာသည့် Nissan အမျိုးအစား ၁၂ ဘီးမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ Ammonium Nitrate ၁၂၆၀၀ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ညနေ ၄ နာရီခွဲတွင် အဆိုပါနေရာ၌ သီဟဇင် ကို Vigo အမျိုးအစား မော်တော်ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထို့နောက် ယင်းနေ့ နံနက် ၉ နာရီ မိနစ် ၂၀ တွင် လွိုင်လင်မြို့နယ် ဟိုတင့်ကျေးရွာအနီး လွိုင်လင်-တောင်ကြီးသွား ကားလမ်းတွင် စိုင်းညွန့်မောင်းနှင်ပြီး စိုင်းခေး(ခ)စိုင်းခေးဆိုင်နှင့် စိုင်းလောင်ခမ်း တို့လိုက်ပါလာသည့် Alphard အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၂ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ နံနက် ၁၀နာရီခွဲတွင် စိုးသန့်ကို လွိုင်လင်မြို့နယ် မိုင်းပွန်မြို့အထွက်တံတားအနီး လွိုင်လင်-တောင်ကြီးသွားကားလမ်းတွင် ဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဇွန်



ချမ်းသာ(ခ)ဖိုးချမ်း၊ ညွန့်ဝင်း(ခ)အောင်ပုတို့အား သိမ်းဆည်းရမိသည့် Ammonium Nitrate များနှင့် အတူတွေ့ရစဉ်။

၂၅ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မူဆယ်မြို့ စွမ်စော်ရပ်ကွက် အမှတ်(ခ၀/၁၇၂) အခန်း(၁၁)တွင် ငှားရမ်းနေထိုင်သူ လိခိုတ်ရှိ ၏အခန်းသို့ ဝင်ရောက်ရှာဖွေရာ အိပ်ခန်းအတွင်းမှ ဘိန်းဖြူ ၂ ဒသမ ၈ ကီလို၊ အိုက်စ်သုည ဒသမ ၁၉ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များ မေးမြန်းစုံစမ်းရန်ဌာန(Call Center)မှ ပြည်သူများ သိရှိလိုသည်များကို ဖြေကြားပေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၆**

ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနသည် ကိုဗစ်- ၁၉ ရောဂါဆိုင်ရာ ကျန်းမာရေး အသိပညာများ၊ လိုက်နာဆောင်ရွက်ရန် အချက်အလက်များနှင့် ပတ်သက်၍ ပြည်သူများအနေဖြင့် သိရှိလိုသည်များကို အချိန်နှင့် တစ်ပြေးညီ ပြန်လည်ဖြေကြား နိုင်ရန်အတွက် (၂၂-၆-၂၀၂၁) ရက်နေ့၊ နံနက်(၀၈၀၀) နာရီမှ စတင်၍ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန ရုံးအမှတ်-၄၊ နေပြည်တော်တွင် သတင်းအချက်အလက်များ မေးမြန်းစုံစမ်းရန်ဌာန (Call Center)အား ဖွင့်လှစ်ထားရှိလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများ အနေဖြင့် မိမိတို့ သိရှိလိုသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အချက်အလက်များအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန သတင်း အချက်အလက်များ မေးမြန်းစုံစမ်းရန်ဌာန (Call Center)ရှိ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ နေ့စဉ် နံနက်(၀၈၀၀)နာရီမှ ည (၂၀၀၀) နာရီအတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါကြောင်း သတင်းရရှိပါသည် -

(၁) ၀၆၇- ၃၄၁၁၅၀၈
(၂) ၀၆၇- ၃၄၁၁၅၀၉
(၃) ၀၆၇- ၃၄၁၁၃၄၄
(၄) ၀၉- ၈၈၂၅၅၇၉၉၁
(၅) ၀၉- ၈၈၂၅၅၇၉၉၂
(၆) ၀၉- ၈၈၂၅၅၇၉၉၃

**သတင်းစဉ်**

**မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား**

**၂၀၂၁ ခုနှစ်၊ ဇူလိုင်လ (၃) ရက်** **နေပြည်တော်**

## ပါရမီပျိုးခင်းသွေးလှူအသင်းမှ မန္တလေးနန်းမြို့ရှိ နယ်မြေခံဆေးတပ်ရင်းနှင့် ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံတို့သို့ လာရောက် သွေးလှူဒါန်း

**နေပြည်တော် ဇွန် ၂၆**


မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆေးရုံများ၌ ပြသရန် အခက်အခဲရှိသည့် ရပ်နီး/ရပ်ဝေးမှ ကျန်းမာရေးချို့တဲ့သည့် ပြည်သူများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဖွင့်လှစ်ထားရှိသည့် ယာယီအရေးပေါ်ကုသရေးဆေးရုံနှင့် ကွပ်ကဲမှုအောက် တပ်နယ်များရှိ တပ်မတော်ဆေးရုံများ၌ ကုသပေးလျက်ရှိသည်။

အဆိုပါ ဆေးရုံများ၌ ဆေးကုသမှုခံယူလျက်ရှိသော လူနာများအတွက် သွေးလိုအပ်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူရရှိစေရန် ရည်ရွယ်၍ ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ ပါရမီပျိုးခင်းသွေးလှူအသင်းမှ မန္တလေးနန်းမြို့ရှိ နယ်မြေခံဆေးတပ်ရင်းနှင့် ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံတို့၌ လာရောက်စုပေါင်း သွေးလှူဒါန်းကြသည်။

ယင်းသို့ သွေးလှူဒါန်းနေမှုများကို မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



## ပျော်ဘွယ်၌ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးလျက်ရှိ

**ပျော်ဘွယ် ဇွန် ၂၆**

ပျော်ဘွယ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဇွန် ၂၄ ရက် နံနက်ပိုင်းက ဆိတ်ချိုကျေးရွာအုပ်စုတွင် ပြုလုပ်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာတွင် မြို့နယ်ဦးစီးမှူး ဦးထွန်းလွင်နှင့် ဝန်ထမ်းများက ပန်းခင်းစီမံချက် စတင်သည့်နေ့မှ ယနေ့အချိန်အထိ နိုင်ငံသားပေါင်း ၇၂၄ ဦး၊ အိမ်ထောင်စုပေါင်း ၆၈၇ စုနှင့် အိမ်ထောင်စုလူဦးရေစာရင်းထပ်တိုးများ၊ ပြောင်းဝင်၊ ပြောင်းထွက်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းသိရသည်။ ပန်းခင်းစီမံချက်ဖြင့် ဆိတ်ချိုကျေးရွာအုပ်စုတွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနေမှု အခြေအနေများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလွင်နှင့် အဖွဲ့ဝင်များကလည်း လိုက်လံကြည့်ရှု အားပေးခဲ့ကြောင်းသိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

## ထန်တလန်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် ပါးစပ်၊ နှာခေါင်းစည်းများ ဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်းများဆောင်ရွက်

**ထန်တလန် ဇွန် ၂၆**

ချင်းပြည်နယ် ထန်တလန်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ် ထိန်းချုပ်နိုင်ရန် အတွက် ပါးစပ်၊ နှာခေါင်းစည်း ဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းကို ဇွန် ၂၅ ရက် နံနက် ၈ နာရီက မြို့မစည်ပင်သာယာဈေးနှင့် မြို့တွင်းဈေးဆိုင်များ၊ စားသောက်ဆိုင်များတွင် ဈေးရောင်း ဈေးဝယ်သူများအား ပါးစပ်နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ မြို့မိ မြို့ဖများ၊ ဘာသာရေးခေါင်းဆောင်များ ပူးပေါင်း၍ ဈေးရောင်း ဈေးဝယ်သူများနှင့် လမ်းသွားလမ်းလာပြည်သူများအား ပါးစပ်နှာခေါင်းစည်းကို စနစ်တကျ တပ်ဆင်ကြရန်နှင့် Stay at Home ကာလအတွင်း ရောဂါကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ လိုက်နာရေး၊ မြို့တွင်းစားသောက်ဆိုင်များအနေဖြင့် ပါဆယ်စနစ်ဖြင့်သာ ရောင်းချရေးတို့ကို စစ်ဆေးခဲ့ပြီး ပါးစပ်နှာခေါင်းစည်းများကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ဒလမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်

**ရန်ကုန် ဇွန် ၂၆**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိစေရေးအတွက် ရည်ရွယ်၍ ပန်းခင်းစီမံချက်ဖြင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ ပြုလုပ်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ညောင်ချောင်းကျေးရွာအုပ်စုရှိ အုပ်ချုပ်ရေးမှူးရုံးခန်းတွင် ကျေးလက်နေပြည်သူများအား ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါ ပန်းခင်းစီမံချက်ဖြင့် ဇွန် ၂၅ ရက်အထိ အိမ်ထောင်စုလူဦးရေစာရင်း ၃၁ စောင်၊ ကျား ၅၂ ဦး၊ မ ၆၃ ဦး၊ စုစုပေါင်း ၁၁၅ ဦး၊ အသက် ၁၀ နှစ် နှင့် ၁၈ နှစ်ကြား နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးရာတွင် ကျား ၄၁ ဦး၊ မ ၃၉ ဦး၊ စုစုပေါင်း ၈၀၊ အသက် ၁၈ နှစ်ပြည့်ပြီးသူ နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးရာတွင် ကျား ၁၄၄ ဦး၊ မ ၁၄၉ ဦး၊ စုစုပေါင်း ၂၉၃ ဦးတို့ကို အခမဲ့ပြုလုပ်ဆောင်ရွက်နိုင်ခဲ့ကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ သိရသည်။

**နိုင်လင်းကျော်(ပြန်/ဆက်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၇-၆-၂၀၂၁ တနင်္ဂနွေနေ့

### MRTV

**၀၆:၀၀** ရတနသုတ်ပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** လေ့လာစရာစုံလင် အဝိမြန်မာပြည်တစ်ခွင်
**၀၈:၄၀** တရုတ်ကာတွန်း '**မိုးကောင်းကြီး ဥယျာဉ်စွန့်စားခန်း**' (အပိုင်း-၂၄)
**၀၉:၃၅** MRTV Travelogue
**၁၀:၀၀** ဆင်နွဲ့ချိန်ခါမင်္ဂလာတေးသံသာ
**၁၀:၂၀** '**ဝသန်မိုးရာသီ**' တေးသီချင်းများ ဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ်
**၁၁:၃၀** အသိပညာနှင့်အမှန်တရား
**၁၂:၃၀** This Week's Special Interest
**၁၃:၃၀** MRTV National News
**၁၄:၀၀** မြန်မာဂန္ထဝင်ရုပ်ရှင် '**ကလောအလွန်တစ်ဘူတာ**' (အောင်လွင်၊ ချိုပြုံး၊ အေးအေးသင်း)
**၁၆:၃၅** ခေတ်အဆက်ဆက်မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု(၁) (ပျူ၊ ပုဂံခေတ်)
**၁၇:၂၀** ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ်
**၁၇:၃၅** ရာဇဝင်ထဲက သမိုင်းအနုပညာ '**ရာဇဝင်ထဲက အပရဂူရ**'
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၂၀** သုတဝေဖြာသီရိဂေဟာ
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ
**၂၁:၃၅** ဟိုးတုန်းကကာက်ဆက်ဇာတ်လမ်းများ '**နှလုံးသားမှဖြတ်သန်းသွားလာခြင်း**'

### mitv

**07:01** News
**07:27** Wet Markets of Yangon: Thirimingalar Market
**07:35** Myanmar Traditional Instruments (MYANMA DRUM)
**08:01** Discovering Tribes "Rvwang" Their Life and Customs (Part-2)
**08:30** Today Myanmar: Development Plan for Suitable Croplands
**08:42** A Visit to Kyauk Kyi
**09:01** Moe Ne' Keeps Its Tradition Alive
**09:27** Historic Of Kyaukka Shwe Gu Ni Pagoda
**09:46** Irrawaddy Dolphin (Part-2)
**10:01** Weekly Review
**10:16** Myanmar Delicate Artistic Creations - Gem Stone Painting
**11:26** Welcome to the Southern most part of Myanmar
**11:37** From Bamboo Strip to Sublime Buddha

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
လော်ဝေါ်ရိုးရာဝတ်စားဆင်ယင်ပုံအဆင့်ဆင့်

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ကယားရိုးရာဝတ်အူချောင်း

**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
အဆိုတော် စောလားထော်ဝါးနှင့်တွေ့ဆုံခိုက်

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ကရင်စာပေစကားပြောကြရအောင်(အပိုင်း-၃)

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
နည်းမှန်စိုက်ပျိုးဝင်ငွေတိုး(သခွားစိုက်ပျိုးနည်း)

**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
ကင်ဆာရောဂါအကြောင်းသိကောင်းစရာ

**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
ဘိုးဘွားတို့ရဲ့ဆုံးမစကား

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
ဆေးဖက်ဝင်ဗေဒါပင်

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ပြုံးပဒေသာ(မောင်သာလှနှင့်လည်လွှန်းတဲ့ဘီး)

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ရိုးရာခေါက်စီး(ခေါ်)ရှမ်းထမင်းသုပ်

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
မြန်မာ့မြေမှစိုက်ပျိုးစီးပွားလူမှုဘဝများ (သစ်ကြားသီးနှင့်တူရီယာအကြောင်း)

### MRTV Sports

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel
MRTV FARMERS' CHANNEL ကို
နေ့စဉ် နံနက် (၆:၀၀)နာရီမှ
ည (၁၀:၀၀)နာရီထိ၊
Education Channel
ကို
စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်
များမှအပ နံနက် (၁၀:၀၀)နာရီမှ
ညနေ(၆:၀၀)နာရီထိ
ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm
t.me/mrtvnews
www.twitter.com/mrtvwebportal

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် Cartoon Animation Graphic သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ၏ Cartoon Animation Graphic သင်တန်းဆင်းပွဲကို ယနေ့ညနေပိုင်းက နေပြည်တော်-တပ်ကုန်းရှိ MRTV Auditorium ခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းကို Graphic ဆိုင်ရာ တာဝန်ထမ်းဆောင်နေသောဝန်ထမ်း (၉) ဦးအား စိစစ်ရွေးချယ်ပြီး စိတ်ဝင်စားဖွယ် ကာတွန်း အရုပ်ကလေးများဖြင့် ဖန်တီးမှုများ ပြုလုပ်နိုင်ရန်၊ ပရိသတ်များ စိတ်ဝင်စားမည့် ပြကွက်များ ပိုမိုဖန်တီးထုတ်လုပ်နိုင်ရန် ရည်ရွယ်ပြီး ပြင်ပနည်းပြဖြင့် ဇွန်လ ၂၂ ရက်မှ ၂၆ ရက်ထိ (၅) ရက်ကြာ ရက်တိုသင်တန်းဖွင့်လှစ်ကာ စာတွေ့/လက်တွေ့ သင်ကြား လေ့ကျင့်ပေးခြင်း ဖြစ်သည်။




သင်တန်းဆင်းပွဲ တွင် ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က သင်တန်းဆင်းမိန့်ခွန်း ပြောကြားမှုနှင့်အတူ အုပ်စုနှစ်ခုခွဲ၍ စီစဉ်တင်ဆက်ခဲ့ကြသည့် "လက်ဆေးခြင်းဖြင့် တို့ကာကွယ်"၊ "အကောင်းနှင့်အဆိုး" အစီအစဉ်တို့အတွက် ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၆ - ၆ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၇၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၇၉၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၇၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၇၇၆၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၁၀ | ကျပ် | ၁၀၄၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၃၀ | ကျပ် | ၁၀၆၀ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၀၀ | ကျပ် | ၁၀၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၁၀၀ | ကျပ် | ၁၁၅၅ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၀၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၁၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၄၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉. ၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၀၀.၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၄၁ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၁၅၄၆ | ၁၃၈၁၁၉၀၀ |
| MTSH | ၃၅၀၀ | ၃၅၅၀ | ၅၁၂ | ၁၇၉၂၁၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၃၁၀၀ | ၃၁၀၀ | ၁ | ၃၁၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၅ | ၂၅၀၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

ဗုဒ္ဓ အဆုံးအမဖြင့် အောင်မြင်ခြင်း

# ပတိရူပဒေသဝါသောစ

## သင့်တင့်လျောက်ပတ်သည့်အရပ်၌နေခြင်းသည် မင်္ဂလာမည်၏

ကျော်ကျော်လှိုင်

**သင့်တင့်လျောက်ပတ်သည့်အရပ်၌ နေခြင်းသည် မင်္ဂလာမည်၏ဟု ဗုဒ္ဓမြတ်စွာဘုရား ဟောပါသည်။ သင့်တင့်လျောက်ပတ်သည့်အရပ်ဆိုသည်မှာ မည်သည့်အရပ်ဖြစ်သနည်း။ ကျွန်တော်တို့ မြန်မာလူမျိုးများတွင် ရှေးရိုးအစဉ်အလာအရ မနေသင့်သည့်အရပ်များ ရှိပါသည်။ ဥပမာလမ်းဦးတိုက်သည် မနေသင့်သည့်အရပ်ဖြစ်ပါသည်။ ရိုးရိုးတွေးလျှင်ပင် လမ်းဦးတိုက်ဖြစ်ခြင်းကြောင့် လမ်းပေါ်ကယာဉ် မိမိအိမ်ကို ဝင်တိုက်နိုင်သည့် အခြေအနေရှိ၍ ဖြစ်ပါသည်။ လမ်းထက်နိမ့်သည့်နေရာသည် မနေသင့်သည့် အရပ်ဖြစ်သည်။ လမ်းထက်နိမ့်နေ၍ လမ်းပေါ်က အမှိုက်များ အိမ်ဝင်းထဲ ကျနိုင်သည်။ လမ်းပေါ်က ရေများ မိမိအိမ်ထဲ စီးမည်။ လမ်းပေါ်က ယာဉ်တစ်စီး မိမိအိမ်ဝင်းထဲ လမ်းချော်ကျနိုင်သည်။ တွေးကြည့်လျှင်ပင် မနေသင့်သော အရပ်ဆိုသည်မှာ ထင်ရှားပါသည်။**

တရုတ်လူမျိုးများမှာလည်း ဖုန်းရွှေဟု ခေါ်သည့် မင်္ဂလာရှိသည့်အရပ်၊ စီးပွားဖြစ်သည့် အရပ်၊ လာဘ်လာဘ ကောင်းသည့်အရပ်၊ ကျန်းမာရေးအတွက်ကောင်းသောအရပ် စသည်ဖြင့် နေရာဒေသကို ရွေးချယ်သည့် ပညာရပ်ရှိပါသည်။ တရုတ်လူမျိုးများ အလွန်ယုံကြည်သလို လိုက်လည်း လိုက်နာကြပါသည်။

**သင့်တင့်လျောက်ပတ်သော အရပ်ဒေသလေးနေရာ**

ကျွန်တော်တို့ မြန်မာလူမျိုးများတွင် သင့်တင့်လျောက်ပတ်သည့် အရပ်ဒေသနှင့်ပတ်သက်၍ နီတိများတွင် မည်သို့ဆိုသည်ကို တင်ပြလိုပါသည်။

**ပထမအရပ်မှာ** စီးပွားရေးအတွက် အရောင်းအဝယ်များ ဖွံ့ဖြိုးနိုင်သည့် အရပ် ဖြစ်ပါသည်။

**ဒုတိယအရပ်မှာ** ပညာသင်ကြားနိုင်သည့် နေရာဒေသ ဖြစ်ပါသည်။ အလွန်မှန်ပါသည်။ လေ့လာသင်ကြားခြင်းဆိုသည်မှာ စဉ်ဆက်မပြတ် လုပ်နေမှသာ အောင်မြင်မှုကို ရရှိနိုင်မှာဖြစ်ပြီး အောင်မြင်မှုကိုလည်း ရေရှည် ထိန်းသိမ်းနိုင်ပါမည်။

**တတိယအရပ်မှာ** ဆေးဝါးခတ်စာ ဆေးဆရာရှိသောအရပ်ဟု နီတိကဆိုပါသည်။ ဤအချက်သည်လည်း အဓိပ္ပာယ်ရှိပါသည်။ ကျန်းမာရေးကောင်းမှ အောင်မြင်မှုကို ရရှိပါမည်။ အာရောဂျံပရမံ လာဘံဆိုသည့် အတိုင်း ကျန်းမာခြင်းသည် လာဘ်တစ်ပါး ဖြစ်ပါသည်။ ကျန်းမာရေးနှင့် အစဉ်ပြည့်စုံနေရန် ဆရာဝန်ရှိသော အရပ်မှာ နေရမှာ ဖြစ်ပါသည်။

**စတုတ္ထအရပ်မှာ** ရာသီဥတု ညီမျှ၍ စပါးဆန်ရေ ပေါများသော အရပ်ဒေသဖြစ်ပါသည်။ ရာသီဥတုညီညွတ်မျှတမှုရှိမှ သက်သောင့်သက်သာ နေထိုင်နိုင်ပြီး ကျန်းမာရေးလည်း ပြည့်စုံပါမည်။ ရာသီဥတု ညီညွတ်မျှတမှုရှိမှ စိုက်ပျိုးရေးများလည်း အောင်မြင်ဖြစ်ထွန်းပါမည်။

အထက်ပါ သင့်တင့်လျောက်ပတ်သော အရပ်ဒေသလေးနေရာတွင် ကျွန်တော်တို့ မနေထိုင်ခဲ့လျှင် အောင်မြင်မှုရရန် ခက်ခဲပါမည်။

**မြန်မာစကားပုံများ**

"တစ်ရွာမပြောင်း သူကောင်းမဖြစ်" ဆိုသည့် စကားပုံအတိုင်း နီတိက ဆိုသည့် အရပ်သို့ ပြောင်းရန် ကြိုးစားအားထုတ်ရပါမည်။ သတိထားရမည်က ပြောင်းသည့်အခါ စဉ်းစားတွက်ချက်ခြင်း လုပ်ပြီးမှ ပြောင်းရန် လိုပါသည်။ သို့မဟုတ်ပါက "သေချင်သည့်ကျား တောပြောင်း" ဆိုသကဲ့သို့ မိမိလက်ရှိ နေရာထက် ပိုဆိုးသော အရပ်ဒေသသို့ ရောက်သွားနိုင်ပါသည်။

○ "တစ်ရွာမပြောင်း သူကောင်းမဖြစ်" ဆိုသည့် စကားပုံအတိုင်း နီတိကဆိုသည့် အရပ်သို့ ပြောင်းရန် ကြိုးစားအား ထုတ်ရပါမည်။ သတိထားရမည်က ပြောင်းသည့်အခါ စဉ်းစားတွက်ချက်ခြင်းလုပ်ပြီးမှ ပြောင်းရန် လိုပါသည်။ သို့မဟုတ်ပါက "သေချင်သည့်ကျား တောပြောင်း" ဆိုသကဲ့သို့ မိမိလက်ရှိ နေရာထက် ပိုဆိုးသော အရပ်ဒေသသို့ ရောက်သွားနိုင်ပါသည်

**အင်္ဂလိပ်စကားပုံများ**

အရပ်ဒေသ ပြောင်းရွှေ့ခြင်းနှင့်ပတ်သက်လျှင် အင်္ဂလိပ်စကားပုံ "Rolling Stone gathers no moss" သည် အလွန်မှတ်သားစရာ ကောင်းပါသည်။ အင်္ဂလိပ်စကားတွင် နေရာအခြေတကျ မရှိတဲ့သူ၊ လှည့်လည် သွားလာနေတဲ့သူများကို rolling stone လို့ ခေါ်လေ့ရှိပါသည်။ နေရာအခြေတကျ မရှိသူသည် မကြီးပွားနိုင်ဟု စကားပုံက ဆိုပါသည်။ ဤထက်ပို၍ အဓိပ္ပာယ်ဖွင့်ရလျှင် အလုပ်တစ်ခုတွင် စူးစူးစိုက်စိုက် အခြေတကျ မလုပ်ဘဲ အလုပ်တစ်ခုပြီး တစ်ခု ပြောင်းနေလျှင်လည်း အောင်မြင်ကြီးပွားရန် ခက်ခဲပါမည်။ သင့်တင့်လျောက်ပတ်သည့်အရပ်ကို ပြောင်းရမည် ဆိုသော်လည်း မကြာခဏ ပြောင်း၍တော့ မဖြစ်ပါ။ ယနေ့လူငယ်အများစုသည် အလုပ်တစ်ခုမှတစ်ခုသို့ ပြောင်းရွှေ့မှုများ အလွန် မြန်လွန်းပါသည်။ အလုပ်တစ်ခုတွင် အချိန်အတိုင်းတာတစ်ခု အချိန်ပေး၍ လုပ်သင့်ပါသည်။ ဆန့်ကျင်ဘက်အနေနှင့်က ဖွံ့ဖြိုးတိုးတက်မှု မရှိနိုင်သော နေရာတွင် အချိန်ကြာမြင့်စွာ လုပ်ခြင်းဖြစ်ပါသည်။ "Strengthlessness water spoil" ဆိုသည့် အင်္ဂလိပ်စကားပုံ၏ အဓိပ္ပာယ်မှာ "သေနေသည့် ရေသည် လတ်ဆတ်မှု မရှိ" ဟု တိုက်ရိုက် ဘာသာပြန်နိုင်ပါသည်။ ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်မှု မရှိနိုင်သည့်နေရာတွင် အချိန်ကြာမြင့်စွာ နေမိလျှင် သေသည့်ရေ ဖြစ်သွားပါမည်။ မည်သည့်အချိန်တွင် ရွှေ့မည်၊ မည်သည့်နေရာကို ရွှေ့မည်ဆိုသည့် စဉ်းစားတွေးခေါ် ဆုံးဖြတ်နိုင်သည့် ဉာဏ်ရှိရန်တော့ လိုပါသည်။ ထိုဉာဏ် ဖွံ့ဖြိုးတိုးတက်ရန် စာဖတ်ရပါမည်။

**အပြစ်ခြောက်ပါးမကင်းသည့်အရပ်**

"ပတိရူပဒေသဝါသောစ" ဟု ခေါ်သည့် သင့်တင့်လျောက်ပတ်သည့် နေရာတွင် နေခြင်းနှင့် ပတ်သက်ပြီး အပြစ်ခြောက်ပါး မကင်းသည့်အရပ်ကို ရှင်းပြလိုပါသည်။ မင်းများကို ခစားသည့်အခါ အပြစ်ခြောက်ပါး ကင်းသည့်အရပ်မှ ခစားရပါမည်။ ရှေးအခါက မင်းဆိုသည်မှာ ဘုရင်ဖြစ်သော်လည်း ယခုခေတ်အခါတွင် မင်းဆိုသည်မှာ အစိုးရဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် အစိုးရဌာနများတွင် မိမိထက်ကြီးသည့် ဌာနအကြီးအမှူးက မင်းဖြစ်သကဲ့သို့ ကုမ္ပဏီတွင် လုပ်လျှင် မိမိထက် ရာထူးကြီးသူ၊ ကုမ္ပဏီ၏ အကြီးအကဲသည် မင်းဖြစ်ပါသည်။

အပြစ်ခြောက်ပါးနှင့် မကင်းသည့် နေရာများကို ဖော်ပြရလျှင်–

၁။ ဝေးလွန်းသည့်နေရာ ဖြစ်ပါသည်။ လူကြီးနှင့် အဝေးကြီးတွင် ထိုင်သည့်အခါ လူကြီးပြောသည်ကို ကိုယ်မကြားနိုင်၊ ကိုယ်တစ်စုံတစ်ခု ပြောလိုလျှင်လည်း လူကြီးကြားရန် ခက်ပါသည်။

၂။ နီးလွန်းသည့်နေရာ ဖြစ်ပါသည်။ နီးလွန်းသည့်အတွက် မိမိ၏ လှုပ်ရှားမှုသည် ရိုင်းပျသည့် အမူအရာဖြစ်ခဲ့လျှင် လူကြီးက အလွယ်တကူ မြင်နိုင်ခြင်း၊ လူကြီးပြောလိုက်သည့် စကားကို မိမိက မကြိုက်သည့်အခါ မိမိမျက်နှာအမူအရာကို လူကြီးက အလွယ်တကူ မြင်နိုင်၍ ဖြစ်ပါသည်။

၃။ လူကြီး၏ ရှေ့တည့်တည့်နေရာမှာ မနေသင့်ပါ။ ရှေ့တည့်တည့်မှာ နေသည့်အတွက် လူကြီးက မိမိမျက်နှာကို သေသေချာချာ အနီးကပ် မြင်ရသည့်အတွက် မိမိနေရထိုင်ရ ခက်ခဲပါမည်။ လူကြီးစကားပြောသည့်အခါ ဂရုတစိုက် နားထောင်သည့်ပုံစံ၊ နှင့်လူကြီး မျက်နှာကိုကြည့်သည့်အခါ မျက်လုံးကို တည့်တည့် ကြည့်မိနိုင်၍ ရိုင်းရာ ကျတတ်ပါသည်။

၄။ နောက်တည့်တည့် နေရာဖြစ်ပါသည်။ မနေသင့်သည့်နေရာ ဖြစ်ပါသည်။ လူကြီး၏ နောက်မှာ နေခြင်းပါ။ ခေတ်စကားနှင့်ပြောလျှင်ကျည်ကွယ်မျက်ကွယ်ဟု ဆိုရပါမည်။ တချို့က လူကြီးနှင့် အစည်းအဝေးလုပ်သည့်အခါ ကျည်ကွယ်မျက်ကွယ်ကို ရွေးထိုင်ကြပါသည်။ နောက်တည့်တည့်မှာ နေသည့်အတွက် မိမိကို လူကြီးက သတိမပြုဖြစ်နိုင်သလို၊ မိမိပြောတာကိုလည်းမကြားနိုင်ပါ။ ကျည်ကွယ်မျက်ကွယ်သည် မထိုင်သင့်သည့် နေရာဖြစ်ပါသည်။

၅။ လူကြီးထက်မြင့်သည် နေရာသည် မထိုင်သင့်သော နေရာဖြစ်ပါသည်။ အထူးရှင်းပြရာမလိုပါ။ အဂါရဝ ဖြစ်ပါသည်။

၆။ လေညာမှာ မနေသင့်ပါ။ လေညာမှာနေသည့်အခါ မိမိတွင် ဆိုးရွားသည့်အနံ့ အသက်များရှိပါက လူကြီးထံသို့ အလွယ်တကူ ရောက်သွားနိုင်သည့် အတွက်ကြောင့် ဖြစ်ပါသည်။ အနံ့ပြင်းသော ရေမွှေးသုံးသည့်အခါ လူကြီးထံရောက်သွားနိုင်ပြီး မိမိရေမွှေးနံ့ကြောင့် လူကြီးကို စိတ်အနှောင့်အယှက် ဖြစ်စေပါသည်။

**မနေသင့်သော အရပ်ဒေသခြောက်ခု**

အပြစ်မကင်းသည့် အရပ်များကို ရှင်းပြပြီးနောက် ခေတ်နှင့်လျော်ညီသည့် မနေသင့်သော ခြောက်နေရာကို တင်ပြပါမည်။ မနေသင့်သော အရပ်ကို သိလျှင် နေသင့်သည့်အရပ်ကို သိပါမည်။

၁။ တရားဥပဒေစိုးမိုးမှု မရှိသည့် နေရာမှာ မနေသင့်ပါ။ တရားဥပဒေစိုးမိုးမှု မရှိလျှင် မိမိအတွက် အန္တရာယ်ရှိပါသည်။ စီးပွားလည်း မဖြစ်နိုင်ပါ။

၂။ ဗြဟ္မစိုရ်တရား လေးပါး ခေါင်းပါးသည့်နေရာတွင် မနေသင့်ပါ။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဆိုသည့် ဗြဟ္မစိုရ်တရား လေးပါး ခေါင်းပါးသည့်နေရာတွင်နေလျှင် စိတ်ချမ်းသာမှုရရန်၊

*စာမျက်နှာ ၂၁ သို့*

ဗုဒ္ဓအဆုံးအမဖြင့် အောင်မြင်ခြင်း စာအုပ်ပါ အကြောင်းအရာများသည် မင်္ဂလာတရားတော် ၃၈ ပါးအနက်မှ ၃၁ ပါးကို ခေတ်အမြင်ဖြင့် စာရေးသူက တစ်ပါးချင်းလေ့လာပြီး ဘဝအတွေ့အကြုံများပါ ပေါင်းစပ်ရေးသားထားခြင်း ဖြစ်ပါသည်။ စာဖတ်သူပရိသတ်များအနေဖြင့် မင်္ဂလာတရားတော်နှင့်အညီ လောကီအကျိုး၊ လောကုတ္တရာအကျိုးများ ရရှိဆင်ခြင်နိုင်စေရန် စေတနာမွန်ဖြင့် ထုတ်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။

**စာတည်းအဖွဲ့**

# မကွေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား အသက်(၂၅)နှစ်အောက် ငါးခရိုင် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆုပေးပွဲကျင်းပ

မကွေး ဇွန် ၂၆

**၂၀၂၂ ခုနှစ် မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား အသက်(၂၅)နှစ်အောက် ငါးခရိုင် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို မကွေးခရိုင် အားကစားကွင်း၌ ဇွန် ၂၄ ရက်က ကျင်းပရာ မကွေးခရိုင်အသင်းနှင့် မင်းဘူးခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင် တက်ရောက်ကြည့်ရှုအားပေးကာ ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိသော မကွေးခရိုင်အသင်းအား ဆုကလာပ်နှင့် ငွေသားဆု ချီးမြှင့်ပေးအပ်သည်။**



မြန်မာ့ဘောလုံးအားကစား ကျယ်ပြန့်စွာ တိုးတက်မြင့်မားရေးကို အထောက်အကူပြုစေရေး၊ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဘောလုံးအားကစားသမားများအချင်းချင်း သွေးစည်းညီညွတ်မှုစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုထွန်းကားလာစေရေးနှင့် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် လူငယ်သွေးသစ် ဘောလုံးအားကစားသမားများ ပေါ်ထွက်လာစေရေးတို့ကို ရည်ရွယ်၍ သက်တန်းအလိုက် အားကစားပြိုင်ပွဲများကို ကျင်းပပေးလျက်ရှိရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား အသက်(၂၅)နှစ်အောက် ငါးခရိုင် အမျိုးသမီးဘောလုံးပြိုင်ပွဲကို ဇွန် ၁၅ ရက်က စတင်၍ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်(၅)ခရိုင်မှ အမျိုးသမီးဘောလုံးသင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် မကွေးခရိုင်အသင်းနှင့် မင်းဘူးခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားရာ မကွေးခရိုင်အသင်းက ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိပြီး တံခွန်စိုက်ဆုဖလားရရှိသွားသည်။

အဆိုပါ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ပထမဆုကို ငွေကျပ် ငါးသိန်း၊ ဒုတိယဆုကို ငွေကျပ် လေးသိန်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုနှင့် အတန်းလိုက်အကောင်းဆုံး အားကစားသမားဆု ရရှိသူများကို တစ်ဦးလျှင် ငွေကျပ် ၂၅၀၀၀ တို့အား တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းအောင်နှင့် တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

**မောင်ညီညာ (မကွေး)**

# လှိုင်းဘွဲ့မြို့ ရေဘုတ်ဆည်အတွင်းသို့ ငါးမျိုးများစိုက်ထည့်

**လှိုင်းဘွဲ့ ဇွန် ၂၆**

ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနသည် သဘာဝမြစ်ချောင်းများ၊ ဆည်ရေလှောင်တမံများအတွင်း ငါးသယံဇာတ ပေါကြွယ်ဝရေးနှင့် ပြည်သူများ ငါးရိက္ခာများကို စဉ်ဆက်မပြတ် စားသုံးနိုင်ရေးအတွက် ငါးမျိုးစိုက်ထည့်ခြင်းကို ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၄ ရက်က လှိုင်းဘွဲ့မြို့နယ်ရှိ ရေဘုတ်ဆည်အတွင်းသို့ ဘားအံငါးလုပ်ငန်းစခန်းမှ ဖြန့်ဖြူးသည့် နှစ်လက်မအောက်ခံ ငါးမြစ်ချင်းသားပေါက် ကောင်ရေ ၅၀၀၀၀ နှင့် ထိုင်းငါးခုံးမကြီးသားပေါက် ကောင်ရေ ၅၀၀၀၀ တို့ကို မျိုးစိုက်ထည့်ကြောင်း သိရသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲသို့ ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦး၊ ပြည်နယ် ဥပဒေချုပ်၊ ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစုံမှိုင်းနှင့် ဝန်ထမ်းများ၊ ပြည်နယ်/ခရိုင်/မြို့နယ်များမှ ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်မှုကော်မတီဝင်များ တက်ရောက်၍ ဆည်အတွင်းသို့ ငါးမျိုးများ စိုက်ထည့်ကြသည်။ လှိုင်းဘွဲ့မြို့နယ်အတွင်းမှ ဆည်တမံများအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




လှိုင်းဘွဲ့မြို့နယ်ရှိ ရေဘုတ်ဆည်အတွင်းသို့ ငါးမျိုးများ စိုက်ထည့်စဉ်။

# အပိုဝင်ငွေရရှိစေရန် ကြားသီးနှံအဖြစ် ကီလိုမာလကာပင်များကို တွဲဖက်စိုက်ပျိုးသင့်

**ရန်ကုန် ဇွန် ၂၆**

နှစ်ရှည်ပင်များကို စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နေကြသူများ အနေဖြင့် အပိုဝင်ငွေရရှိစေရန် ကြားသီးနှံအဖြစ် ကီလိုမာလကာသီးပင်များကို တွဲဖက်စိုက်ပျိုးသင့်ကြောင်း လက်တွေ့စိုက်ပျိုးရေးလုပ်နေသည့် တောင်သူများ၏ အကြံပြုချက်များအရ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဂျီးဖြူတောင်ပေါ်ဒေသ၌ နှစ်ရှည်ပင် ရော်ဘာနှင့် ကျွဲကောတို့နှင့်အတူ ကီလိုမာလကာသီးပင်များကို ကြားညှပ်စိုက်ပျိုးထားသူ ဦးစည်သူက "ရော်ဘာပင်စိုက်တဲ့အခါ မာလကာသီးပင်နဲ့ ကြားညှပ်စိုက်လိုက်တယ်။ ကျွဲကောပင်စိုက်တဲ့အခါလည်း ကြားညှပ်စိုက်လိုက်တယ်။ ကျွဲကောပင်က ခြောက်နှစ်လောက်မှ အသီးစားရတယ်ဆိုရင် ကြားထဲက မာလကာပင်က အရင်စားနေရပြီလေ။ နှစ်ရှည်ပင်မှန်သမျှနဲ့ ကြားညှပ် စိုက်သင့်ပါတယ်။ ခုနစ်နှစ်၊ ရှစ်နှစ်လောက်မှ အသီးတင်တဲ့ အပင်မျိုးဆို မာလကာပင်ကျတော့ ဒီနှစ်စိုက်ရင် နောက်နှစ် ငွေပေါ်တာကြောင့် ကြားညှပ်သီးနှံအဖြစ် စိုက်လို့ အဆင်ပြေတာပေါ့။ အလုပ်သမားစရိတ်ကျေပြီး ငွေလည်ပတ်တာပေါ့။ နှစ်ရှည်ပင်က ဝင်ငွေမရခင် မာလကာသီးက ဝင်ငွေရနေမှာပေါ့"ဟု ပြောသည်။

ကီလိုမာလကာသီးပင်များသည် စိုက်ပျိုးပြီးခြောက်လတွင် စတင်အသီးသီးပြီး အချိန်ကာလ တစ်နှစ်ခွဲဝန်းကျင်တွင် စီးပွားဖြစ် ခူးဆွတ်ရောင်းချနိုင်သဖြင့် ကြားသီးနှံအဖြစ် စိုက်ပျိုးထားပါက အရန်ဝင်ငွေရရှိစေနိုင်ခြင်း ဖြစ်သည်။

"ရော်ဘာပင်က ပင်ကြား ၁၀ ပေ၊ တန်းကြား ပေ ၂၀ စိုက်တယ်လေ။ ဒီတော့ တန်းကြား ပေ ၂၀ မှာ ကြားညှပ်ပြီး မာလကာသီးပင်ကို ထည့်စိုက်လို့ရတယ်။ ကျွဲကောပင်ဆိုရင်လည်း ပေ ၂၀ ပတ်လည်စိုက်တော့ ကျွန်တော်တို့က အဲဒီ ပေ ၂၀ ပတ်လည်ကြားထဲမှာ မာလကာသီးပင်ကို ထည့်စိုက်လိုက်တယ်။ မာလကာသီးပင်က ပြုစုစောင့်ရှောက်ရတာလည်း မခက်ခဲဘူး။ မိုးဦးကျကာလမှာ ဥပိုးနဲ့ မှိုနည်းနည်းပါးပါး ကျတတ်တာပဲရှိတယ်။ ဒါတောင်မှ ကျွန်တော်တို့ တစ်ခါမှ ဆေး မဖျန်းရဖူးသေးဘူး။ ကီလိုမာလကာသီးပင်က သူ့ဟာနဲ့သူ အကြမ်းခံ ရှင်သန်နေတာပါပဲ"ဟု ၎င်းက ဆက်ပြောသည်။

ကီလိုမာလကာသီးပင်များကို စီးပွားဖြစ် စိုက်ပျိုးရာတွင် ပင်ကြားတန်းကြား ၁၀ ပေ x ၁၂ ပေ အနေအထားဖြင့် ထားရှိစိုက်ပျိုးပါက တစ်ဧကလျှင် ၃၆၃ ပင်အထိ ဝင်ဆံ့ကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**

*စာမျက်နှာ ၂၀ မှ*

စီးပွားဖြစ်ရန် ခက်ခဲပါသည်။

၃။ ဟီရိဩတ္တပ္ပလို့ခေါ်သည့် အရှက်အကြောက်တရားနှစ်ပါး ကင်းသည့်နေရာတွင် မနေသင့်ပါ။ အရှက်တရားအကြောက်တရား မရှိလျှင် လူနှင့် တိရစ္ဆာန်အတူတူ ဖြစ်သွားပါသည်။ ရိုင်းပျမှုတွေ ကြီးစိုးပါမည်။ ရာဇဝတ်မှုများ ထူပြောပါမည်။

၄။ သဘာဝဘေးအန္တရာယ် ပေါများသည့်နေရာတွင် မနေသင့်ပါ။ မြေတွေ ပြိုနိုင်သည့် နေရာ၊ ငလျင်တွေ ခဏခဏလှုပ်သည့် နေရာ၊ မုန်တိုင်းတွေ ခဏခဏ ဝင်သည့် နေရာ၊ ရေကြီးလေ့ရှိသည့် နေရာများသည် စီးပွားဖြစ်ရန် ခက်ခဲ၍ မနေသင့်သည့် အရပ်ဖြစ်ပါသည်။

၅။ လေ့လာသင်ကြားခြင်း မရနိုင်သည့်နေရာသည် မနေသင့်သည့် အရပ်ဖြစ်ပါသည်။ ခေတ်စကားနှင့် ပြောရလျှင် အင်တာနက်မရသည့်နေရာတွင် မနေသင့်။ အဘယ့်ကြောင့်ဆိုသော် ယနေ့ခေတ်သည် အသိပညာခေတ် ဖြစ်ပါသည်။ ဆင်းရဲတာ ရှက်စရာ မဟုတ်ပါ။ အသိပညာ ဆင်းရဲလျှင် ရှက်စရာကောင်းသည့်ခေတ် ဖြစ်ပါသည်။ နေ့စဉ် စဉ်ဆက်မပြတ် အသိပညာ၊ အတတ်ပညာများ လေ့လာဆည်းပူးနေရန် လိုပါသည်။

၆။ ဆရာသမားကောင်းများ မရှိသည့်နေရာတွင် မနေသင့်ပါ။ ဆရာသမားများက ကျွန်တော်တို့ ပြောဆိုပြုမူဆောင်ရွက်ချက်များ၏ အမှန်၊ အမှားကို လမ်းညွှန်နိုင်ပါသည်။ ကုသိုလ်၊ အကုသိုလ်ကို ခွဲခြားပြနိုင်ပါသည်။

နိဂုံးချုပ်အားဖြင့် ယခုတင်ပြခဲ့သည့် ခြောက်နေရာကို ရှောင်ရှားနိုင်လျှင် မင်္ဂလာတရားတော်နှင့်ညီသော အရပ်ဒေသတွင် နေခြင်းဖြစ်၍ စီးပွားဥစ္စာများ တိုးတက်ပြီး အောင်မြင်မှုကို ရယူပိုင်ဆိုင်နိုင်ပါမည်။

**"မှတ်သားစရာ"**

**-သင့်တင့်လျောက်ပတ်သော အရပ်ဒေသများတွင် နေထိုင်၍ အသိပညာ အတတ်ပညာများ နေ့စဉ်လေ့လာသင်ကြားခြင်းဖြင့် အောင်မြင်မှုကို ... ရနိုင်ပါသည်။** ။

# ကွန် ချက် တစ် ခု

## ချစ်နိုင်(စိတ်ပညာ)

**ချစ်စွာသောတူမောင်**
**ရွှင်လန်းချမ်းမြေ့ပါစေ . . .**

### ပဏာမ

ဆရာအောင်သင်းရေးတဲ့ စဉ်းစားစရာလေးတွေဆိုတဲ့ စာအုပ် (၂၀၀၂ ခုနှစ် ဇွန်လထုတ်)မှာ အောက်ပါအတိုင်း ရေးသားထားတာကို ဖတ်ရှုရပါတယ်-

“ပြဿနာတစ်ခုကို ဖြေရှင်းဖို့ ကြုံလာတဲ့အခါ သက်ဆိုင်ရာ အခြေခံအချက်အလက်တွေကို ပြည့်ပြည့်စုံစုံမသိသေးဘဲ အရမ်းလုပ်လို့ မဖြစ်နိုင်ဘူးမဟုတ်လား။ ဒီအချိန်မှာ ချင့်ချိန်ရမှာပဲပေါ့။ အကုန်လုံးကို တစ်စမကျန် သိနေပြီဆိုရင် ဘာမှ ချင့်ချိန်နေစရာ မလိုတော့ဘူး။ လုပ်ချင် လုပ်၊ ဆုတ်ချင် ဆုတ်၊ အလွယ်တကူ ဆုံးဖြတ်လို့ရတယ်။ ဆိုကြပါစို့၊ စစ်ဗိုလ်တစ်ယောက်က ရန်သူတပ်နဲ့ရင်ဆိုင်ဖို့ ပြဿနာ ပေါ်လာပြီဆိုရင် အခြေခံ အချက်အလက်တွေကို စုဆောင်းရတော့မယ်။ ရန်သူအင်အား ဘယ်လောက်ရှိသလဲ။ ဘယ်လိုလက်နက်မျိုးတွေ ကိုင်ထားတာရှိသလဲ။ ရန်သူတွေရဲ့ ကျည်ကွယ်မျက်ကွယ် မြေပြင် အနေအထား၊ ရန်သူရဲ့စိတ်ဓာတ် စတာတွေကို အားလုံးသိနေအောင် စုံစမ်းထားပြီး ကိုယ့်အင်အားနဲ့ ချိန်ဆကြည့်ရမှာပေါ့။ အဘက်ဘက်မှာ ကိုယ့်ဘက်က သာလွန်နေရင် တိုက်ပစ်လိုက်ရုံပေါ့။ ဒီလိုမဟုတ်ဘဲ ရန်သူက လက်နက်အင်အား သာနေတယ်။ သို့သော်လည်း ကိုယ့်ဘက်က မြေပြင်အနေအထား ကောင်းနေတယ်။ အလစ်ဝင်တိုက်လို့ ရနိုင်တယ်ဆိုရင်လည်း တိုက်နိုင်တာပဲ။ ဒီလိုမှမဟုတ်ဘဲ ကိုယ့်ဘက်က အဘက်ဘက်မှာ အားနည်းနေတယ်၊ တိုက်ရင် ရှုံးမှာပဲလို့ သိနေရင် ဆုတ်ခွာဖို့ ဆုံးဖြတ်ရတော့မှာပေါ့။ ပြောချင်တာက လိုအပ်တဲ့ အချက်အလက်တွေကို အပြည့်အစုံသိနေရင် ဆုံးဖြတ်ရတာ လွယ်သွားတာပါပဲ”။

### နိဒါန်း

ဆရာအောင်သင်းဟာ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှာ လက်ထောက်ကထိက လုပ်ခဲ့ဖူးတယ်။ မေမြို့(ယခုပြင်ဦးလွင်) စစ်တက္ကသိုလ်မှာလည်း ဆရာလုပ်သွားခဲ့ဖူးတယ်။ ဆရာပေးတဲ့ ဥပမေယျနဲ့ ဆရာရေးတဲ့(အမေးကို ဖြေတဲ့) အထက်ပါ “ပြဿနာဖြေရှင်းနည်း” ဟာ အနှစ်ချုပ်အဖြစ် အတော်ကောင်းပါတယ်။ ယခု ဦးဦးက ပုံစံကျ ပြဿနာဖြေရှင်းနည်းတစ်ခုကို တူမောင်အတွက် ပေးမှာဖြစ်ပါတယ်။ ဆရာဦးအောင်သင်း မိန့်ကြားတဲ့စကားကို ရှင်းလင်းပေါ်လွင်အောင် တစ်ဆစ်စီ ခွဲခြားဖော်ပြတာလို့လည်း ဆိုကောင်းဆိုနိုင်ပါလိမ့်မယ်။

### ရည်ရွယ်ချက်

ပြဿနာတစ်ရပ်ကို ကြုံတွေ့ရင်ဆိုင်ရလို့ ဖြေရှင်းတော့မယ်ဆိုရင် ဦးစွာပထမ ရွေးချယ်ချမှတ်ရမှာက ရည်ရွယ်ချက်ဖြစ်ပါတယ်။ မိမိက ဘာဖြစ်ချင်သလဲ။ ရည်ရွယ်ချက်ကို တိတိကျကျ သတ်မှတ်ရမယ်။ ဝေဝေဝါးဝါး မဖြစ်စေရဘူး။ ရှင်းရှင်းလင်းလင်းဖြစ်ရမယ်။ တတ်နိုင်ရင် စာနဲ့ ရေးချပြီး အခါခါ စစ်ဆေးဖတ်ရှုသင့်တယ်။ ရည်ရွယ်ချက်က တစ်ခုပဲဖြစ်ရမယ်။ နှစ်ခု မဖြစ်ရဘူး။ သုံးခု လေးခု ထားလို့လည်း မရဘူး။ တစ်ခုဖြေရှင်းပြီး နောက်တစ်ခု ဆက်စဉ်းစားချင်ရင်ရတယ်။ ပြဿနာကို ကိုင်တွယ်ရာမှာတော့ အညာဖြစ်တဲ့ အဓိက ရည်ရွယ်ချက် မထွေပြားရဘူး။ ပြတ်ပြတ်သားသား တစ်ခုပဲထား။

### အကျိုးဝင်တဲ့အချက်

ရည်ရွယ်ချက် တိတိကျကျ သိရပြီဆိုရင် ဒါနဲ့အကျိုးဝင်တဲ့ အချက်အလက်တွေကို ကျယ်ကျယ်ပြန့်ပြန့် ရှာဖွေစုဆောင်းရမယ်။ မေးမြန်းစုံစမ်းရမယ်။ ထောက်လှမ်းရယူရမယ်။ လေ့လာစူးစမ်းရမယ်။ သတင်းအချက်အလက်တွေမကျန်အောင်၊ ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် ယူရမယ်။ ဥပမာ ဆိုပါစို့-

(၁) လူအင်အား
(၂) လက်နက်အင်အား
(၃) စိတ်ဓာတ်အခြေအနေ
(၄) တည်နေရာ
(၅) သူတို့ရဲ့ ရည်ရွယ်ချက်
(၆) ပြည်သူလူထုရဲ့ သူတို့အပေါ် သဘောထား
(၇) ခေါင်းဆောင်ရဲ့ အရည်အချင်း၊ အလေ့အထ
(၈) သူတို့ရဲ့ လေ့ကျင့်မှု၊ ကျွမ်းကျင်မှု
(၉) မြေပြင်အခြေအနေ
(၁၀) ချဉ်းလမ်းနဲ့ ရာသီဥတုရဲ့ သဘာဝဖော်ထုတ်ချက်

**❒ ပြဿနာတစ်ရပ်ကို ကြုံတွေ့ရင်ဆိုင်ရလို့ ဖြေရှင်းတော့မယ်ဆိုရင် ဦးစွာပထမ ရွေးချယ်ချမှတ်ရမှာက ရည်ရွယ်ချက်ဖြစ်ပါတယ်။ မိမိက ဘာဖြစ်ချင်သလဲ။ ရည်ရွယ်ချက်ကို တိတိကျကျ သတ်မှတ်ရမယ်။ ဝေဝေဝါးဝါး မဖြစ်စေရဘူး။ ရှင်းရှင်းလင်းလင်းဖြစ်ရမယ်။ တတ်နိုင်ရင် စာနဲ့ရေးချပြီး အခါခါ စစ်ဆေးဖတ်ရှုသင့်တယ်။ ရည်ရွယ်ချက်က တစ်ခုပဲဖြစ်ရမယ်။ နှစ်ခုမဖြစ်ရဘူး။ သုံးခု လေးခု ထားလို့လည်း မရဘူး။ တစ်ခုဖြေရှင်းပြီး နောက်တစ်ခု ဆက်စဉ်းစားချင်ရင်ရတယ်။ ပြဿနာကို ကိုင်တွယ်ရာမှာတော့ အညာဖြစ်တဲ့ အဓိကရည်ရွယ်ချက် မထွေပြားရဘူး။ ပြတ်ပြတ်သားသား တစ်ခုပဲထား။**

ပိုမိုတိကျစေ့စပ်အောင်ပြောရင် စစ်ရေးစစ်ရာ သေနင်္ဗျူဟာကို သုံးသပ်ဆင်ခြင်တဲ့နေရာမှာ အောက်ပါ အချက်အလက်များနဲ့ အခြေခံ စဉ်းစားရလေ့ရှိပါတယ် -

(က) အင်အားနှိုင်းယှဉ်ချက်
(ခ) မြေအနေအထား
(ဂ) ချဉ်းလမ်း
(ဃ) အချိန်နဲ့ အကွာအဝေး
(င) ရာသီဥတု
(စ) ဆက်သွယ်ရေး
(ဆ) ရွှေ့ပြောင်းလွယ်ကူမှု

ကွဲကွဲပြားပြား မှတ်သားမိအောင် သတိပေးလိုက်ချင်ပါသေးရဲ့။ စုဆောင်းရရှိတဲ့ အချက်အလက် FACTS အပေါ်မှာတင် စဉ်းစားရမှာ မဟုတ်ဘူးနော်။ ရည်ရွယ်ချက်ကို လွှမ်းမိုးထိပါးစေမယ့် အခြင်းအရာ FACTORS ကို ရနိုင်သမျှ ထည့်သွင်းစဉ်းစားရမှာ ဖြစ်တယ်။ မကျန်စေရဘူး။ ပြည့်စုံအောင်သိလေ ဆုံးဖြတ်ရတာ မှန်ကန်လေပဲ။

ဖော်ထုတ်ချက်ဆိုတာ ခေါင်းထဲမှာတင် အသေးစိတ် တွေးတော ဆင်ခြင်သုံးသပ်တာပဲ။ စစ်သင်တန်းနဲ့ စစ်ကျောင်းကြီးများမှာတော့ စစ်ရေးသုံးသပ်ချက်ကို အသေးစိတ်ရေးချပြီး လေ့ကျင့်ရတတ်တယ်။ အဲဒီလို ရေးရေးပြီး လေ့ကျင့်ရတော့ အချိန်ကြာတာပေါ့။ ဒါကြောင့် တချို့က သရော်သလိုလို လှောင်သလိုလိုနဲ့ နှိမ်တတ်တယ်။

### ရွေးချယ်

ဖော်ထုတ်ချက်တွေ စုံလင်ပြီဆိုရင်တော့ မိမိလုပ်ဆောင်နိုင်တဲ့ နည်းလမ်းတွေ စဉ်းစားလို့ ရပြီ။

(၁) တိုက်ချင် တိုက်နိုင်တယ်
(၂) ဆုတ်လျှင် ဆုတ်နိုင်တယ်
(၃) တိုက်ပြီး သိမ်းပိုက်ထားရင်လည်း ရတယ်
(၄) တိုက်ပြီး အမြန်ဆုတ်ခွာရင်လည်း ရတယ် စတဲ့ နည်းလမ်းတွေ ရွေးချယ်ခွင့်ရှိလာမယ်။ ကဲ - ကိုယ့်အတွက် အကျိုးအရှိဆုံး၊ အကောင်းဆုံး နည်းလမ်းတစ်ခုကို ရွေးချယ်ရုံပဲပေါ့။ ပြီးပြီလား။ မပြီးသေးဘူး။

### စီမံချက်

အဲဒီနည်းလမ်းကို စီမံချက် ရေးဆွဲချမှတ်ရဦးမယ်။ ဘာတွေ ပါရမလဲ -

(၁) ရန်သူနဲ့ မိမိအခြေအနေ
(၂) ရည်ရွယ်ချက်
(၃) နည်းလမ်း
(၄) အုပ်ချုပ်ထောက်ပံ့မှု အစီအစဉ်
(၅) ကွပ်ကဲမှုနှင့် ဆက်သွယ်ရေး

လူငယ်တွေကိုပြောတာမို့ လူငယ်တွေ စိတ်ဝင်စားလောက်တဲ့ စုံထောက်သဘော စစ်တိုက်တဲ့သဘော နမူနာတွေကို ပြောဆိုရတာ ဖြစ်ပေမယ့် ဘဝသမုဒ်ပြင်ကျယ်ကြီးမှာ ဘယ်လိုပြဿနာမျိုးပဲ ကြုံတွေ့ရသည်ဖြစ်စေ၊ ဒီဖြေရှင်းပုံ၊ ဒီပုံစံ နည်းစနစ်ကတော့ ယေဘုယျ သဘော ဒါပါပဲ။

ပုံစံသဘော

၃ x ၃ = ၉ တဲ့။ အမြောက်အလီဥပမာ။

နွားသုံးကောင်စီပါတဲ့ အုပ်စုသုံးစု ထွက်သွားရင် ကိုးကောင်ဖြစ်ပါတယ်။ လူသုံးယောက်စီပါတဲ့ အဖွဲ့သုံးဖွဲ့ ဝင်လာရင် စုစုပေါင်း လူကိုးယောက် ဖြစ်ပါတယ်။ ရဟန်းသုံးပါးပါတဲ့ အစုအဝေး သုံးစု ကြွချီတော်မူလာရင် စုစုပေါင်း ရဟန်းကိုးပါးဖြစ်ပါတယ်။

ကိန်းဂဏန်းသင်္ချာရဲ့ သဘောကတော့ အခြေခံအနေနဲ့ ၃ x ၃ = ၉ ဆိုတာ ဖော်ပြချက်ပဲပေါ့။ ပစ္စည်းသုံးခုပဲ သုံးပုံ ပုံပုံ။ ကြောင်သုံးကောင်စီ သုံးနေရာရှိရှိ။ အဖြေကတော့ (၉)ချည်းပဲနော်။

### နိဂုံး

အခု တူမောင်ကို ဦးဦးပေးတဲ့ ပြဿနာကိုဖြေရှင်းနည်းဆိုတာ ဟာလည်း အလွယ်ဆုံး အရှင်းဆုံးနဲ့ အဆင့်ဆင့်စဉ်းစားနည်း ဖြစ်ပါတယ်။ ကြိုက်ရင်သုံးကြည့်၊ အကျိုးရှိလိမ့်မယ်။ မကြိုက်ရင် မသုံးနဲ့။ ဦးဦးအကြံပေးတာ လက်မခံလို့ စိတ်မဆိုးဘူး။ မောင့်သဘော။ တစ်ခု ပြောချင်တာက (ဦးဦးတစ်ယောက်ရဲ့ ကိုယ်တွေ့ကို ပွင့်ပွင့်လင်းလင်း တင်ပြရရင်) အဲဒီစဉ်းစားပုံကို အသုံးပြုပြီး အခက်အခဲအမျိုးမျိုးကို ကျော်လွှားအောင်မြင်ခဲ့တယ်ဆိုတဲ့ အချက်ပါပဲကွယ်။

**ချစ်စွာသော**
**ချစ်နိုင်(စိတ်ပညာ)**

ရွှေနိုင်ငံဂျာနယ်
အတွဲ(၁)၊ အမှတ်(၁၁)၊ ၁၆-၈-၂၀၀၂

## ခရမ်းမြို့နယ်၌ ၂၀၂၁ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများ ဆက်လက်ထုတ်ချေးပေးလျက်ရှိ

**ခရမ်း ဇွန် ၂၆**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်အတွင်းမှ တောင်သူများအတွက် ၂၀၂၁ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေများကို ဇွန် ၃ ရက်မှစ၍ မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ ထုတ်ပေးလျက်ရှိရာ ဇွန် ၂၅ ရက်တွင် မြို့မ၊ ပေါက်ပင်နှင့် ဇီးဖြူပင် ကျေးရွာအုပ်စုများရှိ တောင်သူများအတွက် ချေးငွေများ ထုတ်ပေးခဲ့ကြောင်း သိရသည်။

ခရမ်းမြို့နယ်၌ မိုးစပါးစိုက်ပျိုးရန် ၉၄၇၈၆ ဧကရှိရာ တစ်ဧကလျှင် မိုးစပါး ချေးငွေ ကျပ်တစ်သိန်းခွဲနှုန်းဖြင့် ကျပ် သိန်းပေါင်း ၁၄၂၀၀ ကျော် ထုတ်ချေးပေးရန် လျာထားကြောင်းနှင့် ယခင်နှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ အကျေဆပ်ပြီးသည့်တောင်သူများအား ထုတ်ပေးလျက်ရှိကြောင်း၊ ချေးငွေများကို စက်တင်ဘာလကုန်အထိ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်းနှင့် ခရမ်းမြို့နယ်၌ ယနေ့အထိ ကျေးရွာအုပ်စု ၁၄ စုမှ တောင်သူဦးရေ ၈၈၅ ဦး၏ မိုးစပါး ၆၂၄၉ ဧကအတွက် ချေးငွေ ကျပ် ၉၃၇၃ ဒသမ ၅ သိန်းကို ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း ခရမ်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာထံမှ သိရသည်။

**ကိုမင်း(ခရမ်း)**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေ နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့် လစ်လပ်ရာထူးများအတွက်ရေးဖြေစာမေးပွဲ ကျင်းပဖြေဆိုမှု လှည့်လည်ကြည့်ရှုအားပေး



ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေ ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့် လစ်လပ်ရာထူး ရွေးချယ်ပေးရေးအတွက် ရေးဖြေစာမေးပွဲဖြေဆိုမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇွန် ၂၆**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကြော်ငြာစာအမှတ်(၃/၂၀၂၀)ပါ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း ၁၀ ခုမှ ပြန်တမ်းဝင်အရာရှိ အဆင့် စတင်ခန့် လစ်လပ်ရာထူး ၁၉၅ နေရာ ရွေးချယ်ပေးရေး အတွက် ရေးဖြေစာမေးပွဲကို ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက် နှင့်အညီ ဇွန် ၂၆ ရက်နှင့် ၂၇ ရက် တွင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် မော်လမြိုင် မြို့တို့ရှိ စာစစ်ဌာနငါးခု၌ တစ်ပြိုင်တည်း ကျင်းပလျက် ရှိသည်။

**ကြည့်ရှုစစ်ဆေး**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဆွေသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်း၊ ပုဗ္ဗသီရိ မြို့နယ်နှင့် အမှတ်(၂၂) အခြေခံ ပညာအထက်တန်းကျောင်း၊ ဇမ္ဗူ သီရိမြို့နယ် စာဖြေဌာနများသို့ သွားရောက်၍ စာမေးပွဲဖြေဆိုမှု ကို ကြည့်ရှုစစ်ဆေးပြီး ဖြေဆိုသူ များကို အားပေးစကား ပြောကြား သည်။

**လုပ်ငန်းစဉ်များအဆင့်မြှင့်**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ အနေဖြင့် ဝန်ကြီးဌာန / အဖွဲ့ အစည်းအသီးသီးအတွက် လိုအပ် သော အရည်အသွေးမြင့်အရာ ထမ်းများကို ရွေးချယ်ပေးလျက် ရှိရာ နိုင်ငံ့ဝန်ထမ်းပြုပြင် ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ စီမံချက်ပါ ဦးစားပေးနယ်ပယ် တစ်ခုဖြစ်သည့် (Merit-Based) အရည်အချင်းကို အခြေခံ၍ လူမှန်၊ နေရာမှန် (Right Person, Right Place) ဖြစ်စေရေးအတွက် ရွေးချယ်ရေးလုပ်ငန်းစဉ်များကို အဆင့်မြှင့်တင်ဆောင်ရွက်လျက် ရှိရာ ရေးဖြေစာမေးပွဲသို့လာရောက် ဖြေဆိုသူ စုစုပေါင်း ၈၂၀ ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင် ဘဏ်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၂၆**

နေပြည်တော် ဖွံ့ဖြိုးရေးဘဏ် လီမိတက်ဥက္ကဋ္ဌ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင် သည် ယမန်နေ့က နေပြည်တော် ဖွံ့ဖြိုးရေးဘဏ် လီမိတက် တပ်ကုန်းဘဏ်ခွဲကို သွားရောက် စစ်ဆေးသည်။ (ယာပုံ)

အလားတူ ဒုတိယမြို့တော်ဝန် သည် ဇွန် ၂၃ ရက်က နေပြည်တော် ကောင်စီ နယ်နိမိတ်အတွင်းရှိ နေပြည်တော် ဖွံ့ဖြိုးရေးဘဏ်လီမိ တက် ဘဏ်ခွဲများကို လှည့်လည် စစ်ဆေးပြီး ဘဏ်လုပ်ငန်းများ မြန်ဆန်သွက်လက်ရေး၊ မြန်မာ နိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ် ထားသည့် ညွှန်ကြားချက်များနှင့် အညီ ငွေသွင်း၊ ငွေထုတ်၊ ငွေလွှဲ ကိစ္စရပ်များ ချောမွေ့စွာဆောင်ရွက် နိုင်ရေးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ စည်းကမ်းချက်နှင့်အညီ Customer များကို ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်တားဆီးရေး၊ စည်းကမ်းလိုက်နာဆောင်ရွက်စေ ရေး၊ ဘဏ်များ လုံခြုံရေးကိစ္စများ ကို မှာကြားသည်။



ယင်းနောက် ဥတ္တရသီရိ ဘဏ်ခွဲ၊ ပျဉ်းမနားဘဏ်ခွဲ၊ သပြေကုန်းဘဏ်ခွဲ၊ လယ်ဝေး ဘဏ်ခွဲ၊ မြို့မဈေးဘဏ်ခွဲငယ်၊ အာဟာရသုခဈေးဘဏ်ခွဲငယ်နှင့် SME & Apartment Loan Servic-es Centre တို့ကို သွားရောက် စစ်ဆေးခဲ့ပြီး သက်ဆိုင်ရာဘဏ်ခွဲ တာဝန်ခံများ၏ တင်ပြချက်များ အပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးကြောင်း သိရသည်။ **သတင်းစဉ်**

# မင်းဘူး(စကု)မြို့နယ် မယ်ဘော့ကုန်းကျေးရွာ၌ ပျူခေတ် ရှေးဟောင်းပစ္စည်းများ ခင်းကျင်းပြသထား

**မင်းဘူး ဇွန် ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ် မယ်ဘော့ကုန်းကျေးရွာရှိ PAN-HTWAR GALLERY ပြတိုက်ငယ်(Mini Museum)၌ ယနေ့ခေတ် လူငယ်များ အသိပညာ ဗဟုသုတ တိုးပွားလာစေရန် ရည်ရွယ်လျက် ပျူခေတ်မှ ရှေးဟောင်း ပစ္စည်းများကို ရှာဖွေစုဆောင်း ခင်းကျင်း ပြသထားကြောင်း သိရသည်။

အဆိုပါ ပြတိုက်ကို မယ်ဘော့ကုန်း ကျေးရွာနေ သမိုင်းသုတေသီ ဦးကျော် စိန်ဝင်း(ကျောင်းအုပ်ဆရာကြီး-ငြိမ်း)က ပျူဒေသ သမိုင်းကြောင်းကို သုတေသန ပြုလုပ်ရန်အတွက် ၁၉၈၃ ခုနှစ်မှ စတင် ကာ ရေဝတီမြစ်အနောက်ဘက် မြစ် ကမ်းတစ်လျှောက် မင်းဘူး(စကု)မြို့နယ် အတွင်းမှ ကျေးရွာများသို့ သွားရောက်၍ ရှေးဟောင်းပစ္စည်းများကို လှည့်လည် ရှာဖွေစုဆောင်းခဲ့ပြီးနောက် သမိုင်းမှတ် တမ်းများကိုပါ လေ့လာပြုစု မှတ်တမ်း တင်ခဲ့ရာမှ ဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ပျူဒေသဟုဆိုလျှင် တောင်တွင်းကြီး မြို့နယ်ရှိ ဗိဿနိုး၊ ဟန်လင်းနှင့် သရေ ခေတ္တရာတို့မှာ ကျော်ကြားသော်လည်း ပွင့်ဖြူမြို့နယ်ရှိ လယ်ကိုင်းမြို့ဟောင်း နှင့် မင်းဘူး(စကု)မြို့နယ်တို့သည်လည်း ပျူဒေသများ ဖြစ်ခဲ့သည်။ ထို့ကြောင့် "သုနာပရန္တပျူဒေသ (ခေါ်) ပျူတို့ဌာနေ မင်းဘူးမြေ"ဟူ၍လည်း ရှေးစာဆိုများက မင်းဘူးမြို့ကို တင်စားခေါ်ဝေါ်ကြကြောင်း သမိုင်းအထောက်အထားများအရ သိရ သည်။

သမိုင်းသုတေသီ ဦးကျော်စိန်ဝင်းက "၁၉၉၅ ခုနှစ်နောက်ပိုင်းက ပြခန်းစတင် ဖွင့်လှစ်ခဲ့ပြီး ယနေ့ခေတ် ကျောင်းသား လူငယ်များအနေနဲ့ အသိပညာဗဟုသုတ ရရှိစေရန်နဲ့ မြန်မာစာ၊ မြန်မာ့သမိုင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ကို အမြတ်တနိုး တန်ဖိုးထားပြီး လေ့လာ နိုင်ရန်၊ ကိုယ့်သမိုင်း၊ ကိုယ့်နိုင်ငံ၊ ကိုယ့် လူမျိုးကိုချစ်တဲ့ မျိုးချစ်စိတ်ဓာတ်များ ပေါ်လွင်စေရန်နဲ့ ရှေးဟောင်းပစ္စည်းများ မတိမ်ကော မပျောက်ပျက်သွားအောင် ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်ချက် တွေနဲ့ ပြတိုက်ကို ယနေ့အထိ ဖွင့်လှစ်ခဲ့ တာဖြစ်ပါတယ်"ဟု ပြောသည်။

ပြတိုက်ထဲတွင် ပျူခေတ်မှ အသုံး အဆောင်ပစ္စည်းများ၊ ပုတီးစေ့ မျိုးစုံ၊ အိုးခွက်ပန်းကန်မျိုးစုံ၊ အုတ်ဒီဇိုင်းမျိုးစုံ၊ အိုးခြမ်းပဲ့များ၊ အရိုးအိုးများ၊ ပျူခေတ်က လူသေမြှုပ်နှံရာတွင် အသုံးပြုကြသည့် တန်ဆာဆင်ပစ္စည်းများ၊ ပျူခေတ်မှ သံ လက်နက်/ကြေးလက်နက် ပစ္စည်းမျိုးစုံ စသည်တို့အပြင် မင်းဘူးဒေသ သမိုင်းမှ ထင်ရှားသူ လူပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိ များ၊ နိုင်ငံကျော် ပန်းချီပညာရှင်များ၏ အနုပညာလက်ရာမြောက် ပန်းချီကား များ၊ ကျောက်ခေတ်၊ ကြေးခေတ်၊ သံ ခေတ်၊ ပျူခေတ် ပစ္စည်းများနှင့် ခေတ် အဆက်ဆက် အထင်ကရ ရှေးဟောင်း ပစ္စည်းများ စသည်ဖြင့် ပစ္စည်းအမျိုး အစားပေါင်းများစွာကို ခင်းကျင်းပြသ ထားသည်ကို တွေ့ရသည်။



ပြတိုက်ငယ်အတွင်းမှ ရှေးဟောင်းပျူခေတ်ပစ္စည်းများနှင့် ယနေ့ကာလ နိုင်ငံကျော် ပန်းချီဆရာများ၏လက်ရာ ပန်းချီကားများ။

PANHTWAR GALLERY ပြတိုက် သည် မင်းဘူးမြို့မြောက်ဘက် သုံးမိုင် အကွာ မယ်ဘော့ကုန်းကျေးရွာ အခြေခံ ပညာ အထက်တန်းကျောင်းရှေ့တွင် တည်ရှိပြီး ပြတိုက်အတွင်း၌ ပျူခေတ်မှ အထင်ကရ ရှေးဟောင်းယဉ်ကျေးမှု အနုပညာလက်ရာမြောက် ပစ္စည်းများကို အဓိက ခင်းကျင်းပြသထားကာ ပြတိုက် သို့ မည်သူမဆို လာရောက်လေ့လာနိုင် ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# ရာသီမရွေးသွားလာနိုင်သည့်လမ်းများကြောင့် မြို့ပြနှင့် ကျေးလက် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေမည်

— ချမ်းမြေ့မောင် —

**ရှမ်းပြည်နယ်သည် ရေတံခွန်စိမ့်စမ်းတောစခန်းတောင်စခန်းတို့ဖြင့် သာယာလှပသည့် ပြည်နယ်တစ်ခုဖြစ်သလို တောင်စဉ်တောင်တန်းများကို တောင်ခိုးတဝေဝေဖြင့် မြင်တွေ့ရသူအပေါင်း၏ စိတ်နှလုံးဘဝင်တွင် ငြိမ်းချမ်းမှုကို ခံစားကြရမည်ဖြစ်သည်။ ရှမ်းရိုးမတောင်တန်းဟု ခေါ်ဆိုကြသည့်အတိုင်း ပြည်နယ်တစ်ခုလုံးသည် ရှမ်းကုန်းပြင်မြင့်ပေါ်၌ တည်ရှိသည်။**



ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့နယ် နောင်ငင်း-ဝမ်ဆိုင်း(လွယ်) ကွန်ကရစ်လမ်း။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသအတွင်း၌ ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဆတ်နှင့် မက်မန်းခရိုင်ဟူ၍ ခရိုင်လေးခုပါဝင်ပြီး မြို့နယ် ၁၁ မြို့နယ်၊ ကျေးရွာပေါင်း ၉၃၆ ရွာ တည်ရှိသည်။ အဆိုပါကျေးရွာ ၉၃၆ ရွာအနက် ကျေးရွာ ၃၈၂ ရွာသည် ရာသီမရွေးသွားလာနိုင်ပြီး ၅၄၄ ရွာသည် ပွင့်လင်းရာသီမှ သွားလာနိုင်သည့် လမ်းများဖြစ်သည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း နေထိုင်ကြသော ကျေးလက်နေပြည်သူ ၂၂၀၀၀၀ ကျော်အတွက် မြေသားလမ်း၊ ဆိုင်ကယ်လမ်းတို့ကို ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း၊ ကျောက်ချောလမ်း၊ အမာခံလမ်းများအဖြစ်လည်းကောင်း၊ ကျေးလက်နေပြည်သူများ၏ ကိုယ့်အားကိုယ်ကိုး တည်ဆောက်ထားသော ဝါးတံတား၊ သစ်သားတံတားများကို သဘာဝဘေးဒဏ်ခံနိုင်သော သံကူကွန်ကရစ်တံတားများအဖြစ် လည်းကောင်း ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက အဆင့်မြှင့်တင် တည်ဆောက်ပေးလျက်ရှိသည်။

**မူဝါဒနှင့် ရည်မှန်းချက်**

ကျေးလက်လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်မှန်းချက်ဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနကို ၂၀၁၇ ခုနှစ် ဇူလိုင် ၂၁ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။ ကျေးလက်လမ်း၊ တံတားများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး၊ ကျေးလက်ထုတ်ကုန်များ ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ အမြန်ဆုံးရောက်ရှိရေး၊ ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များအတွက် ကျေးလက်လမ်း ကွန်ရက်များ အသုံးပြု၍ အမြန်ဆုံး ဆက်သွယ်သွားလာနိုင်ရေး၊ အမျိုးသား ပို့ဆောင်ရေး ပင်မစီမံကိန်းကို အထောက်အကူဖြစ်စေရေး စသည့်အချက်များကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။

**မဟာဗျူဟာရည်မှန်းချက်**

ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၏ မဟာဗျူဟာရည်မှန်းချက်မှာ ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံရှိ ကျေးရွာများအားလုံး၏ ၈၀ ရာခိုင်နှုန်းနှင့် နိုင်ငံတွင်းရှိ ကျေးလက်လူဦးရေ၏ ၉၀ ရာခိုင်နှုန်းသည် ရာသီမရွေးသွားလာနိုင်သည့် ကျေးလက်လမ်းများကို အသုံးပြုနိုင်ရန်ဖြစ်ပြီး စာရင်းကောက်ယူထားသည့် ကျေးရွာများအနက် လူဦးရေ ၁၀၀၀ နှင့်အထက်ရှိ ကျေးရွာများကို ၂၀၂၀ပြည့်နှစ်တွင်လည်းကောင်း၊ လူဦးရေ ၅၀၀ နှင့်အထက်ရှိ ကျေးရွာများ၏ ၉၅ ရာခိုင်နှုန်းကို ၂၀၂၅ ခုနှစ်တွင်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ လူဦးရေ ၂၅၀ နှင့်အထက်ရှိ ကျေးရွာများ၏ ၇၅ ရာခိုင်နှုန်းနှင့် လူဦးရေ ၂၅၀ အောက်ရှိ ကျေးရွာ ၅၀ ရာခိုင်နှုန်းတို့ကို ၂၀၃၀ ပြည့်နှစ်တွင်လည်းကောင်း ရာသီမရွေးသွားလာနိုင်သော လမ်းများအဖြစ် ဆောင်ရွက်သွားမည်ဖြစ်သည်။

**အဆင့်မြှင့်တင်ဆောင်ရွက်နေ**

ထိုသို့ဆောင်ရွက်ရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနအနေဖြင့် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်း ၅၅/၁ ဒသမ ၅၄ မိုင်၊ ကွန်ကရစ်လမ်း ၀/၂ မိုင်၊ ကျောက်လမ်း ၁၁၈/၁ ဒသမ ၀၇ မိုင်၊ ဂဝံလမ်း ၅/၇ ဒသမ ၃ မိုင်၊ မြေသားလမ်း ၅၇၄/၆ ဒသမ ၀၇ မိုင်၊ ဆိုင်ကယ်လမ်း ၁၁၃၈/၀ မိုင် စုစုပေါင်း ၁၈၉၂/၁ ဒသမ ၉၈ မိုင်ရှိခဲ့ရာမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်တွင် ကတ္တရာလမ်း ၇၃/၀ ဒသမ ၂၁ မိုင်၊ ကွန်ကရစ်လမ်း ၅/၄ ဒသမ နှစ်မိုင်၊ ကျောက်လမ်း ၁၆၄/၅ ဒသမ ၅၆ မိုင်၊ မြေသားလမ်း ၆၀၆/၁ ဒသမ ၅၃ မိုင်၊ ဆိုင်ကယ်လမ်း ၁၀၃၆/၇ ဒသမ ၁၈ မိုင် စုစုပေါင်း ၁၈၉၂/၁ ဒသမ ၉၈ မိုင်အထိ တိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အတူ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့သည့် လေးနှစ်တာကာလအတွင်း ကတ္တရာလမ်း ၁၇/၆ ဒသမ ၆၇ မိုင်၊ ကွန်ကရစ်လမ်း ၅/၂ ဒသမ ၂ မိုင်၊ ကျောက်လမ်း ၄၆/၄ ဒသမ ၄၉ မိုင်၊ မြေသားလမ်း ၃၁/၂ ဒသမ ၄၆ မိုင် စုစုပေါင်း ၁၀၀/၇ ဒသမ ၈၂ မိုင်နှင့် ကွန်ကရစ်တံတား ၂၃ စင်း၊ ဘေလီတံတား နှစ်စင်း၊ Box Culvert ၁၄၁ စင်း စုစုပေါင်း ၁၆၆ စင်းကို ကျေးလက်နေပြည်သူများအတွက် အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**ဆောင်ရွက်လျက်ရှိသော လမ်း၊ တံတားလုပ်ငန်းများ**

၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကျိုင်းတုံခရိုင်အတွင်း ကျိုင်းတုံ၊ မိုင်းယန်း၊မိုင်းခတ်နှင့် မိုင်းပျဉ်းမြို့နယ်တို့တွင် ကွန်ကရစ်လမ်း ၃/၁ ဒသမ ၂ မိုင်၊ ကျောက်ချောလမ်း ၁၅/၃ မိုင်၊ မြေသားလမ်း ၁၃/၂ မိုင် စုစုပေါင်း ၃၁/၆ ဒသမ ၂ မိုင်နှင့် ကွန်ကရစ်တံတား လေးစင်း၊ Box Culvert နှစ်စင်းတို့ကို အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ ရွာပေါင်း ၁၉၂ ရွာ၊ လူဦးရေ ၉၃၉၆၈ ဦးကို အကျိုးပြုနိုင်မည်ဖြစ်သည်။

အထူးသဖြင့် ကျိုင်းတုံမြို့နယ်အတွင်း ဆောင်ရွက်ပေးလျက်ရှိသည့် နောင်ငင်း-ဝမ်ဆိုင်း(လွယ်) လမ်းသည် ကျိုင်းတုံ- မိုင်းမ-မိုင်းလား လမ်းမကြီးမှ လွယ်လူမျိုးများ အခြေချနေထိုင်ရာ ဝမ်ဆိုင်း(လွယ်)ရွာသို့ ချိတ်ဆက်ထားပြီး ကျေးရွာ ၁၇ ရွာရှိ လူဦးရေ ၅၀၇၅ ဦးကို အကျိုးပြုလျက်ရှိသည်။

ထို့အပြင် ဝမ်ဆိုင်းတောင်ပေါ်ကျေးရွာတွင် စိုက်ပျိုးထားသည့် နှစ်ချို့လက်ဖက်ပင်များသည် နှစ်ပေါင်း ၇၀၀ ကျော် သက်တမ်းရှိပြီဖြစ်၍ ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို)၏ အခြေပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် တင်သွင်းရန် ကြိုးပမ်းလျက်ရှိသည့်အတွက် ပြည်တွင်း/ပြည်ပခရီးသွားများ စိတ်ဝင်စားသော ဒေသတွင်းခရီးသွားလုပ်ငန်း (Community Base Tourism-CBT) အတွက် များစွာ အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်သည်။

အဆိုပါလမ်းသည် ၇/၆ မိုင် ရှည်လျားသော Class(A) အမျိုးအစားလမ်းဖြစ်ပြီး ယခင် မြေသားလမ်းအဖြစ်မှ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်လမ်း ၂/၀ မိုင်၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်လမ်း ၂/၀ မိုင်ကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကျန်ရှိနေသော ၃/၆ မိုင်ကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်လမ်းခင်းရန် လျာထားစီစဉ်ထားပြီးဖြစ်သည်။

တာချီလိတ်ခရိုင်အတွင်း တာချီလိတ်မြို့နယ်၊ မိုင်းဖြတ်မြို့နယ်နှင့် မိုင်းယောင်းမြို့နယ်တို့တွင် ကတ္တရာလမ်း ၃/၇မိုင်၊ ကျောက်ချောလမ်း ၁၀/၄ ဒသမ ၃မိုင်၊ မြေသားလမ်း ၂/၇ မိုင် စုစုပေါင်း ၁၇/၂ ဒသမ ၃ မိုင်နှင့် ကွန်ကရစ်တံတား တစ်စင်း၊ Box Culvert ရှစ်စင်းတို့ကို အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိပြီး ရွာပေါင်း ၉၃ ရွာ၊ လူဦးရေ ၃၄၈၈၄ ဦးကို အကျိုးပြုနိုင်မည်ဖြစ်သည်။

တာချီလိတ်မြို့နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သည့် ယန်းကျောက်-ကော်မယ်လိတ်- မလိပါကော်-ဖတ်ဟိ(အခါ)-ဇေ့လု-ဇေ့လေလန်လမ်းသည် မိတ္ထီလာ - တောင်ကြီး - ကျိုင်းတုံ - တာချီလိတ်လမ်းမကြီးနှင့် မယ်ယန်း - ပါဆာ -စံဖူး လမ်းမကြီးနှစ်ခုကို ချိတ်ဆက်ထားသည့် ဖြတ်လမ်းဖြစ်သည့်အပြင် တာချီလိတ်မြို့နယ်အတွင်း လူဦးရေအများဆုံး နေထိုင်လျက်ရှိသော မိုင်းကိုးကျေးရွာအုပ်စုနှင့် မိုင်းဖုန်း(ခ) ကျေးရွာအုပ်စုနှစ်ခုရှိ ကျေးရွာကိုးရွာကို ဆက်စပ်ဖြတ်သန်းသွားလျက်ရှိပြီး လမ်းဘေးဝဲယာတွင် ရော်ဘာစိုက်ခင်းများ၊ လယ်/ယာစိုက်ခင်းများ စိုက်ပျိုးထားသည့် လမ်းတစ်လမ်းလည်း ဖြစ်သည်။

အဆိုပါလမ်းသည် ၇/၇ မိုင် အရှည်ရှိ Class(A) အမျိုးအစားလမ်းဖြစ်ပြီး ယခင် မြေသားလမ်းအဆင့်မှ ကျေးလက်လမ်းဖွံ့ဖြိုးရေးဌာနအနေဖြင့် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ၅/၀ မိုင်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ၂/၇ မိုင် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ခဲ့သဖြင့် အချက်အချာကျသည့် ကျေးလက်ဒေသတစ်ခုကို အဘက်ဘက်မှ အထောက်အကူဖြစ်စေသည့်အတွက် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ထားသည့် မဟာဗျူဟာ ရည်မှန်းချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

မိုင်းဆတ်ခရိုင်အတွင်းရှိ မိုင်းဆတ်နှင့် မိုင်းတုံမြို့နယ်တို့တွင် ကတ္တရာလမ်း ၂/၄ မိုင်၊ ကျောက်ချောလမ်း ၆/၂ ဒသမ ၃ မိုင်၊ မြေသားလမ်း ၁၈/၁ မိုင် စုစုပေါင်း ၂၆/၇ ဒသမ ၃မိုင်နှင့် Box Culvert ၁၀ စင်းတို့ကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ကျေးရွာပေါင်း ၃၆ ရွာနှင့် လူဦးရေ ၈၇၂၀ ကို အကျိုးပြုနိုင်မည်ဖြစ်သည်။

ထို့အတူ မက်မန်းခရိုင် မက်မန်းမြို့နယ်တွင် ကျောက်ချောလမ်း ၂/၆ ဒသမ ၅ မိုင်၊ မြေသားလမ်း ၆/၀ မိုင် စုစုပေါင်း ၈/၆ ဒသမ ၅ မိုင် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ကျေးရွာပေါင်း ၅၄ ရွာနှင့် လူဦးရေ ၉၅၈၂ ဦးကို အကျိုးပြုနိုင်မည်ဖြစ်သည်။

မဟာဗျူဟာ ရည်မှန်းချက်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအနေဖြင့် ဌာနကွပ်ကဲမှုအောက်ရှိ ကျေးရွာပေါင်း ၉၃၆ ရွာတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်က ရာသီမရွေးသွားလာနိုင်သော ကျေးရွာပေါင်း ၂၅၁ ရွာ (၂၆ ရာခိုင်နှုန်း)သာ ရှိခဲ့သည့်အခြေ



တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ် ယန်းကျောက်-ကော်မယ်လိတ်-မလိပါကော်-ဇေ့လေလန် ကတ္တရာလမ်း

*စာမျက်နှာ ၂၅ သို့*

## ရှုတ်ချလိုက်ကြောင်း

❖ အမှားတွေ ကမ္ဘာပျံ့သွား
အမှန်တရား ခတ်ကွင်းပြင်၊
အိမ်ရှင်က သူခိုးဖြစ်
ဝိုင်းညှစ်ကြအောင်၊
အချိန်ကိုက် အကွက်ဆင်
အရှက်ပင်မရှိကြ၊
မှန်မမှန် နောင်မှရှင်း
နင်းဖို့ ပထမ။

❖ အမှန်ဆိုတာ အခြေအမြစ်နဲ့
ဖွေလှစ်လို့ စနစ်ယှဉ်၊
ထောင့်စေ့အောင် တည်ဆောက်ရင်း
သင်းတို့နောက်တွင်၊
သို့ပေလည်း အကယ်စင်
အမှန်သာလျှင် တံခွန်ထူဆဲ၊
အမှားသည် ရေတစ်ပွက်
ပျက်ရစမြဲ။

❖ ရည်ရွယ်ပုံ အထင်းသား
သတင်းမှား သူ့ထက်ငါ၊
ဟန်ချက်ညီ အချိန်ကိုက်
တိုက်ကွက်ဖော်လာ၊
"ပြည်တွင်း" နှင့် "နိုင်ငံတကာ"
တံဆိပ်သာ ကွဲသော်လည်း၊
ထိပါးကြ အချုပ်အခြာ
ယုတ်မာစွာ တူလက်တွဲ၊
ဇာတ်ပေါင်းကို ခေတ်ဟန်သ
ကပြနေဆဲ။

❖ ကိုယ့်နိုင်ငံ ငြိမ်းချမ်းရေး
တည်ငြိမ်ရေး လိုအပ်စဉ်၊
သို့ကလို လုပ်ရပ်များ
ရှောင်ရှားစေချင်၊
ဆိုးကျိုးတို့ မဆက်ခင်
တွေးဆင်ခြင် ပြုဖို့ကောင်း၊
သင်းတို့တွေ လုပ်သမျှ
ရှုတ်ချလိုက်ကြောင်း...။

ရန်ငြိမ်းအောင်(ပုဗ္ဗသီရိ)

# ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံအတွင်း အကြီးဆုံးရေကူးကန်တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး



**မြစ်ကြီးနား ဇွန် ၂၆**

ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြည်နယ်အတွင်းရှိ မြို့များ ဖွံ့ဖြိုးစည်ပင်၍ သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်နေကြသည့် မြို့နယ်များနှင့် မြို့စည်ပင်သာယာရေးအဖွဲ့များမှ အရာထမ်း၊ အမှုထမ်းများနှင့် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ဇွန် ၂၅ ရက်က တွေ့ဆုံပြီး နိုင်ငံအတွင်း အကြီးဆုံးရေကူးကန် တည်ဆောက်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများနှင့် တွေ့ဆုံပွဲတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က ယခုနှစ်များအတွင်း ကိုဗစ်-၁၉ ရောဂါနှင့် နိုင်ငံရေး အပြောင်းအလဲများကြောင့် စည်ပင်မှ ရသင့်ရထိုက်သည့်အခွန်ငွေများ လျော့နည်းနိုင်သည့်အတွက် မြို့အလိုက် လုပ်ငန်းစီမံကိန်းများကို စိစစ်ရေးဆွဲ ဆောင်ရွက်ရေးနှင့် သတ်မှတ် ဘတ်ဂျက်နှစ်အတွင်း ပြီးစီးရေးကို အလေးထားလိုက်နာဆောင်ရွက်သွားရန် လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဖြစ်သည့်အတွက် မိမိတို့တာဝန်ကျရာမြို့များ ဖွံ့ဖြိုးလာစေရေး တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရန်နှင့် မိမိတို့ဘဝ တိုးတက်ရေးအတွက် ဝန်ထမ်းအချင်းချင်း စည်းစည်းလုံးလုံးဖြင့် လက်တွဲဆောင်ရွက်ကြရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်နယ်ကောင်စီအဖွဲ့ဝင်ဦးတိုင်နဲ့ဆောင်က စည်ပင်သာယာရေးလုပ်ငန်းများ ကြိုးပမ်း ဆောင်ရွက်ရာတွင် ပြည်သူများဆီမှ ကောက်ခံရရှိသည့် အခွန်ငွေများကို ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ သုံးစွဲနိုင်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးနိုင်က ပြည်နယ်အတွင်းရှိ မြို့များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်ခဲ့မှုများ၊ အခွန်အခများ ပြည့်မီစွာ ကောက်ခံရရှိရေး စီမံဆောင်ရွက်နေမှု အခြေအနေများနှင့် စည်ပင်သာယာရေး အဖွဲ့များအတွင်း လိုအပ်ချက်များ၊ အခက်အခဲများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ အမှုဆောင်အရာရှိများ၊ အင်ဂျင်နီယာမှူးများနှင့် ဝန်ထမ်းများက တင်ပြကြကာ ရှင်းလင်းတင်ပြမှုများအပေါ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် မြစ်ကြီးနားမြို့ သီတာရပ်ကွက်တွင် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်လျက်ရှိသော နိုင်ငံအတွင်း အကြီးဆုံးရေကူးကန်ဖြစ်သည့် ရေကူးပြေးလမ်း ၁၀ လမ်းပါ ရေကူးကန် အောက်ခံကြမ်းခင်း slab လောင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို သွားရောက်ကြည့်ရှု စစ်ဆေးကြကာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သတ်မှတ်ချိန်အတွင်း အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ပြီးစီးရေးနှင့် လိုအပ်ချက်များကို ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရေကူးကန်ကို တာဝန်ယူတည်ဆောက်လျက်ရှိသည့် ကုမ္ပဏီတာဝန်ရှိသူများအကြား ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ရေကူးကန်သည် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေ ကျပ်သန်း ၁၉၀၀ ဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး ရေကူးကန်မှာ အလျား ပေ ၁၅၀ ၊ အနံ ၇၅ ပေရှိကာ ရေကူးပြေးလမ်း ၁၀ လမ်းဖြင့် မြန်မာနိုင်ငံတွင် အကြီးဆုံး ရေကူးကန် ဖြစ်ကြောင်းနှင့် အဆိုပါရေကူးကန် တည်ဆောက်ပြီးစီးပါက ရေကူးအကယ်ဒမီပင်မ အဆောက်အအုံတွင် သန့်စင်ခန်း၊ နားနေခန်းများ၊ ပွဲကြည့်စဉ်၊ ဆေးအဖွဲ့၊ ဒိုင်အဖွဲ့၊ ရုံးအဖွဲ့ အခန်းများ၊ Electric Scoll Board ထိန်းချုပ်ခန်း၊ ပြုပြင်ထိန်းသိမ်းရေးအခန်းများဖြင့် ဖွဲ့စည်းထားရှိပြီး ရေကူးကန်အတွင်း ရေသန့်စင်ခြင်းနှင့် အပူထိန်းစနစ်များကိုလည်း ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

ပြည်နယ်
(ပြန်/ဆက်)

စာမျက်နှာ ၂၄ မှ

အနေမှ ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်တွင် ရာသီမရွေးသွားလာနိုင်သော ကျေးရွာပေါင်း ၃၉၂ ရွာ (၄၂ ရာခိုင်နှုန်း) ရှိလာမည်ဖြစ်သဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့သည့် လေးနှစ်တာကာလအတွင်း ကျေးရွာပေါင်း ၁၄၁ ရွာ (၁၆ ရာခိုင်နှုန်း)သို့ တိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထိုသို့ ရာသီမရွေး သွားလာနိုင်သည့် ကျေးလက်လမ်းများအဖြစ် ဖော်ဆောင်ခြင်းဖြင့် လူဦးရေ ၇၉ ရာခိုင်နှုန်း နေထိုင်လျက်ရှိသည့် ကျေးလက်ဒေသသည် မြို့ပြနှင့် ကွာဟမှုနည်းပြီး တစ်ပြေးညီ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်။

**ဆက်လက် အဆင့်မြှင့်တင်မည်**

ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ချမှတ်ထားသည့် မဟာဗျူဟာ ရည်မှန်းချက်နှင့်အညီ ပြည်နယ်အတွင်းရှိ ကျေးရွာများကို ရာသီမရွေး သွားလာနိုင်သော လမ်းကွန်ရက်စနစ် ဖွံ့ဖြိုးတိုးတက်စေရန် ဆက်လက်၍ အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ရာ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၏လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်သည်နှင့်အမျှ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း နေထိုင်လျက်ရှိသော ပြည်သူများ၏ လူမှုစီးပွားဘဝတို့သည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲကေန်ပင်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။



**တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် ဝမ်ခိုကဲ–ဟောင်ကျန့်–ဝမ်ကောင်း–ဝမ်တောင်း (ထပ်လုံစေတီလမ်း) ကတ္တရာလမ်း။**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် –၅၊ နည်းဥပဒေ– ၂၀)**

**မြဝတီမြို့နယ်တရားရုံးတော်၌**

**၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် – ၁၇**

**ဒေါ်မြမြခိုင် နှင့် ဒေါ်တင်တင်ဝင်းပါ –၂**

**တရားလို တရားပြိုင်များ**


မြဝတီမြို့၊ အမှတ်(၃) ရပ်ကွက်၊ အနော်ရထာလမ်းတွင်နေထိုင်သူ (ယခုနေရပ်လိပ်စာမသိ) တရားပြိုင် အမှတ်(၂)ဒေါ်မေလမ်း သိစေရမည်။

သင့်အပေါ်တွင် တရားလိုက မြဝတီမြို့၊ အမှတ်(၃) ရပ်ကွက်၊ အနော်ရထာလမ်း၊ ကွင်းအမှတ် –၁၀ ကြံခင်းစု ၊ ဦးပိုင်အမှတ် (၃၁/ ၄၀၅)၊ ဧရိယာ (၄၀ x ၆၀)ပေရှိ အိမ်နှင့်ခြံမြေကွက်ကို အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စားလှယ်ဖြစ်စေ၊ အခွင့်ရ ရှေ့နေဖြစ်စေ သို့မဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦး ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၁ ခုနှစ် ဇူလိုင် ၆ရက် (၁၃၈၃ ခုနှစ် နယုန်လပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ပါတရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် မြဝတီမြို့နယ် တရားရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် လာရောက်ရန် ပျက်ကွက်ပါက သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် သင်က ထုချေတင်ပြလိုသည့် စာချုပ်စာတမ်းများကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် အပ်နှံ၍ ပို့လိုက်ရမည်။ သင်ကထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် ဇွန် ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဝေဇင်မန်း)
မြို့နယ်တရားသူကြီး
မြဝတီမြို့နယ်တရားရုံး

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



မုစလိန္ဒအိုင်



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက် (၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄. ၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၀ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄. ၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃. ၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၁၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅
(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ကန့်ကွက်နိုင်ပါကြောင်း

ဘားအံမြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ် (၂)၊ ဈေးတန်းအကွက်၊ ဦးပိုင်အမှတ် (၁၁/ခ)၊ ဧရိယာ ၀ဒသမ ၀၇၃ ဧကရှိ ဘိုးဘပိုင်မြေကို ဦးမိုးမြစ်မှ အမည်ပြောင်းလျှောက်ထားလိုသဖြင့် ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကျွန်တော်ဦးမိုးမြစ်ထံ ကြော်ငြာပြီးရက်သတ္တပတ်တစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးမိုးမြစ် (ဖုန်း-၀၉-၅၀၁၄၂၇၀)**
**အမှတ် (၂)ဈေးတန်း၊ ဘားအံမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆)၊ မြရတနာလမ်း၊ မြေကွက်အမှတ် (၁၇၀)၊ မြေအကျယ်အလျားပေ ၆၀xအနံပေ ၆၀ရှိ ပါမစ်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်း နှင့် မြေစီမံခန့်ခွဲမှု(မြေယာဌာန)၏ မြို့မြေစာရင်းတွင် ဦးကျော်နိုင်နှင့် ဒေါ်စန်းစန်းဝင်း အမည်ဖြင့် မှတ်သားတည်ရှိလျက်ရှိပြီး မြေချပါမစ်မူရင်းအပါအဝင် မြေအကျယ်အလျားပေ ၆၀xအနံ ၂၅ပေ ကို ဒေါ်စန်းစန်းဝင်းထံမှ အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဒေါ်သိန်းနှင့် ၎င်း၏ခင်ပွန်း ဦးထွန်းကြိုင်တို့ ကွယ်လွန်သွားသဖြင့် ၎င်းတို့၏အမွေဆက်ခံ ပိုင်ဆိုင်သူများဖြစ်ကြသော ဦးတင်ထွန်း ၁၂/မဂဒ(နိုင်)၀၃၂၄၄၂၊ ဦးလှမြင့် ၁၂/ဒပန (နိုင်)၀၁၁၃၉၄၊ ဦးဖေသိန်း ၁၂/သဃက(နိုင်)၁၀၃၅၂၄တို့နှင့် ကျန်အမွေဆိုင်မောင်နှမများမှ ၎င်းတို့လက်ဝယ်ထားရှိပိုင်ဆိုင်နေထိုင်လျက်ရှိသော ယင်းအိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် အပြီးအပိုင်လက်ရောက် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဝင်း (ခ)ဦးခြိ ၁၂/ဗတထ(ဧည့်)၀၀၀၁၄၅က ရောင်းဖိုး ငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက် အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ် ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**

**ဒေါ်ရီရီသန့် (အလင်္ကာ Law Firm)**
**LL.B, D.B.L, D.M.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ (၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း

အကြောင်းအရာ ။ အငယ်တန်းစာရေး/ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး ရာထူးများရွေးချယ်ခန့်ထားရေးကိစ္စ

၁။ အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မြန်မာ့အာမခံလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး/ဒု လက် ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး ရာထူးနေရာများအတွက် စာမေးပွဲကျင်းပရန်ဆိုင်းငံ့ထားခဲ့သော ရေးဖြေစာမေးပွဲကို မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်)၊ ရန်ကုန်မြို့နှင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးများတွင် အောက်ပါအတိုင်း စာစစ်ဌာနများ သတ်မှတ်၍ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီးစာစစ်ဌာန (မြန်မာ့အာမခံလုပ်ငန်း၊ရုံးချုပ်၊ရန်ကုန်မြို့)
(ခ) မန္တလေးတိုင်းဒေသကြီးစာစစ်ဌာန (မန္တလေးတိုင်းဒေသကြီးရုံး၊မန္တလေးမြို့)
(ဂ) နေပြည်တော်စာစစ်ဌာန (နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့)
(ဃ) ကချင်ပြည်နယ်စာစစ်ဌာန (ကချင်ပြည်နယ်ရုံး၊ မြစ်ကြီးနားမြို့)
(င) ကယားပြည်နယ်စာစစ်ဌာန (ကယားပြည်နယ်ရုံး၊ လွိုင်ကော်မြို့)
(စ) ကရင်ပြည်နယ်စာစစ်ဌာန (ကရင်ပြည်နယ်ရုံး၊ ဘားအံမြို့)
(ဆ) ချင်းပြည်နယ်စာစစ်ဌာန (ချင်းပြည်နယ်ရုံး၊ ဟားခါးမြို့)
(ဇ) မွန်ပြည်နယ်စာစစ်ဌာန (မွန်ပြည်နယ်ရုံး၊ မော်လမြိုင်မြို့)
(ဈ) ရခိုင်ပြည်နယ်စာစစ်ဌာန (ရခိုင်ပြည်နယ်ရုံး၊ စစ်တွေမြို့)
(ည) ရှမ်းပြည်နယ်စာစစ်ဌာန (ရှမ်းပြည်နယ်ရုံး၊ တောင်ကြီးမြို့)
(ဋ) စစ်ကိုင်းတိုင်းဒေသကြီးစာစစ်ဌာန (စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့)
(ဌ) တနင်္သာရီတိုင်းဒေသကြီးစာစစ်ဌာန (တနင်္သာရီတိုင်းဒေသကြီးရုံး၊ထားဝယ်မြို့)
(ဍ) ပဲခူးတိုင်းဒေသကြီးစာစစ်ဌာန (ပဲခူးတိုင်းဒေသကြီးရုံး၊ ပဲခူးမြို့)
(ဎ) မကွေးတိုင်းဒေသကြီးစာစစ်ဌာန (မကွေးတိုင်းဒေသကြီးရုံး၊ မကွေးမြို့)
(ဏ) ဧရာဝတီတိုင်းဒေသကြီးစာစစ်ဌာန (ဧရာဝတီတိုင်းဒေသကြီးရုံး၊ ပုသိမ်မြို့)

၂။ စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားများကို ၂၀/၁၂-၈-၂၀၂၀ရက်တွင် မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်)၌ ထုတ်ပေးခဲ့ပြီး ဖြစ်ပါသည်။ ကတ်ပြားလက်ဝယ်ရှိသူများအနေဖြင့် ၂၉-၆-၂၀၂၂မှ ၂-၇-၂၀၂၂ရက်အထိ နီးစပ်ရာ ရုံးခွဲများတွင်ကတ်ပြားအဟောင်းကို ပြန်လည်အပ်နှံ ပြီး ဖြေဆိုခွင့် ကတ်ပြားအသစ်ထပ်မံထုတ်ယူကြရန်နှင့် ၎င်းဖြေဆိုခွင့် ကတ်ပြားအသစ်ဖြင့်သာ ရေးဖြေစာမေးပွဲကို ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ရေးဖြေစာမေးပွဲဖြေဆိုမည့်သူများအနေဖြင့် မိမိတို့ ကတ်ပြားထုတ်ယူထားသည့် မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်)နှင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲစာစစ်ဌာနများတွင်သာ စာမေးပွဲဖြေဆိုရမည်ဖြစ်ပါသည်။

၄။ ရေးဖြေစာမေးပွဲဖြေဆိုရမည့်နေ့ရက်နှင့် အချိန်ဇယားတို့ကို သက်ဆိုင်ရာစာစစ်ဌာန ရုံးခွဲများ၌ ၈-၇-၂၀၂၂ ရက်တွင် ပြန်လည်ကြေညာပေးသွားမည်ဖြစ်ပါသည်။

| စဉ် | ရုံးချုပ်/ပြည်နယ်/ တိုင်းဒေသကြီး စာစစ်ဌာနများ | ဖုန်းနံပါတ် |
|---|---|---|
| ၁ | မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်)ရန်ကုန်မြို့ | ၀၁၈-၃၇၉၀၈၈ |
| ၂ | မန္တလေးတိုင်းဒေသကြီးရုံး၊ မန္တလေးမြို့ | ၀၂-၄၀၃၉၁၁၉/၀၂-၂၈၃၂၀၀၄ |
| ၃ | နေပြည်တော်ကောင်စီနယ်မြေရုံး၊ ပျဉ်းမနားမြို့ | ၀၆၇-၂၂၅၃၉/၀၆၇-၂၅၈၅၈ |
| ၄ | ကချင်ပြည်နယ်ရုံး၊ မြစ်ကြီးနားမြို့ | ၀၇၄-၂၅၂၂၇၃၆ |
| ၅ | ကယားပြည်နယ်ရုံး၊ လွိုင်ကော်မြို့ | ၀၈၃-၂၂၂၁၃၆၂ |
| ၆ | ကရင်ပြည်နယ်ရုံး၊ ဘားအံမြို့ | ၀၅၈-၂၁၂၀၄ |
| ၇ | ချင်းပြည်နယ်ရုံး၊ ဟားခါးမြို့ | ၀၇၀-၂၁၁၂၇ |
| ၈ | မွန်ပြည်နယ်ရုံး၊ မော်လမြိုင်မြို့ | ၀၅၇-၂၀၂၇၀၅၅ |
| ၉ | ရခိုင်ပြည်နယ်ရုံး၊ စစ်တွေမြို့ | ၀၄၃-၂၃၅၈၄ |
| ၁၀ | ရှမ်းပြည်နယ်ရုံး၊ တောင်ကြီးမြို့ | ၀၈၁-၂၁၂၁၆၆၄ |
| ၁၁ | စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့ | ၀၇၁-၂၁၂၃၉ |
| ၁၂ | တနင်္သာရီတိုင်းဒေသကြီးရုံး၊ ထားဝယ်မြို့ | ၀၅၉-၂၁၂၀၀ |
| ၁၃ | ပဲခူးတိုင်းဒေသကြီးရုံး၊ ပဲခူးမြို့ | ၀၅၂-၂၂၂၁၂၅၁ |
| ၁၄ | မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ | ၀၆၃-၂၅၃၆၃၈ |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီးရုံး၊ ပုသိမ်မြို့ | ၀၄၂-၂၉၀၂၇ |

**မြန်မာ့အာမခံလုပ်ငန်း**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀
## ပြင်ဦးလွင်ခရိုင်တရားရုံးတော်
## ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ် – ၈၄

ဦးထွန်းရင် နှင့် ၁။ ဒေါ်မြမြအေး(ခ)ဒေါ်မြစိန်
၂။ ဦးအောင်ခင်
၃။ ဦးဆန်းဦး
၄။ ဦးဝင်းမင်းသန်း
၅။ ဒေါ်ခင်ခင်ဦး

တရားလို တရားပြိုင်များ

ဒေါ်ခင်ခင်ဦး(ဘ) ဦးကျော်ရွှေ၊ စိန်ပန်းကုန်းကျေးရွာ၊ မတ္တရာမြို့နယ် နေသူ သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးထွန်းရင်က အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု နှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၄ ရက် (၁၃၈၃ ခုနှစ် ဝါဆိုလဆန်း ၆ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ပါသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇွန် ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စန်းသီရိဆွေ)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ကျွန်မ ဒေါ်ခင်မေ (ဘ)ဦးပုလု ၁၀/ မဒန(နိုင်)၀၃၃၆၃၅သည် မော်လမြိုင်မြို့ရှိ နိုတြီပဗ္ဗလစ် ဦးနီနီယု B.A(Law), LL.B ထံတွင် ၅-၇-၂၀၁၈ရက်၌ ဦးရွှေသိန်း၏သား ဦးဇော်လွင် ၇/ မညန(နိုင်) ၀၇၈၃၇၃ ထံသို့ လွှဲအပ်ထားသော ကိုယ်စားလှယ်လွှဲစာ အမှတ် 260G572018ကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မေ**
**၁၀/ မဒန(နိုင်)၀၃၃၆၃၅**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ ပင်းယ ၁၈လမ်း၊ တိုက်အမှတ်(၁၀၃၅)၊မြေ အကျယ်ပေ (၄၀x ၆၀)ရှိ မြေပေါ်တွင် ဆောက်လုပ်ထားသော နှစ်ခန်းတွဲ (၅)ထပ်(RC ) တိုက်၏ မြေပိုင်ဆိုင်မှု အချိုးကျ အပါအဝင် (ခေါင်းရင်း ခြမ်း)ရှိ ဒုတိယထပ်(၃-လွှာ) အကျယ်အဝန်း (၁၈ x၅၄)ပေ၊ အမြင့်(၉)ပေရှိ တိုက်ခန်းတစ်ခန်းနှင့်အတူ တိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ဆွေရည်မွန် ၁၄/ ပသန(နိုင်)၁၆၄၃၃၇ ထံသို့ အထက်ပါတိုက်ခန်း၏ ရောင်းဖိုးငွေများအားလုံးကို တစ်လုံးတစ်ခဲတည်း အပြေအကျေပေးချေ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ခင်ဦး ၁၂/ဥကတ(နိုင်)၁၇၁၅၅၅ကတိုက်ခန်းကို ဝယ်ယူလက်ရောက်ရရှိထားပြီးဖြစ်သောကြောင့် အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ဒေါ်ခင်ခင်ဦးသာလျှင် တစ်ဦးတည်းပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**

**ဒေါ်ရီရီသန့်[ 'အလင်္ကာ' Law Firm]**
**LL.B, D.B.L, D.M.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ် ၅၂၅/ခ၊ မင်းရဲကျော်စွာ ၄လမ်း၊ ၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉- ၄၃၀၆၆၁၆၄၊ ၀၉- ၇၉၆၆၀၀၂၁၇**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)
## ထားဝယ်ခရိုင်တရားရုံးတော်
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် – ၄၁

ဦးတင်စိုး နှင့် ၁။ ဒေါ်မာမာသန်း
၂။ ဦးဇော်သက်

တရားလို တရားပြိုင်များ

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ အမှတ် -၈၆၊ အလယ်လမ်း၊ ခံဝင်းဒပ်ရပ်နေ ဒေါ်မာမာသန်း ပါ-၂ ဦး (ယခုနေလိပ်စာမသိသူ) သိစေရမည်။

သင်တို့အပေါ်၌ဦးတင်စိုးက ကွမ်းသီးခြမ်းခြောက် ရောင်းဖိုးငွေကျပ်(၁၂၄၀၀၀၀၀) (ငွေကျပ်သိန်းတစ်ထောင်နှစ်ရာနှစ်ဆယ့်လေးသိန်း)နှင့် နစ်နာကြေးငွေကျပ် (၂၀၀၀၀၀၀၀) (ငွေကျပ်သိန်း ၂၀၀)ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၆ရက် (၁၃၈၃ ခုနှစ် ဝါဆိုလဆန်း ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်း များနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇွန် ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုးသီရိခိုင်)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**ထားဝယ်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် – ၃

၁။ ဦးမြင့်ကြည် နှင့် ၁။ ဗိုလ်မှူးလှထွန်း
၂။ ဒေါ်လင်းပပမော်မြင့် ၂။ ဒေါ်ချိုချိုဝင်း

တရားလိုများ တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ ဗိုလ်စောနောင်လမ်း၊ အမှတ် (၅၉၁)နေ ဗိုလ်မှူး လှထွန်း (ယခုနေလိပ်စာမသိ) သိစေရမည်။

တရားလိုများက ပဋိညာဉ်အတိုင်း မြေနှင့်အိမ် အရောင်းအဝယ်စာချုပ်အား တရားဝင်မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဇူလိုင် ၅ရက် (၁၃၈၃ ခုနှစ် နယုန်လပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင်အထက်က အမည်ရေးသားပါရှိသူ တရားလိုများ စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇွန် ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်ကျော်သူ)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

